
ဝင်းဦး
ဝတ္ထုတိုများ
WHISPER OF WORDS

မာတိကာ

၁။ ခရစ္စမတ်လက်ဆောင်

၂။ သည်တန်ဆောင်နှင့် ညီမောင်

၃။ စာကလေးတစ်စောင်

၄။ ထုံတုံတုံ အတတ

ခရစ္စမတ်လက်ဆောင်

ကိုယ် လက်ဆောင်ပေးလိုက်ပါတယ် စု။

မနှစ်က ခရစ္စမတ်မှာ ကတိပေးခဲ့တဲ့အတိုင်း ဒီနှစ် ခရစ္စမတ် ရောက်တဲ့အခါကျတော့ ကိုယ့် လက်ဆောင်ကို မပျက်မကွက်ဘဲ စုဆီအရောက် ပို့ပေးလိုက်ပါတယ်။ လက်ဆောင်ကောင်း လက်ဆောင်မွန်ကို ခဏအတွင်းနှုတ်ကတိ ကျွံခဲ့မိတာကြောင့် တစ်နှစ်တာလုံး ဖွေရ ရှာရ ကြံရ ဆရနဲ့ တော်တော်ကြီး ကသိကအောက် ဖြစ်ခဲ့ပြီးမှ ယခုမှပဲ လှလှပပကြီး ပေးလိုက်နိုင်တာကို ကိုယ်က လှိုက်လှဲဝမ်းသာ ပီတိတွေ ဖြာပြီးရင်းဖြာနေတယ်ဆိုရင် စု မယုံချင် ယုံချင်နဲ့ ယုံမှာပါပဲ ထင်ပါရဲ့။

လောကကြီးမှာ မယုံချင်ဘဲနဲ့ ယုံတာ၊မချစ်ချင်ဘဲနှင့် ချစ်တာ၊ မမုန်းချင်ဘဲနှင့် မုန်းတာ တွေဟာ ဟင်းမွှေး သစ်ကျပိုး အမျိုးမျိုး ဆကဲတဲ့ လျှာရင်းမြက်ဟင်းခွက်ကလေး တစ်ခွက်လိုပဲလို့ အဆိုပြုကြတာကို စုကြားဖူးလားဟင်။ ကိုယ့်အဖို့မှာတော့ ဖြစ်ချင်လို့မဖြစ်ရတာထက်၊ မဖြစ်ချင်ဘဲ ဖြစ်ရတာကို ပိုသဘောကျတယ်လေ။ လောက တံထွာမှာ ဖြစ်ချင်တာလည်းမဖြစ်ရ၊ မဖြစ်ချင်တာလည်း ဖြစ်ရဆိုတဲ့ ဆီသယ်မ လက်သုတ်ဖတ် စကားစပ်ကလေး ရှိခဲ့တာ ကြာခဲ့ပြီမဟုတ်လားကွယ်။

ဒီတရား နှစ်ဖြာက လွဲပြီး ဘယ် ပုထုဇဉ်မှ သွေဖီ ခွဲထွက်နိုင်တာ မဟုတ်ဘူး ဆိုတာကို စုတို့ ကိုယ်တို့ လက်ခံ ထားကြရတယ် မဟုတ်လား။ ကိုယ်က ငါစိတ်ကလေး နည်းနည်း များတဲ့ လူမို့ ဖြစ်ချင်တာမဖြစ်ရတဲ့ အတူတူ မဖြစ်ချင်တာကို ဖြစ်ရခြင်းကိုပဲ လွယ်ကွယ်ကူကူ လက်ခံကြည်ဖြူမိတယ် စုရေ။

ကဲ… အဲဒီတော့ ကိုယ်ဟာ မချစ်ချင်ဘဲနဲ့လည်း ချစ်တတ်တဲ့သူရယ်လို့ စု သတ်မှတ် ယုံကြည်တော့မှာလား။

ဒီတော့ မပေးချင်ဘဲ နဲ့လဲ လက်ဆောင်ပေးတဲ့ လူရယ်လို့ သံသယ ဖြစ်တော့မှာလား။ ထားတော့လေ။ဒါတွေဟာ ကိုယ်မပိုင်တဲ့ စုရဲ့ နှလုံးသားနဲ့ ဆိုင်တာမို့ ထွေလာကေလာ ဝေဖန် ဆိုတင်း ငြင်းချက်မထုတ်လိုတော့ပါဘူး။ ပြောမယ့်သာ ပြောရတယ် စုရေ။ လောကကြီးမှာ သံသယ မပါရင် ဆားမပါတဲ့ ဟင်းကိုမြည်းရသလို ပေါ့ပေါ့ပျက်ပျက် ဖြစ်မှာချည်းပဲလို့ ကိုယ် ယုံကြည်ချက် ပြင်းခဲ့မိတယ်။ အရာရာမှာသံသယဆိုတာလေး သိုးကာသီကာ ရှိနေမှ ကောင်းတယ်လို့ ပြောရင် “မခန့်ထရန့် လူကန့်လန့်”လို့ ဘွဲ့ထူးဂုဏ်ထူးတွေ

အမျိုးမျိုး ပေးကြဦးမှာ ထင်ပါရဲ့နော်။ အင်းလေ... ကိုယ့်လက်ဆောင်ကို ရတဲ့ အချိန်မှာ စုဟာသံသယရဲ့ ချစ်စရာ တန်ဖိုးကလေးကို သိမြင် လက်ခံနိုင်ပါလိမ့်မယ်လို့ ကိုယ်ထင်ပါတယ်။

နှင်းတိမ် စိန်လွှာ ဆောင်းနှမရဲ့ ဇာပုဝါပါးပါး၊ ရှမ်းတောင်ပြာတွေပေါ်မှာ ဖြန့်လွှား ကျရောက်လာတဲ့ ရာသီကိုရောက်တိုင်း ကိုယ် အမြဲတမ်း စုကို သတိရနေတော့မှာပါပဲ။ မှတ်မိစရာတွေများမှ သတိရခြင်း ပြီးပြည့်စုံတယ်လို့ဆိုကြတယ် စုရေ။ သတိရခြင်း ကြိမ်ဖန်များလာရင်ဖြင့် “မမေ့နိုင်ဘူး”ဆိုတဲ့ ဝိသေသထူးဟာ ကိုယ့်အသဲဦးမှာနစ်နစ်ကြီး ပန္နက် စွဲနှက်မိပြီလို့ မှတ်တော့ဟေ့။

ကိုယ် မမေ့နိုင်ပါဘူးလေ။

ကိုယ် မမေ့နိုင်သလို စုဘက်ကလည်း မမေ့စေချင်လို့ ပလီပလာ ကလီကမာလေး လုပ်လိုက်တယ်ဆိုပါတော့ကွယ်။

မနှစ်က ဒီဇင်ဘာလ ၂၄ ရက်နေ့မှာ ကိုယ် ရန်ကုန်ကနေပြီး တောင်ကြီးကို ထွက်ခဲ့တယ်။ တောင်ကြီး မပြုဘဲမာန်ကြီးခဲ့တဲ့ ခါချဉ်ကောင် ကိုယ့်ခါးကလေး အားသွေးရင်း ချိန်နဲ့ ခဲ့ရတယ်ဆိုရင် ဟိုတုန်းကတော့ရယ်စရာပဲပေါ့လေ။ ဆင်းဘတ် သဘော်သသား စွန့်စားခန်း ထွက်သလို “အချိုရှာလို့ သကာတွေ့တာပဲဆန်းမှတ်လို့”လို့ စုက ပြောမှာပဲ မဟုတ်လား။

လူတွေဟာလေ နှလုံးသားက စေခိုင်းသမျှကို တစိုက်မတ်မတ်လုပ်လိုက်ပြီးကျမှ “အဘယ်ကြောင့်” ဆိုတာတွေကို ဦးနှောက်နဲ့ ဆွဲထုတ် စိတ်ဖြာ ပြသရင်းအချိန်ဖြုန်းနေတတ်ကြတာပဲ ထင်ပါရဲ့။ အသဲအိမ်က ချစ်“သူခိုး”လေး ထွက်ပြေးခါမှ ဦးနှောက်က“ထိုးကွင်း”ထတဲ့ သဘောမျိုးပါပဲ ထင်ပါရဲ့။

ချစ်ရေး ချစ်ရာနဲ့ ပတ်သက်လာလို့ ရှိရင် ကိုယ့်မှာ အပြစ်ကင်းပါတယ် ဆိုတဲ့ အချက်အလက်ကို မရမကအတည်ပြုချင်ကြတာဟာ သက်သက်မဲ့ ပင်ပန်းမှုကို ရှာတာပါပဲကွယ်။ ကိုယ့်ကိုယ်ကိုယ် သိ၊ ကိုယ်မချိတာကို ကိုယ်နားလည်ရင် မှားတယ်၊ မှန်တယ်ဆိုတာတွေဟာ အရှက် လုံတာထက် ပိုပြီး ဆန်းသမျှ ခြုံတဲ့ဝတ်ရုံလွှာတွေမျိုးလို့ပဲ သဘောထားရမှာ ထင်ပါရဲ့နော်။

ကိုယ့်မှာ ချစ်ရ ခင်ရ တွယ်တာရမယ့်သူဆိုရင် လက်ချိုး ရေနိုင်လောက်အောင်ပဲ နည်းပါးခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့လူမှာ မိတ်ရန်ဆွေရန်ဆိုတာတွေ အလျှံပယ် မရှိနိုင်ဘူးပေါ့။ ကိုယ့်ကိုယ်ကိုယ် ချစ်နေရတဲ့ အထဲကနေပြီး အခြားသူ အပေါ်မှာ မေတ္တာတွေ မျှဝေ နေရတယ်ဆိုတော့လည်း

ဦးရေ များများစားစား အပေါ် ရည်ရော်ခြင်း မပြုနိုင်ဘူးပေါ့။

အဲသလို ကိုယ်မှအပ ခင်ရ မင်ရတဲ့သူ နည်းနည်းကလေးရှိတဲ့ အထဲမှာ သူငယ်ချင်း (ဂျေဘီ) နဲ့ အေမီတို့လည်း အပါအဝင် ဖြစ်ခဲ့ပါတယ်။ ဂျေဘီဆိုတာက အင်္ဂလိပ်စာလုံး အတိုကောက်ပါ။ အရှည်ကို ဆန့်ရမယ်ဆိုရင် မြန်မာမှုပြုပြီမှ သဘောပေါက်မှာပါ။

ကိုယ့်သူငယ်ချင်းဟာ ပေမမီ၊ ဒေါက်မမီ အရပ်အမောင်း သီသီကလေး ရှိတဲ့ စစ်ဗိုလ်လိုလိုကလေး တစ်ယောက်ဖြစ်တယ်။ သူ့ကို ကိုယ်က "ဂျပု" "ဂျပု" လို့ခေါ်တယ်။ သူ့မိန်းမက မြန်မာ အင်္ဂလိပ်ကပြားမကလေး "အေမီ" တဲ့။ အဲဒီတော့ အေမီ နဲ့ ကာရံလိုက်အောင် သူ့ကို ကိုယ်က ဂျေဘီလို့ ခေါ်လိုက်တာပဲကွယ်။ အဲ... သူတို့လင်မယားက တောင်ကြီးရဲ့ တပ်စခန်း တစ်နေရာမှာ ရှိကြတော့ နာတာလူးပွဲ ရောက်ပြီဆိုမှဖြင့် သူတို့ဆီ ရောက်အောင် သွားတတ်တဲ့ အကျင့် ရှိနေလို့မို့ ကိုယ် တောင်ကြီးကို ထွက်ခဲ့ရခြင်း ဖြစ်ပါတယ်။

အေမီရဲ့ ဆွေမျိုးတွေဟာ အင်္ဂလန်ပြည်မှာ ရှိနေဆဲ ဖြစ်တယ်။ အေမီဟာခရစ္စမတ်အချိန် ရောက်တိုင်း သူ့ဆွေမျိုး မိဘတွေကို လွမ်းဆွတ်မှု ပိုကဲတယ်လို့ အဆိုရှိတယ်။ ကိုယ်ရောက်သွားရင် သူ့လွမ်းစိတ်တွေ သက်သာမှု ရတယ်တဲ့။ ဒါကြောင့်မို့ ခရစ္စမတ်ရာသီ ရောက်တိုင်း ကိုယ်အေမီတို့ဆီ ကြွချီရတာပေါ့လေ။ ကိုယ့်ကို မြင်ရင် ဘာကြောင့် သူ လွမ်း စိတ်ပျောက်ရတယ် ထင်သလဲ။

ကိုယ်ဟာ နိုင်ငံစုံ ရောက်ဖူးပြီး နိုင်ငံစုံရဲ့ ကြေးမုံတစ်ချပ်လို အမူအကျင့်၊ အနေအထိုင် အပြောအဆိုများခြားခြားနားနား နေတတ်တဲ့အပြင် နှုတ်ပြောနဲ့ အရုပ်သဘောကို ပြပြထင်ထင် ပုံသဏ္ဍာန် မြင်စေနိုင်တဲ့လူလည်း ဖြစ်တယ်။ ရှင်းရှင်း ပြောရင်တော့ "ဟိုတုန်းက"ဆိုတဲ့ အကြောင်းတွေကို ကိုယ်က မျက်စေ့ထဲပြန်မြင်လာအောင် ဖွဲ့ ဖွဲ့နွဲ့နွဲ့ ပြောတတ်တဲ့ လူမျိုးပါ စုံ။ အင်္ဂလန်မှာ ဆိုရင်လေ... ဆိုတဲ့ အကြောင်းမျိုးကိုလည်းအရိပ်ပြပွဲ ကြည့်ရသလို ခံစားမှု ရှိအောင် ကိုယ် ပြောနိုင်တာမို့ အေမီက ကိုယ့်ကို အမြဲ တမ်းတတဲ့ သဘောပါပဲ။ဒါကြောင့်မို့ ဂျေဘီက တစ်နှစ်တစ်ခါ သူ့မိန်းမ လွမ်းဖျား လွမ်းနာကျတဲ့ ဘေးအန္တရာယ်က ကာကွယ်ပေးဖို့ကိုယ့်ကို ဆင့်ခေါ်စမြဲမို့ ကိုယ်က အခစား ရောက်ရတာပါ။

အဲ... နောက်တစ်ချက်က ရှိသေးတယ်။ လက်ပန်ဖူးချိန်မှာ စိတ်ရူးထတယ် ဆိုပေမယ့် ကိုယ့်အဖို့မှာတော့ချယ်ရီဖူးချိန်မှာ တယ်ပြီး စိတ်ရူး ထတတ်တယ်ကွယ်။ စွဲလမ်း တက်မက်ခြင်း ဆိုတာ ကိုယ်တို့မြန်မာများအဖို့တော့ တဏှာလို့ ခေါ်တယ်။ ချယ်ရီတွေ ဖူးပွင့် မြူးဝင့်လာပြီ ဆိုရင်ပဲ ကိုယ့်စွဲလမ်းတပ်မက်ခြင်းစိတ်တွေ တလူးလူး တလွင့်လွင့် ဖြစ်လာတော့တာပါပဲ စုရေ။

မရိုင်းတရိုင်း ပြောရရင်တော့ ဒီဇင်ဘာ ရောက်ပြီဆိုမှဖြင့် ကိုယ့်တဏှာရူး စိတ်တွေဟာ စုံ့စုံ့ပွပွ မွထ လာပေတော့တယ်ကွယ်။ တဏှာရူးတဲ့အကြောင်းရင်းခံကလေးကြောင့်လည်း ကိုယ် တောင်ကြီးကို ရောက်ရတယ် ဆိုပါတော့။ အဲဒါ ဘာလဲ ဆိုတော့အေမ့်မှာ ခရစ္စမတ် ပွဲတော် ရာသီစာ ချစ်စရာ မိန်းကလေး သူငယ်ချင်းလေးတွေ အများကြီး ရှိတယ်တဲ့။ သူတို့ဟာ ချစ်စရာ့ ယောကျ်ားလေး ကိုယ့်ကို စောင့်နေတတ်ကြတယ်ကွဲ့ ။ ခရစ္စမတ်လည်း မြူးရင်းအချစ်ဓာတ်လည်း ကူးရင်း ဆိုပါတော့ကွယ်။

ကဲ… ဂျော်ဘီနဲ့ အေမီတို့ဟာ သူတို့ မိတ်ဆွေကြီး အဖော်မပါ ဗလာ တစ်ကိုယ်တည်း မဖြစ်အောင် လွန်စွာမှဂရုဓမ္မ စိုက်ကြလေတော့ ကိုယ်ကလည်း ဟိုဆရာတွေ ရေးကြ သားကြသလို မေတ္တာနဲ့ ပတ်သက်လို့အလျားရော၊ အနံရော၊ အမြင့်ရော၊ အသွားရော၊ အပြန်ရော၊ အကျင့်ရော၊ ကုဗ အစုံအလင်နဲ့ သမုဒယဘုံတခွင်မှာ ကျင်လည် လှုပ်ရှားမိတော့တာပေါ့လေ။ အဲဒါနဲ့ ကိုယ် တောင်ကြီးကို သွားရောကွဲ့။

ညက ခရစ္စမတ်အကြို ဓမ္မတေးဆိုတဲ့ အဖွဲ့တစ်သိုက်၊ ကိုယ့်အိမ်ရှေ့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြတော့ကိုယ်က ရှိတဲ့ အရက်ကို တိုက်လွှတ်တယ်။ လွှတ်ပေမယ့် သူတို့က မပြန်ဘူး။ သန်းခေါင်ယံပျော်ပွဲကလေးတစ်ခု ဖန်တီးပြီး ဟီးလေး ဟားလေးနဲ့ အရက်ဆေးကို အရင်းပြုပြီးတော့ သီခြင်း၊ ကခြင်း၊အမူတွေ ပြုကုန်ကြတော့ဟာ လင်းလုရောင်ခြည် အရှေ့ဆီက သီသီ ပြေးလာတဲ့ အချိန်အထိပါပဲ။ တမှေးမှမအိပ်ရတဲ့ ကိုယ်ဟာ စုံစီ နဖာ ဒွာဒရာတွေကို မြန်စွာ ထည့်ပြီး သုတ်သီးသုတ်ပြာနဲ့ပဲ လေယာဉ်ကွင်းကိုပြေးထွက်ခဲ့ရတယ်။ ဟိုရောက်တော့ ထုံးစံအတိုင်း လေယာဉ်ကို မမီတော့ဘူးပေါ့။

သို့ပေမယ့် လုလုပပ စမတ်ကျတဲ့ ဖော်ကာ လေယာဉ်ကြီးကို မမှီတော့မယ့် အတူ၊ ယူဘီအေက ချစ်သူဟောင်းကြီး ဖြစ်တဲ့ ဒါကိုတာကိုပဲ အားကိုးသမှု ပြုရတာပေါ့လေ။ အဲဒီ ဒါကိုတာကိုတောင်မှ စက်ပျက်နေလို့ ဆိုလား မသိပါဘူး။ ပြင်ရင်း ဆင်ရင်း အချိန် ကြန့်ကြာနေလို့မို့ အချိန်မီရုံမျှ အားကိုးအားထား ပြုလိုက်နိုင်တာပါ။ အဲသလို လေယာဉ် စက်ပြင်နေတုန်းမှာ တွေ့ရာလူနဲ့ ကြည်ဖြူမိတ်ဖွဲ့ တတ်တဲ့ ကိုယ့်အကျင့်အတိုင်း လေယာဉ်အဖွဲ့ သားများနဲ့ မိတ်ဖြစ် ဆွေဖြစ် စကားလက်ဆုံကျမိတယ်။ လေယာဉ်မှူးက ကပ္ပတိန်အေးမင်းတဲ့။ တွဲဖက်က သန်းလွင်တဲ့။ လေယာဉ်မောင်းကတော့ ဖော်မော်ဆိုလားပဲ။

“ကျွန်တော့် နာမည် ရစ်ချပ်အောင်ဘုပါ”လို့ ပြောတော့။ ဒီလူတွေက ကိုယ့်ကို ပြုံးစိ ပြုံးစိ ကြည့်ကြတယ်။ လူပုံသားနားရက်နဲ့ မဟားဒယားတွေ လျှောက်ပြောတယ်လို့ ထင်ကြတယ်။ ကိုယ်က “အောင်ဘု” ဆိုတာ

အဖေနာမည်မဟုတ်ဘဲ ကိုယ့်နာမည် ဖြစ်တဲ့အကြောင်း၊ ထပ်မံ အတည်ပြုပြောတော့ကာ ကပ္ပတိန် အေးမင်းဆိုသူကသူ့ နှာခေါင်းနီနီကို ပိုပြီး ရဲတွတ်လာအောင် လက်ညှိုး လက်မနဲ့ ပွတ်ချေပြီး "နေပါဦးဗျ။ ကျွန်တော် ဖတ်ဖူးတဲ့ဝတ္ထုလေး တစ်ပုဒ်ထဲမှာ ဒီနာမည်မျိုး ပါဖူးတယ် ထင်တယ်"လို့ စဉ်းစဉ်းစားစား ပြောပေတယ်။

"ဟုတ်တာပေါ့ဗျ။ တော်တော် ကြာသွားပြီပဲ။ မဂ္ဂဇင်း ဝတ္ထုတိုလေး တစ်ပုဒ်ပေါ့။ အဲဒီထဲမှာ စာရေးဆရာကကျွန်တော့်ကို ဇာတ်လိုက် လုပ်ထားပြီး ရေးထားတာပေါ့ဗျ။ ခင်ဗျား ဖတ်ဖူးသလား"

"မေ့သွားပြီဗျ။ အရင်တုန်းက ဝတ္ထုတွေ ဖတ်ပြီး စိတ်ကူးယဉ်တာမျိုး မရှိတော့ဘူးလေ။ အခုတော့လက်တွေ့လောကမှာ ဖြစ်နေတာမို့"

တော်သေးတာပေါ့ စုရယ်။ နို့ဖြင့် တစ်ချိန်သောအခါက ကိုယ့်အချစ် ဇာတ်လမ်းကို ဘယ်ဟာ အစစ်၊ ဘယ်ဟာအတုရယ်လို့ ခွဲခြမ်း ဝေဖန်သမှု ပြုနေကြမှာကွဲ့ ။ ကိုယ်ကလည်း ကိုယ်ဟာ လက်တွေ့သမား လူပျော်တစ်ယောက် ဖြစ်ကြောင်း ပြောပြရတယ်။ ဟုတ်တာပေါ့စုရယ်။ အတွေးသမားတွေဟာ အဆွေးသမားဖြစ်တတ်ပြီး၊ လက်တွေ့သမားကျမှ လူပျော် လူမော်တွေဖြစ်တတ်ကြတယ် မဟုတ်လားလို့၊ ဒီနေရာမှာ "လူပျော်" ဆိုတဲ့ အသုံးအနှုန်းကို ဟိုဆရာတွေကထောက်ခံတယ်။ တကယ်တော့ "လူပျော်"နဲ့ "လူပွေ"ဟာ တခြားစီ မဟုတ်လားစုရဲ့ ။ ပျော်ပျော်နေတတ်တဲ့လူကို ပွေတတ်တဲ့ လူရယ်လို့ အပေါ်ရံကြော သဘောပိုက်လို့ ဘယ်ဖြစ်ပါ့မလဲ။ ပွေတယ်ဆိုတာက တင်ကြိုစီစဉ်ပြီး ဘဝအရသာကို တခုတ်တရ ရှာကြံတတ်ကြတဲ့ လူစားမျိုးပါ။ ပျော်တတ်တဲ့ လူဆိုတာကတော့ ကျရာမှာဖြစ်သလို ရွှင်ရွှင်ပျပျ ထထကြွကြွနေတတ်တဲ့ လူမျိုးပါ။ ကိုယ် လူပျော်ပါ စုရယ်။ ကပ္ပတိန်နဲ့ သူ့ရောင်းရင်းများဟာလည်း သူတို့ဟာ လူပျော်တွေသာ ဖြစ်ကြောင်း၊ အငုံ့စိတ်နဲ့ ကာကာကွယ်ကွယ်ပြောကြတယ်လေ။ လူပျော်တွေ စုပြီး ခရီး သွားကြရတော့လည်း ပျင်းဖို့ အချိန်ဟာ မရှိတော့ဘူးပေါ့။

ဆောင်းချမ်းဆန်းစ ကာလမှာ ဒါကိုတာ စီးမိတော့ ကိုယ့်မှာလည်း ရေခဲသေတ္တာထဲ ထိုင်လိုက်သွားရသလားလို့အောက်မေ့မိရတော့တယ်။ ခိုက်ခိုက်ကို တုန်လွန်းအားကြီးတာ မခံနိုင်လွန်းတော့ လေယာဉ်မောင်း ဖော်မော်ရဲ့အကူအညီကို တောင်းပြီး ပစ္စည်းထားရာနေရာက သေတ္တာကို ဖွင့်ပြီး ယစ်ရွှေရည် ပုလင်းဆွဲထုတ်ရတော့တာပေါ့။ လေယာဉ်ပေါ်က ရေစင်နဲ့ ရောစပ် ပေးတော့မှပဲ ကိုယ့်ရွှေဘဝင် ထွေးထွေးနွေးနွေးဖြစ်လာရပါတယ်လေ။ သူတို့တတွေဟာ သွားလေရာ အရက် ပါတတ်တဲ့ ကိုယ့်အကျင့်ကို ချင့်ပြီး အံ့သြတကြီးဖြစ်ကြပြန်တယ်။

ကိုယ်က အထီးကျန်သမားတွေရဲ့ မိတ်ဆွေစစ်ဟာ လမ်းမှာ တွေ့ပြီး လမ်းမှာ မေ့တတ်တဲ့လှယမင်းမျိုး ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်လည်း သွားလေရာ ပါတဲ့ ခါးပိုက်ဆောင် အရက်ပုလင်း ကလေးများသာဖြစ်ကြောင်း၊ တဏှာ မရှိရင် ယမကာ ရှိမှ အထီးကျန် ပီသကြောင်း၊ ကိုယ့်ယူဆချက်ကို ပြောပြမှဟုတ်လိုက်လေ၊ ဟုတ်လိုက်လေလို့ ဘဝတူ အယူဝါဒကို အတည်ပြုကြတော့တယ်။

အရက်ဟာ မရှက်ဆေးကို ကောင်းကောင်း ဖော်စပ်ပေးနိုင်လို့ ကိုယ်ဖြင့် အရက်နဲ့ ကင်းပြီး မနေနိုင်အောင်ပါဘဲစုရယ်၊ ရှက်ခြင်းတွေ များလာရင် ကြောက်ခြင်းဘက်ကို ကူးသွားမှာပေါ့။ ချစ်မှု ဝန်တာနဲ့ မကင်းချင်တဲ့ သူဟာရှက်ခြင်း ကြောက်ခြင်းကို ထည့်တွက်လို့ မရဘူးလေ။

လွယ်ကော် လေဆိပ်မှာ မရှက်တတ်တဲ့ ကိုယ်ဟာ ကမ္ဘာလှည့် ခရီးသည် မိန်းကလေး တစ်ယောက်ကိုလူပုံလယ်မှာ ပွေ့ဖက် နမ်းရှုပ်မိတယ်လေ။

စုကတော့ ကိုယ့်ကို ဒီလူကြီးဟာလေ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က အကျင့်တွေကို မပျောက်သေးပါဘူးလို့ကိုယ့်စာကို ဖတ်ရင်းကနေ ပြုံးနေတော့မှာပဲ။ ၁၀ နှစ်ကျော် ကွဲကွာနေတဲ့ သူကို ဖြုံးခနဲ ပြန်တွေ့ရတော့ကိုယ့်မှာ ဣန္ဒြေတွေ သိက္ခာတွေ မထိန်းနိုင် မသိမ်းနိုင် ဖြစ်ခဲ့မိတာကို တောင်းပန်ပါတယ်ကွယ်။ ဖြူဖြူဖွေးဖွေးဂါဝန်တိုမကလေးကို ကိုယ်ဟာ လေယာဉ်ကွင်းပေါ်မှာ လေယာဉ်ဝဲကာနေဆဲမှာပဲ လကြေးပြား ပြတင်းကနေလှမ်းမြင်ရတယ်။ ကိုယ်တို့ ရှမ်းကုန်းမြေမြင့်မှာ အရောင်ရင့်ရင့် ညိုညစ်ညစ်တွေကို ရာသီဥတု ခံနိုင်ရည်ရှိအောင် ဆင်မြန်း ကြစမြဲဖြစ်လေတော့၊ စုကိုဖြင့် အဝေးကပင်မြင် အဝေးကပင် သိပြီး၊ မြန်မာ ညော့်ကလေးလို့ထင်းခနဲ စွဲမှတ်ပြီးသား ဖြစ်ရပါတယ်။

ရစ်ချပ်အောင်ဘုတို့အဖို့ အဖြူမကလေးများဟာ အမြဲတမ်း စိတ်အကြည်ဆေးကို ပေးနိုင်ပေတာမို့ဘယ်သူကလေးပါလိမ့် ဆိုတဲ့ အတွေးအမြင်ကလေးဟာ အသဲနှလုံးကို ဖြုန်းခနဲ တင်းကျပ် ရစ်ပတ်လိုက်တော့တာပဲ။ လွယ်ကော်မြေကို လေယာဉ်ဘီးက အိခနဲ ထိလိုက်တယ်ဆိုရင်ပဲ ကိုယ်ဟာ ထိုင်ခုံကအရင်ထနှင့်ပြီး ဖြစ်ပြီ။ လေယာဉ်တံခါး ဖွင့်ရင်ပဲ ခုန်ဆင်းပြီးသား ဖြစ်ပြီ။

အဲ... အောက်ရောက်တော့မှကြက်ဖကြီးများ ဝဲရစ်သလို အဖြူမကလေး မတ်တပ်ရပ် နေရာနဲ့ မလှမ်းမကမ်းမှာ စက်ဝိုင်းခြမ်း အကွာအဝေးပြုပြီး ဘယ်လို ချဉ်းကပ်ရပါ့မလဲလို့ စဉ်းစားရင်း ဟိုလျှောက်သည်လျှောက် လုပ်နေမိပါ တယ်။ ကပ္ပတိန်အေးမင်းက မန္တလေးကို စောစော ရောက်ချင်ဇောနဲ့ ကုန်ပစ္စည်း အတင်အချကို လောနေတာကိုတောင်ကိုယ့်မှာ မကျေမနပ် ဖြစ်နေမိတယ်။ ဒါပေမဲ့ ကိုယ့်ကို မီးညှိပြီးသား စီးကရက်တစ်လိပ် လာပေးလို့ ပြုံးပြရတယ်။

"စီးကရက်ပေးပြီး မျက်မှန် အငှားတပ်မလားလို့ဗျ"

ကိုယ့်နေကာ မျက်မှန် ထူထူထဲထဲကို သူက မြင်ကတည်းက သဘောကျနေလို့ ရယ်ရယ်မောမောနဲ့ပြောလာတာနဲ့ ကိုယ်လည်း "ဗမာပြည်မှာ တစ်လက်ထဲရှိတာဗျ"လို့ အကြွားစကားနဲ့ ငှားတပ်ခွင့်ပေးလိုက်ပါတယ်။ လား... လား... သူက ကိုယ့်မျက်မှန်ထဲက ခိုးကြည့်တဲ့ အမူအရာအတိုင်း အဖြူမကလေးကိုခိုးကြည့်ပုံ ကြည့်နည်းတွေ နောက်ပြောင်ပြတော့တာကိုး။ ကိုယ့်လိုပဲ ဟိုလျှောက် ဒီလောက် လုပ်လိုက်ကိုယ့်ကို ဘယ်တစောင်း၊ ညာတစောင်း လှည့်လိုက်၊ ဝဲ့လိုက် ဝိုက်လိုက် လုပ်ပြတော့ ကိုယ့်မှာအသံထွက်အောင် ရယ်မိတယ်။

ကိုယ့်ရယ်သံကိုလည်း ကြားရရော အဖြူကလေးက သူ့ လှည်းဘီး မျက်မှန်ကို ဖြုတ်ကြည့်တယ်။ ပြီးတော့ကိုယ့်ဘက်ကို ခပ်သွက်သွက် လျှောက်လာတယ်။ နှုတ်ဖျားကလည်း "ဘုရား... ဘုရား... ဘုပါလားနော်၊ ဘုဟုတ်ပါ တယ်နော်၊ ဘုကို တွေ့ရပြီနော်"လို့ တကြော်ကြော် ခေါ်လာတယ် စုရယ်။

ကိုယ်ကလည်း...

"ဘု ပါလားနော်၊ ဘု ဟုတ်ပါတယ်နော် ဆိုတဲ့ သံချိုအေးကလေးကို ကြားရလျှင် ကြားရချင်း ဆောင်းမြူမြူ နံနက်ချမ်းစမှာ မျက်နှာကို ရေခဲရေနဲ့ အပက်ခံလိုက်ရသူလို အေးခနဲ ဖြစ်သွားမိတယ်။ အစ ပထမမှာတော့သံသယတွေ ဒွိဟတွေနဲ့ လုံးချာလိုက်ပြီး ကတုန်ကယင်၊ ဇဝေဇဝါကြီး ဖြစ်နေမိပါသေးတယ်။

ကိုယ့်နား ပြေးလာတဲ့ သဏ္ဌာန်ကို ပီပီသသလည်း မြင်ရရော အေးရာကနေ နွေး၊ နွေးရာကပူ၊ ရင်ထဲမှာဘလောင်ဆူလာမိပြီး "ဟင်... စု... စု... အံ့စရာ ကောင်းလိုက်တာကွယ်။ ဒီမှာ မမျှော်လင့်ဘဲလာတွေ့ရတယ်"လို့ ပြန်အော်ပြောမိပြီး သူ့အပြေးကို ကိုယ့်အပြေးနဲ့ အချိန်ကိုက် ဆုံတွေ့ပေးလိုက်ပြီးလူရှေ့သူရှေ့မှာပဲ စုရဲ့ တစ်ကိုယ်လုံး သိမ်းကြုံး ပွေ့ဖျက် ဖျစ်ညှစ် နမ်းရှုပ်မိပါတယ်။

"အေးဗျာ မျက်မှန်ကို ကျွန်တော် ယူထားလိုက်ဦးမယ်။ ခင်ဗျား တော်တော်နဲ့ လိုဦးမှာမှ မဟုတ်ဘဲ"

ဒါမျိုးတွေကို နားလည်တတ်တဲ့ အေးမင်းက ကိုယ့်ကို အဲသလို ပြောတော့ ကိုယ်က "အပိုင် ယူလိုက်တော့"လို့ပြောလိုက်မိတယ်စု။ ဟုတ်တယ်လေ။ သူက ကိုယ့်မျက်မှန်ကို လာချွတ်တော့ ကိုယ့်ရုပ်သွင်ကိုစုထင်ထင်ရှားရှား မြင်ခွင့်ရသွားတယ်။ သူနောက်လို့ ပြောင်လို့ ကိုယ် အသံထွက်အောင် ရယ်မိတော့ကိုယ့်ပင်ကိုဟန် ရယ်သံ ခပ်ဆန်းဆန်းကို စု အလွယ်တကူ မှတ်မိ သိရှိစေတယ် မဟုတ်လား။ ကျေးဇူးရှင်ကြီးဖြစ်ပါပေတယ်။ ကျေးဇူးရှင်ကြီးကို ကိုယ်

ခရစ္စမတ်လက်ဆောင်အဖြစ် မျက်မှန် ပေးလိုက်ပြီး ကျေးဇူးရှင်မကလေး စုကိုတော့ခရစ္စမတ် လက်ဆောင် အနမ်းမိုးတွေ တလှေကြီး ပေးလိုက်မိတယ်။

လေယာဉ်ပေါ် ပြန်ရောက်ကြတော့ စုနဲ့ လက်ချင်းမြဲမြဲ ကိုင်ပြီး တွဲထိုင်နေတဲ့ ကိုယ့်ကို ဇော်မော်က လက်တို့ပြီးလာခေါ်တယ်။

"သူက ဘယ်သူလဲဗျ"

"ကမ္ဘာလှည့် ခရီးသည် လေဗျာ"

"ထပ်... ဒါ ခင်ဗျား ပြောမှလား။ ဒါပေမယ့် လွယ်ကော်မှာ ညအိပ်နေတဲ့ ခရီးသည်မျိုး မကြားဖူးဘူး။ ဗမာပြည်မှာသိကျွမ်းဖူးတဲ့ လူရှိလို့ ဝင်သွားလား မသိဘူး"

"သူသိတဲ့ ဗမာပြည်သားဟာ ကျွန်တော် ရစ်ချပ်အောင်ဘု တစ်ယောက်ပါပဲ"

"အင်းလေ... ဒါကြောင့်မို့ မေးရတာပေါ့"

"မေးပါ"

"သူ့နာမည်က..."

"စုလို့ ခေါ်တာ ကြားလိုက်မိတယ် မဟုတ်လား။ အဲဒါက အတိုကောက်ကို မြန်မာမှု ပြုထားတာဗျ။သူ့နာမည်အရင်းက စူစန်နာပေ့ချ်တဲ့ဗျ။ ဩစတြေးလျားက"

"ခင်ဗျားနဲ့ ရင်းနှီးတာ ကြာပလား"

"လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကပဲ"

"ခုထိ မမေ့နိုင်ဘူးဆိုတော့..."

"ချစ်သူတွေ ဖြစ်ခဲ့ကြသကိုးဗျ"

"အဲသလို ဖြစ်ခဲ့ရင် ဗမာပြည် လာတဲ့နောက် ခင်ဗျားကို တိုက်ရိုက် ဆက်သွယ်ဖို့ ကောင်းတာပေါ့ဗျာ။ ဘယ့်နှယ်လွယ်ကော်မှာမှ လာဆုံရတယ်လို့..."

ယောကျ်ားချင်း အတင်းစကားတွေ နှစ်ကိုယ်ကြား ပြောကြားလာခဲ့ကြရာက အဲဒီစကားကို ရောက်တော့ကိုယ့်မှာလည်း သံသယ ကြက်တွန့်ကလေးတွေ ရင်ထဲမှာ အလိပ်လိပ် တက်လာမိတယ်။ စုကို ဘယ်တော့မှပြန်တွေ့ရမယ် မဟုတ်ဘူးလို့

ယူဆထားတဲ့ သူဟာ ပြန်တွေ့ရတော့ အိပ်မက်လို မမြင်ဘူး။ချမ်းမြေ့သုခသမ္ဘဇဉ်မှာ သံသယကလေးတွေ တသွင်သွင် စီးဝင်လို့နေတာဟာ တကယ်ဆန်းပေတာပဲ စုရယ်။ ချစ်ခြင်းမေတ္တာဆိုတာမှာ ရာခိုင်နှုန်းပြည့် ပီတိ မရှိကြဘူးနော်။

ကိုယ်ထင်တော့ ငါစိတ်ကလေးတွေကြောင့်အချစ်ဆိုတာ ဖြစ်ရတယ်။ ဘယ်သူနဲ့မှမခွဲ မဝေချင်တော့ အဆုံးစွန် ပိုင်ဆိုင်ခြင်းဆိုတာကို တောင့်တတယ်။ ပိုင်ပါ့မလားဆိုတဲ့ သံသယကြောင့် ပျော်ရင်း ရွှင်ရင်းက တထင့်ထင့် ဖြစ်ကြတယ်။ ချစ်သံသရာဆိုတာချစ်သံသယကြောင့် ပေါ်ပေါက်လာတယ် ထင်ပါရဲ့။ ကိုယ်လေ အောက်သိ အောက်သက်နဲ့ စုထိုင်နေရာကိုပြန်လာခဲ့ပြီး "စု လွယ်ကော်ကို ဘာကိစ္စနဲ့ လာသလဲဟင်" လို့ ကလေးဆန်ဆန် မေးမိပါတယ်။

အဲဒီတော့ စုက ကိုယ့်မျက်ရည်ကလေးက ဝေ့တဝဲဝဲနဲ့ ငေးကြည့်ရှာပါတယ်။ ပြီးမှ ဝမ်းသာ ဝမ်းနည်း လေသံမြွေမြွေကလေးနဲ့ ရှင်းပြပါတယ်။ ကိုယ့်သည်းချာ နှစ်မွှာဟာ ကျင်ခါမတတ် ခံစားရပြန်ပါတယ် စုရယ်။

ဩော်... ချစ်ခြင်းဆိုတဲ့ ဝေဒနာဟာ လူတွေကို မတ်တတ်က ပြိုလဲပြီး သေပွဲဝင်စေနိုင်သလို အဆန်းတကြယ် အသွယ်သွယ်သော လုပ်ရပ်တွေကိုလည်း အားမာန်အပြည့်နဲ့ လုပ်ဆောင်နိုင်တဲ့ စွမ်းရည်ကို ပေးပြန်ပါတယ် နော်။

ကြည့်စမ်းပါဦး စုရယ်။

တစ်ချိန်တုန်းက ဩစတြေးလျားဆိုတဲ့ တိုင်းပြည်ကြီးမှာ စုနဲ့ကိုယ်တို့ မေတ္တာချင်းဆက် အသက်ချင်းဖလှယ်ချစ်တို့ကျီစယ်ခဲ့ကြဖူးတယ် ဆိုပါတော့။ ဒါပေမယ့် ဘယ်လိုမှ မနီးစပ်နိုင်ခဲ့လို့ ကိုယ့်ရပ် ကိုယ့်ရွာကို ရင်ကလေးတနင့်နင့်နဲ့ ပြန်ခဲ့ကြရတယ်လေ။ ခုဆို ဆယ်စုနှစ် တစ်ခုတောင် စွန်းလို့လာခဲ့ပြီကော။ ရေရော မြေရော အားလုံးဝေးကြတဲ့နောက် အချစ်သွေးဆိုတာမျိုးကလည်း အနည်းနဲ့အများ အေးလောက်ပြီ ဖြစ်တယ်လို့ ကျားတွေးတွေးခဲ့မိပါတယ်စု။ အဲဒီ အတွေးဟာ အခုတော့ မှားနေပြီလေ။ စုက ကိုယ့်ကို မမေ့နိုင်သေးပဲကိုး၊ ကိုယ့်ကိုမြတ်နိုးတွယ်တာ နေသေးတာပဲကိုး။

စုက ဘာပြောသလဲ ဆိုတော့...

"စုလေ အရှေ့တိုင်းပြည်ကို ခရီးထွက်ဖို့ အစီအစဉ် ဆွဲတော့ ဘုရဲ့ ဗမာပြည်ကို ရောက်အောင် ဝင်မယ်။ဗမာပြည် ရောက်ရင် ဘုနဲ့ တွေ့ချင်လည်း တွေ့ရမယ်။ မတွေ့ချင်လည်း ကံတရားအရ လွှဲချင်လွှဲမယ်။ ဒါပေမဲ့လွယ်ကော်က တောင်ကွဲစေတီကို ပထမ အဦးဆုံး ရောက်အောင် ဝင်မယ်ဆိုတာ သန္နိဋ္ဌာန် ချထားခဲ့ပါတယ်။ဘုပြောခဲ့တဲ့ စကားကို ဘု မှတ်မိချင်မှ မှတ်မိမယ်။ စုကတော့ အသဲတစ်နေရာမှာ ယခုထက်ထိသိမ်းထားခဲ့ပါတယ်။ ဘုက ဩစတြေးလျားက

နေပြီး ဗမာပြည်ကို ပြန်ခါနီးတော့ စုကို ပြောတဲ့
စကားမှာတောင်ကွဲစေတီအကြောင်းဟာ အထင်အရှား ပါခဲ့တယ်လေ။ ဘုဟာ စုကို
သမုဒယ သံယောဇဉ်ချည်နှောင်မိပေမယ့် တစ်နေ့ကျ ကွဲကြလိမ့်မယ် ဆိုတာ
ကြိုတင်ပြီးသိနေတယ်တဲ့။

အစွဲအလမ်းလို့ပဲ ဆိုဆိုယုံကြည်ချက်လို့ပဲ ပြောပြော ဘုတို့ တိုင်းပြည်က
လွယ်ကော်ဆိုတဲ့ မြို့မှာ အလယ်တည့်တည့်ကနေပြီးကွဲဟနေတဲ့ တောင်ပူစာ
တစ်ခုမှာ ဘုရားစေတီ နှစ်ဆူတည်ထားတာ ရှိတယ်။
အမည်ကိုလည်းတောင်ကွဲစေတီလို့ ပေးထားတယ်။ ချစ်သူစုံတွဲပဲ ဖြစ်ဖြစ်၊
အချစ်ရည် အချစ်သွေးဝင်စ လူပျိုလူရွယ်တစ်ဦးချင်းပဲဖြစ်ဖြစ် ရောက်ရှိပြီး အချစ်နဲ့
ပတ်သက်လို့ ကြံဆမိရင် ချစ်သူချင်း ကွဲတတ်တယ်တဲ့။

ဘုရားကို ဖူးလို့ ချစ်သူခြင်း ကွဲရတယ် ဆိုတာတော့ ဟုတ်ချင်မှ
ဟုတ်မယ်ပေါ့လေ။ တောင်ကြီး ကွဲနေတာကို အကြောင်းပြုပြီး အဲဒီနေရာ
ရောက်မိရင် အဲသလို ဖြစ်တယ်လို့ အယူတမျိုးလေး တွေရခဲ့ကြတာ ဖြစ်မှာပါပဲ။
ဘုဟာ တောင်ကွဲ စေတီပေါ်ကနေ ချစ်သူ လိုချင်လိုက်တာလို့ အမှတ်မဲ့
တမ်းတမိခဲ့တော့ ချစ်သူနဲ့ ကွဲရမှာပဲလို့အယူတွေ တိမ်းခဲ့တယ် ဆိုပဲလေ။ ဒါကြောင့်
ဆန်းကြယ်တဲ့ အဲဒီ အဓိကရ နေရာကလေးကိုရောက်ဖူးချင်တာဟာ ဘုနဲ့
ကွဲကွာခဲ့ရတဲ့ အဖြစ်ကို မမေ့နိုင်သေးလို့ပဲလို့ ရိုးရိုးပဲ ဝန်ခံလိုက်ပါရစေ ဘုရယ်”

ဟိုတုန်းက စုတစ်ယောက် စိတ်မှ သက်သာရာ ရပါစေတော့ ဆိုပြီး ကြားဖူး
နားဝတွေကို ဥပမာ ဥပမေးယျနဲ့ပြောခဲ့မိတာဟာ အသဲနစ်အောင် ယူဆချက်
ပြင်းသွားတဲ့ စုလေးအဖို့တော့ မမေ့နိုင်စရာ သာဓကလေးဖြစ်နေခဲ့တာပဲနော်။
ဘာပဲဖြစ်ဖြစ် အဲသလို လက်လွတ်စပယ် ပြောခဲ့မိတာကို အခုတော့
ကိုယ့်ကိုယ်ကိုယ်ကျေးဇူးတင်ရမလို ဖြစ်နေပြန်တယ်လေ။ စုသာ တောင်ကွဲစေတီကို
အရောက်မလာရင် ကိုယ်နဲ့ ဆုံတွေ့ဖို့ဟာဘယ်လွယ်ပါ့မလဲ။ ခုလိုကျတော့လည်း
တောင်ကွဲစေတီဟာ ကွဲနေတဲ့ ချစ်သူကို ပြန်ပြီးတွေ့ဆုံပေးစေပြန်တယ်လို့
ပြောရပါလိမ့်မယ် စု။

ကိုယ်ဟာ လူမြင်ကွင်းမှာ မြန်မာ့ ယဉ်ကျေးမှုကို ဆန့်ကျင်ပြီး နမ်းဟယ်၊
ရှုံ့ဟယ် လုပ်ခဲ့ပြီးမှ လေယာဉ်ထဲလူနည်းနည်းကျတော့ စုရဲ့ လက်ကလေးကို
မနာအောင် ဆုပ်နယ်ပြီး ကြည်နူးစိတ်တွေ ဖြာနေမိပြန်တယ်။ချစ်ခြင်း
စေတသိက်များဟာ တယ်ပြီး ထွေပြားတတ်တာပါပဲ စုရယ်။

ပြီးတော့ စုက တိုတိုရှင်းရှင်းနဲ့ လင်းပြလို့ မိတ်ဆွေအများနဲ့ ကမ္ဘာလှည့်ခရီး
ထွက်ခဲ့တယ်။ ဘန်ကောက်မှာအများက ခရစ္စမတ် ကျချင်တယ်။ စုကတော့
ဗမာပြည်မှာ ကျချင်တယ်။ အဲဒီတော့ စုတစ်ယောက်တည်း ဗမာပြည်ကို ရှေ့ပြေး

ကြို့တင် ထွက်လာပြီး သူတို့ အလာကို စောင့်မယ်ဆိုတဲ့ အစီအစဉ်ကို ကိုယ်သိရပါတယ်။စုရဲ့ နောက်ဆုံးတစ်ထောက်ဟာ တောင်ကြီးပဲပေါ့။

ကြံကြံဖန်ဖန် ဆုံမယ့် ဆုံပြန်တော့လည်း အနှစ်တစ်ထောင် ကွဲကွာကြတဲ့ ကိန္နရီ၊ ကိန္နရာတွေ ပြန်ပေါင်းထုပ်ကြရသလိုမို့ ပျော်ရမလို လွမ်းရမလိုပါပဲ စုလေး။ လွယ်ကော်က နေပြီး နောက်တစ်ခါ ဆင်းရပြန်မယ့် လေယာဉ်ကွင်းကတော့ ဟဲဟိုး ဖြစ်ပါတယ်။ဟဲဟိုးမှာ ကပ္ပတိန် အေးမင်းတို့၊ သန်းလွင်တို့၊ ဇော်မော်တို့နဲ့ လမ်းခွဲခဲ့ကြရတယ်။ သူတို့က မန္တလေးမှာခရစ်စမတ်ကျကြမယ်ပေါ့။ ကိုယ်နဲ့ စုကိုတောင် အလိုက်ကန်းဆိုး မသိတဲ့ အေးမင်းက မန္တလေးမှာ ခရစ္စမတ်လိုက်ပြီး ကျပါလားလို့ မရမက ဖိတ်နေသေးတယ်။

စုက ဝင်တဲ့ပြီး “ဗမာပြည်မှာ ဘုနဲ့ စုတို့ အတူတူ နေရမယ့်အချိန်ဟာ အင်မတန်မှ တိုတောင်းမှာမို့ သည်းညည်းခံပါရှင်” ဆိုမှ တဟဲဟဲနဲ့ နောက်ဆုတ်သွားတာကလား။

ဒါကိုတာ လေယာဉ်ကြီး နှင်းတိမ်ဦးက ခြူးဇာအိမ်တွေထဲ တိုးဝင် ပျောက်သွားတာကို ငေးကြည့် ကျန်ရစ်တဲ့ကိုယ်နဲ့ စုတို့က အေးမင်းတို့ ကျေးဇူးရှင်တွေကို မန္တလေး ခရစ္စမတ်ပွဲမှာ ကညာ တမြို့တသိုက်နဲ့ ရတနာပံုဆိုက်ကြပါစေလို့ တိုးတိုးကလေး ဆုတောင်းသမှု ပြုပေးမိကြပါတယ်။ သူတို့တတွေဟာ နိဗ္ဗာန်ကူးတို့အပို့ကောင်းတဲ့သူတွေ မဟုတ်လားကွယ်။

ကိုယ့်ကို ဟဲဟိုးမှာ လာကြိုနေကြတဲ့ ဂျော်ဘီနဲ့ အေမီ စစ်မိုလ် လင်မယားဟာ ကိုယ့်နံဘေးမှာမျက်နှာဖြူမကလေးတစ်ယောက်ပါလာလို့ အံ့သြတကြီး ဖြစ်နေတယ်။ ဒါပေမယ့် သူတို့အဖို့ အတွဲ ရှာပေးဖို့မလိုတော့တာမို့ ပျူပျူငှာငှာနဲ့ လက်ခံကြရှာပါတယ်။ အေမီကဖြင့် သူတို့ သွေးနှောသူမို့ ခရစ္စမတ်ကာလအတွက် ဘိုးဘိုးဆန်တာက ပို့လွှတ်တဲ့ မိတ်ဆွေမကလေး ရတာပဲလို့ ဝမ်းသာမဆုံးဖြစ်ကြပါတယ်။

ပြီးတော့ အေမီက ကိုယ့်နားကို တိုးတိုးကပ်ပြောတယ်။ “စုက လှတယ်နော်” တဲ့။

ကိုယ်က ချစ်ရတဲ့သူမို့ လှတယ်လို့ ထင်ပြီးသားမှာ မိန်းမသားချင်း ချီးမွမ်းခန်း ဖွင့်တော့ ကိုယ့်မှာ အတိုင်းမသိကြည်နူးမိပါတယ် စု။ နှင်းရည် စိုလူးနေတဲ့ စုရဲ့ နှင်းဆီဖူး နှုတ်ခမ်းနှစ်လွှာဟာ တောင်စွယ်မှာ မေးတင်တော့မယ့် နေမင်းနီနီကြီးနဲ့ အလှချင်း ပြိုင်နေပါတယ်။

ဘာပဲပြောပြော စုဟာသြစတြေးလျန်းဆိုပေမယ့်လို့ ဂရိစ်ရယ်၊ အီတာလျံရယ်၊ သြစတြေးလျား တိုက်သားရယ် အချိုးကျသွေးနှောထားလို့

အသားအရေ စိုပြေဝင်းအိလှပြီး တိရိလှပတဲ့ မျက်နှာကျကိုလည်း ဆောင်ထားပြန်ပါတယ်။ပြီးတော့ သူများတကာ အဖြူမတွေလို ကြီးခိုင်ခိုင် ကလန်ကလားမျိုးလို မဟုတ်ပြန်ဘူး။ ပြစ်မျိုးမှဲ့ မထင်တုလွတ်စင်တဲ့ နတ်ရှင်မယ်ကလေးလို့ပဲ ကိုယ် ဆိုပါရစေ။

ပြီးတော့ ပြောရဦးမယ် စုရယ်။ ကြိုတင် စီစဉ်မှု မရှိဘဲနဲ့ မိန်းမ ခိုးလာသလို ကိုယ့်မှာ ဝေတေတေ ကြောင်တောင်များ ဖြစ်နေမိပါတယ်။ ကိုယ် တောင်ကြီးမှာ တည်းခိုနေကျကတော့ စထရင်း ဟိုတယ်မှာပါပဲ။ ကမ္ဘာလှည့် ခရီးသည်တွေလည်း အဲဒီမှာ အတည်း များပါတယ်။ ဒါပေမဲ့ နှစ်ယောက်သား တူတူလာပြီး တူတူတည်းကြတယ်ဆိုတော့ ဂျော်ဇီတို့၊ အေမီတို့ အပေါ်မှာ ဘယ်လောက်ပဲ ရင်းနှီးမှု ရှိစေကာမူ ကိုယ့်မှာရှက်ကိုးရှက်ကန်း မလုံမလဲနဲ့ ထူထူပူပူ ဖြစ်မိသား။ စထရင်းမှာ မတည်းလို့ ဂျော်ဇီတို့ရဲ့ အိမ်မှာပဲတည်းပြန်တော့ကော... အဟင်း...

တစ်ယောက် တစ်ခန်းစီ ဖြစ်ကြမှာအပြင် ပိုမို ထူးခြားလာမှာ မဟုတ်ပြန်ဘူး။ ဒီတစ်ခါမှာကိုယ့်အချစ်မြားကလေးက ပစ်မှတ်ကို တည့်လု တည့်လု ပစ်မလိုနဲ့ မပစ်နိုင်ဘဲ တော်တော်မူသားဟေ့။

သို့ သော်လည်း အမျိုးသားချင်း ယိုင်းပင်းတဲ့ ဂျော်ဇီကြောင့် ကိုယ့်မှာ ညိုမြဘဝက ကင်းဝေးသွားရတယ်။ ဂျော်ဇီက ဥပါယ်တမျည်နဲ့ သူ့အိမ်က ခိုင်းတဲ့ ကောင်ကလေးကို မီးလင်းဖို့ အတွက် ထင်းတွေ ဘာဖြစ်လို့ယူမထားသလဲလို့ ကြိမ်းတယ်။ ညှော်သည်တွေ ညကျ ချမ်းနေတော့မယ်။ စထရင်းမှာ ထင်းမီးအစုံ ရှိရင်တော့ဟိုမှာပဲ တည်းခိုင်းရတော့မှာပဲလို့ သွယ်ဝိုက်ပြီး ဟဲ... ဟဲ... တည့်တည့်ကြီး ပြောတယ်။

ကိုယ်က နားမလည်တဲ့ လူရိုးကလေး ဟန်ပန်နဲ့ "ဂျော်ဇီပဲ ရီဇာ့ဗ် လုပ်ပေးပါ" လို့ ပြောလိုက်ရပါတယ်။

အမှန်ကတော့ စုရယ်... ကိုယ့်ကို တွေ့ချင်လို့ စုက ကိုယ်နဲ့ လိုက်လာပြီ။ ဘယ်ကိုသွားလို့ ဘယ်ကိုပဲ လာလာ၊စုအပေါ်မှာ ဘယ်လိုပဲ ကြံစည် ကြံစည်၊ စုက ဘာပြောမှာလိုက်လို့လဲ။ ကိုယ့်သဘောကို လိုက်လျောမယ်ဆိုတာသိရက်သားနဲ့ ကိုယ်က သိက္ခာတွေ ဆည်ပြီးရင်း ဆည်နေလိုက်တာနော်။

သေသေချာချာ ပြန်စဉ်းစားကြည့်တော့လည်း ကိုယ်ဟာ စုကို မွှန်မွှန်မြတ်မြတ် ထားအပ်တဲ့ လည်ဆွဲ ရတနာကလေးလိုသဘောပိုက်နေလို့ အလွယ်ရတဲ့ သူငယ်မတစ်ယောက်ကို ဆက်ဆံနည်းမျိုးနဲ့ ဆက်ဆံရမှာကိုဝန်လေးနေတယ်လို့ ထင်ပါတယ်။ ဂျော်ဇီတို့ အိမ်က ခရစ္စမတ်ပွဲ ကလေးကတော့ သိပ် သိပ်သည်းသည်း ကျစ်ကျစ်လစ်လစ်ကလေးပါပဲ။သူတို့ မိသားစုရယ်၊ ခင်မင်ရာ ခင်မင်ကြောင်း မိတ်ဆွေ လေးငါး ဆယ်ယောက်ရယ်၊ ခုဆို

ကိုယ်ရယ်၊ စုရယ်ပေါ့။

စမှာက ည ၇ နာရီကျော်မှ ဆိုလေတော့ အချိန်က အများကြီး လိုသေးတာမို့ ကိုယ်နဲ့ စုဟာ စထရင်းဟိုတယ်မှာ ပစ္စည်းပစ္စယကလေးတွေ နေရာချထားပြီးတဲ့နောက် တောင်ကြီး ပတ်ဝန်းကျင်က ကြည့်စရာရှုစရာကလေးတွေကို အတူတကွ လိုက်လံ ကြည့်ရှုကြတယ်။

ရှမ်းပြည်ရဲ့ အလှဟာ ဆောင်းတွင်းကျမှ ပီပီပြင်ပြင် ရှိလှတယ် စုရေ။

စလူမိုးက မြူခိုးတွေ ဝေတာရယ်၊ တောင်ပြာတန်းကို ရစ်သန်း ခြုံလွှမ်းနေတဲ့ နှင်းပေါက်ပေါက်ပန်း တို့ရယ်ပေါင်းစပ်ပြီး ရှုလိုက်တိုင်း၊ မှိုင်းဝေနေတဲ့ ပန်းချီကားတစ်ချပ်ကို ဖန်ဆင်းထားတတ်လှတယ်ကွယ်။ အဲဒီပန်းချီကားထဲမှာ ဘောင်းဘီဝတ်နဲ့ ဂါဝန်ဝတ်တို့က ဆန့်ကျင်ဖက် ပစ္စည်း ဖြစ်နေကြတယ်။

သို့ပေမယ့်ဆန့်ကျင်ဖက် အလှလို့တော့ ခေါ်နိုင်ပါတယ်လေ။ စုဟာ လှမျိုး(စု)ကလေးတစ်ယောက်ပဲ မဟုတ်လား။အဲဒီတော့ စုက ပြောပေလိမ့်မယ်။ ဘုကလဲ လှပါတယ်လို့။ ကိုယ်က ယောကျ်ားပဲကွယ်။ ယောကျ်ား ပီသပြီးမိန်းမတစ်ယောက်ရဲ့ မျက်စိမှာ ကြည့်ကောင်းရင် ပြီးတာပါပဲ။ ချစ်ရင် ကြည့်ကောင်းလာတာပါပဲ လေ။

အဲ…တစ်ခုတော့ ရှိရဲ့ ။ မိန်းမတစ်ယောက်ကို ရင်ခွင်ထဲမှာ ထည့်ထားလောက်တဲ့ ကျယ်ပြန့်တဲ့ ရင်အုပ်ကားကားတော့ ရှိသင့်ပါတယ်။ ကိုယ် စုကို ကိုယ့်ရင်ထဲမှာ အမြဲ ထွေးပွေ့ ထားနိုင်ပါတယ်နော် စုဟုတ်လား။

ဒါပေမဲ့ စုကို ကိုယ် ဒီနေ့အထိ ချစ်စကား မပြောမိသေးဘူးနော်။

“ချစ်တယ်”ဆိုတဲ့ စကားကိုသာ မပြောတာပါလေ။ ကျန်တာကတော့ ရှမ်းပြည်ရဲ့ မြူခြေဆိုင်းတဲ့ ပိတ်ကားပေါ်မှာ ထင်းထင်းရှင်းရှင်းကြီး မြင်ခဲ့ပြီးပြီ မဟုတ်လား။ ဩစတြေးလျားတုန်းက တောင်ကွဲစေတီနဲ့ ပတ်သက်ပြီး ပြောခဲ့တာဟာလည်း ကိုယ်ဘာကြောင့် ချစ်စကား အတိအကျ ခွန်းမဟာခဲ့တယ် ဆိုတာကို သဘောပေါက်အောင်လို့ သွယ်ဝိုက်သောနည်းနဲ့ ပြောတာပါ။ စုကတော့လည်း ကိုယ့်နှုတ်ဖျားက ထွက်တဲ့ စကားမှန်သမျှကို ချစ်စကားချည်း အောက်မေ့နေတော့တာကိုး။ ကေန္တ ကိုယ်က ကိုချစ်စရာကြီး ဖြစ်နေတယ်ထင်ပါ့ ဟင်…။

ကိုယ့်အမူအရာကလည်း ကိုယ့်ကို အမြဲ သစ္စာဖောက်လို့ချည်းနေတာပဲကွယ့်။

အမူအရာရယ်လို့တောင် ပြောရခက်ပါတယ်လေ။ လှသော၊ ချောသော၊

ယဉ်သော မိန်းကလေး တစ်ယောက်ကိုခဏခဏ ဖက်၊ ခဏခဏ နမ်းနေတာဟာ အတွင်းစိတ်နဲ့ အပြင်စိတ် ပဋိပက္ခ ဖြစ်နေရာက ပေါက်ဖွားလာတဲ့လှုပ်ရှားမှုမျိုးမှ မဟုတ်တာဘဲ။ ကိုယ်ကတော့လေ သာယာသော ပတ်ဝန်းကျင်မှာ ချစ်သောသူနဲ့ တွဲယှဉ် တွဲသွားပျော်ပွဲစား ထွက်နေရသလိုမို့ လူလစ်လဲ နမ်းတာပဲ၊ လူမလစ်လဲ နမ်းတော့တာပါပဲ။ ဟိုး တောင်ယာကထဲကရှမ်းထီးကလေးတွေ၊ ရှမ်းမကလေးတွေက ရိုးသား စင်ကြယ်ကြတဲ့သူတွေမို့ ကိုယ်တို့ကို လှည့်စောင်းလို့မှမကြည့်ကြလေလေ ကိုယ်က ကဲလေလေပါပဲ။

ဖွေးဖွေးလှုပ်အောင် အလှသရဖူ ဆောင်းထားတဲ့ ချယ်ရီပင်အောက် ရောက်တော့ ကိုယ်တို့ ငယ်ငယ်ကဆောင်းတွင်းတွေမှာ ဆိုရင် ကျောင်းသင်ခန်းတွေထဲမှာ ချမ်းလို့ စာမသင်ဘဲ ဆရာရော တပည့်တွေရော ချယ်ရီပင်တွေ အောက်မှာ နေပူစာ လှုံရင်း စာသင်ကြရပုံတွေကို စုကို ပြောပြမိတယ်။ ချယ်ရီပန်း မခူးရ ဆိုတဲ့စာတမ်းကို စပြီး ဖတ်တတ်ခဲ့တယ် ဆိုတာက အစပေါ့။ စာတတ်လျှင် တတ်ချင်း ဒီစာတမ်းကို ဖတ်ရတာမို့ချစ်သူတွေကို ကိုယ် ပန်းမပေးတတ်ခဲ့တာလို့ ပြောတော့ စုက “စာဖတ်တတ်တဲ့ လူတွေက မခူးကြပေမယ့်စာမဖတ်တတ်တဲ့ လေနတ်မောင်က သူ့လက်တံရှည်ကြီးနဲ့ သိမ်းကြုံး ခူးယူသွားတော့လည်းကြွေကြရတာပါပဲ”လို့ စာမတတ်သောလေ ဆိုတဲ့ အင်္ဂလိပ် ဝတ္ထုက မှတ်စု မှတ်ရာကလေးကို ကိုးကားပြီးပြန်ပြောတယ်။

ကိုယ် သဘောပေါက်ပါတယ် စုရယ်။ လောကကြီးမှာ ချစ်ပန်း ချစ်ဖူးတို့ကို ကိုယ်က ဘယ်လောက် အမြတ်တနိုးထားစေကာမူ ကိုယ့်လို မထားတဲ့သူ၊ မထားချင်တဲ့ ကာယကံရှင်ဖြစ်သူတွေနဲ့ ကျတော့လည်း တစ်ချိန်ချိန်နဲ့တစ်နေရာရာမှာ အလွယ်တကူ ကြွေကျတတ်ပါပဲလို့ စု ဆိုလိုချင်တယ် မဟုတ်လား။ အဲဒီတုန်းကလေ စုမျက်နှာသေသ်တာဝန်းကို ငေးကြည့်နေမိရင်းက ကိုယ့်မှာ ရင်ထဲက သိချင်တာ မေးချင်တာတွေကို မနည်းကြီး ထိန်းချုပ်ဖိသိပ်ထားရတယ်။

ကိုယ်လေ ကိုယ်ချစ်တဲ့ မိန်းကလေးနဲ့ အတူတူနေရတဲ့ အချိန်ကို သိပ်ပြီး တန်ဖိုးထားတတ်ပါတယ်။

အဲဒီ အချိန်ပိုင်းကလေးမှာ အတိတ်က အရိပ်တို့၊ အနာဂတ်ရဲ့ နိမိတ်တို့ လာပြီး အညွန့်ထိုး စိုးမိုးတာကိုမခံနိုင်ဘူး။ စုရဲ့ အတိတ်ကို ကိုယ် မသိချင်ဘူး။ စုရဲ့ အနာဂတ်ကိုလည်း ကိုယ် မျှော်မကြည့်ချင်ပါဘူး။ကိုယ့်ကိုယ်ကိုယ်လဲ ဒီသဘောပဲ ထားတယ်။ ဒါကြောင့် ဒီ ၁၀ နှစ်အတွင်း ကိုယ့်ဘဝ အပြောင်းအလဲတွေဘယ်လို ရှိခဲ့သလဲလို့ စုက မေးမှာကို ကိုယ်သိပ်ပြီး စိုးရိမ်မိတယ်။ စုကလည်း ကိုယ့်လိုပဲ တစ်ခွန်းမှ မဟမှ ကိုယ်စိတ်ချ လက်ချ ပျော်နိုင်မိတာပါ။

ဘာလုပ်မလဲ စုရယ်နော်။ ပစ္စုပ္ပန်မှာ စုနဲ့ ကိုယ်နဲ့ နှစ်ယောက်ထဲဆိုတာကိုသာကိုယ်က အစစ်အမှန်လို့ ယူဆထားတာပဲ။ ယနေ့ ပျော်ရရင် ပြီးတာပဲ။ နောက်နေ့အတွက် မပူချင်ဘူး။ ပြီးခဲ့တဲ့ဖြစ်စဉ်တွေကိုလည်း နောင်တ တရရ၊ စိတ် တထင့်ထင့် မဖြစ်ချင်ဘူး။ အဲဒါကြောင့် ဟိုအကြောင်း ဒီအကြောင်းရှေးဟောင်း နှောင်းဖြစ်တွေ မေးမိ၊ ပြောမိကြမှာ စိုးလို့ ကိုယ်က အားအားရှိ စုကို ဖက်လို့ချည်း နမ်းမိတာထင်ပါရဲ့။

မရယ်နဲ့ စုလေးရယ်၊ မရယ်ပါနဲ့။ စုရယ်တော့ လှလွန်းလို့ ကိုယ့်မှာ အသည်းတွေ ကြွေရတယ်။ စု ငိုရင်ကော စုငိုတော့လည်း ကြင်နာစရာ ကောင်းလွန်းလို့ ကိုယ့်အသဲတွေ ကြွေရတာပါပဲ။ ပြောမယ့်သာ ပြောရတယ်။ ကိုယ့်မှာ ကြွေစရာ အသဲမှ ရှိသေးရဲ့လား မပြောတတ်ပါဘူး။ အသဲ မရှိဘဲ ခံစားရတာဟာ ပိုပြီးရင်နာတတ်သတဲ့ စုရဲ့ ။ စုဘေးမှာ ရှိနေတုန်းမှာတော့ ကိုယ် ရင်နာမှုတွေကို မေ့ထားနိုင်ပါတယ်လေ။ကိုယ့်အသဲ ဘယ်မှာပါလိမ့်။ ကိုယ် ဩစတြေးလျားတုန်းက စုကို လုံးလုံးလျားလျား ပေးခဲ့ပြီးပြီမဟုတ်လားဟင်...။

စုနဲ့ အတူ ရှိနေတဲ့ အသဲနှလုံးကို ကိုယ်တစ်ခါမှ ပြန်မတောင်းခဲ့ပါဘူး စုရယ်။

မေတ္တာလက်ဆောင်ဆိုတာ ပြန်ပေးရိုး ပြန်တောင်းရိုး၊ ထုံးစံမှ မရှိတာကပဲ။ ခရစ္စမတ် လက်ဆောင်လဲဒီသဘောပဲ ထင်ပါရဲ့။ “ကိုယ် စုကို ခရစ္စမတ်လက်ဆောင် ဘာပေးရမှန်း မသိဘူး”

ကိုယ်က အဲသလိုပြောတော့ စုက ကိုယ့်ကို ပြုံးငေးငေးကလေး ကြည့်ပြီး “မလိုပါဘူး။ စုဘေးမှာ ဘုရှိနေပြီပဲ” လို့ ပြောတယ်။

အင်း... ဟုတ်မှာပါပဲ။ ခရစ္စမတ်မှာဆိုရင် ကောင်ကလေးတွေ၊ ကောင်မလေးတွေဟာ မစ်စစ်လ်တိုသစ်ခက်ကလေးတွေ အောက်မှာမှ နမ်းခွင့်ရှိသတဲ့။ ကိုယ့်အဖို့မှာတော့ စုကို အခွင့်မရှိဘဲ ထင်တိုင်းကျဲနေနိုင်ပြီပဲ မဟုတ်လား။

ကိုယ်တို့ စထရင်းကို ပြန်ရောက်တော့ အတော်ကလေး မှောင်သွားပြီ။ ပိုပြီးတော့လည်း အေးလာတာမို့ထင်းမီးဖိုကိုလည်း မွှေးရတယ်။ ရေနွေးနဲ့လဲ စပ်ချိုးရတယ်။ စထရင်းက အခန်းစောင့်ကလေးတွေကတော့ကိုယ်နဲ့ စုကို ဟန်းနီးမွန်း ထွက်လာကြတဲ့ စုံတွဲလို့ ထင်နေကြတယ်။ စုရဲ့ သိက္ခာမို့ ကိုယ်လည်း နှုတ်ပိတ်ရေငုံလုပ်နေရပါတယ်။ ကိုယ်တို့က တစ်ခန်းထဲ တည်းကြတာကိုး စုရယ်။ စုကလည်း မကန့်ကွက်ဘူး မဟုတ်လား။

စုကတော့ ဘာမှကို မကန့်ကွက်ပါဘူးလေ။

စထရင်းဟိုတယ် အခန်းကို ပြန်ရောက်လို့ တံခါးကို ပိတ်လိုက်ပြီး တံခါးရွက်နားမှာ စုကို အကြာကြီးကိုယ်နမ်းတော့လည်း စုကန့်ကွက်မယ် ဆိုရင် ကိုယ် ထိန်းသိမ်းမှာပါပဲ။ အဲ… စုက သာသာကလေး တွန်းမှကိုယ့်ကိုယ်ကိုယ် အချိန်တွေ အများကြီး ရှိရက်နဲ့ ရှေ့လောကြီးသူပါကလားလို့ ရှက်ပြုံး ပြုံးရတယ်။

“ကဲ ရေချိုး၊ဘုတစ်ကိုယ်လုံး ဆိတ်သိုးနံ့ကို နံနေတာပဲ”

စုက ရေချိုးခိုင်းတော့ ကိုယ့်မှာ ရေနွေးစည်ထဲ ဝင်စိမ်ရတယ်။ ပြီးတော့ စုက ကိုယ့်ကို ဆပ်ပြာတိုက်ပေးတယ်။ကိုယ်က အရက်ကလေး မော့လိုက်၊ ရေနွေးစိမ်လိုက်နဲ့ လုပ်ရာက စုရဲ့ နှိပ်နယ်ပေးမှုအောက်မှာမေးကနဲ့တောင် ဖြစ်သွားလိုက်သေးတယ်လေ။ စုက သိပ်ပြီး အာဏာရှင် ဆန်တယ်။ ကိုယ့်ကို အတင်းနှိုးပြီးကိုယ်လက်သုတ်သင် အဝတ်အစား လဲခိုင်းတယ်။ ကိုယ်က တပြန် စု ရေနွေးစည်ထဲမှာ စိမ်တုန်း ဆပ်ပြာတိုက်ပေးမယ်ဆိုတော့ “ရှက်တယ်၊ မလုပ်ရဘူး”တဲ့။

တကယ်တော့လည်း ယောကျ်ားတွေဟာ နှစ်ယောက်ထဲ ကျရင် ကိုယ့်အပေါ်မှာ အာဏာရှင် ဆန်တဲ့မိန်းကလေးတွေကို ခွင့်လွှတ်တတ်ကြတာချည်းပါပဲ။ လူရှေ့မှာသာ ကိုယ်က အနိုင်ရမှ ကျေနပ်တာ။ ဒါပေမဲ့ဂျော်ဘီတို့ အေမီတို့ ရှေ့မှာတော့လည်း စုကပဲ ကိုယ့်ကို ထိုင်နေထနေ အမိန့် စာခွေတွေ ပေးနေပြန်တယ်လေ။အေမီကတောင် ဘုကို နိုင်မယ့် သူ ခုမှ ပေါ်တယ်ဟေ့လို့ ပြောသေးတယ် မဟုတ်လား။

ဂျော်ဘီတို့ရဲ့ ခရစ္စမတ်ပွဲမှာ စုဟာ ညရဲ့ကေရီလေးပါပဲ။ ယောကျ်ားသား မှန်သမျှကလည်း စုနဲ့ တွဲနေတဲ့ကိုယ့်ကို မနာလိုဖြစ်ကြတယ်။ အေမီ တစ်ယောက်ကတော့ စုပါလာတာနဲ့ သူ့ ခရစ္စမတ်ပွဲကို အပျော်ဆုံးနေ့လို့သတ်မှတ် ကြေညာတော့တာပါပဲ။ တစ်နှစ်တခါ လွမ်းဖျား လွမ်းနာကျတဲ့ သူ့ရောဂါဟာ ဒီနှစ်မှာ ပေါ်ကိုမပေါ်တော့ဘူး။ မျိုးတူဆွေတူကလေးတစ်ယောက်က ဧည့်သည်အဖြစ် ရောက်လာပေတော့တာကိုး။ ကိုယ့်ကိုတောင် စုနဲ့ လက်ထပ်ပါလားတဲ့။ မိန်းမတွေဟာ တကယ်တန်းကျတော့ ယောကျ်ားတွေလိုတွေဝေမနေဘဲ သတ္တိရှိတတ်ကြတာကို ကိုယ် သိထားလို့ ပြုံးလို့သာ နေလိုက်ရပါတယ်။

အရင်တုန်းကဆိုရင် သန်းခေါင်ယံ ဆုတောင်းပွဲ သွားရမှာမို့ အေမီက ဂျော်ဘီတို့ ကိုယ်တို့ကိုအရက်သောက်စေလေ့မရှိဘူး။ မိသားစုပွဲ ကျဉ်းကျဉ်း အချင်းချင်းမို့လည်း ကိုယ်တို့ဟာ သိပ်ပြီး သောက်ကြစားကြလေ့ မရှိပါဘူး။ ဒါပေမဲ့ ဒီတစ်ခါမှာတော့ စုတစ်ယောက် ပါလာတာကို အကြောင်းပြုပြီး ပျော်ပွဲရွှင်ပွဲကြီးလုပ်ပစ်လိုက်ကြတယ်။

အေမီတောင် အရက်ချိုပြင်းကလေးတွေ များများစားစား သောက်ပြီး ရယ်မဆုံးရွှင်မဆုံး ဖြစ်နေပေတော့တယ်။ ပြီးတော့ ဘယ်တော့မှ သီချင်း မဆိုခဲ့တဲ့ အေမီက ခရစ္စမတ်အဖြူဆိုတဲ့သီချင်းကိုလည်း ဆိုပြလိုက်သေးတယ်။ အေမီ ဆိုတော့ ကိုယ်တို့ကပါ လိုက်အော်ကြတာမို့ ပွဲကလေးဟာဆူဆူညံညံ ဖြစ်လာပြန်တယ်။ တယ်လီဖုန်း လာတာတောင် မသိကြ၊ မကြားကြတဲ့အထိပါပဲ။ ဂျော်ဘီကအရက်ခွက် ဖြည့်ဖို့ ဆိုဒါ ပုလင်း ထယူမှ တယ်လီဖုန်း မြည်နေတာကို တွေ့ရပြီး ကောက်ကိုင်လိုက်ပါတယ်။ကိုယ်တို့လည်း အလိုက်တသိနဲ့ အသံလှိုင်းတွေ နှိမ့်တိုးပေးကြရလို့ ဂျော်ဘီနဲ့ တစ်ဖက်က အသံရှင် အချီအချပြောနေကြတာကို မကြားချင်သော်လည်း ကြားနေရတယ် စု။

“ဘယ်သူလဲ“------------”“အော် ကျွန်တော် အေမီရဲ့ ယောကျ်ားပါ”

“--------------”“ဟုတ်လား၊ တောင်ကြီးမှာ ရောက်နေတာ အတော် ကြာပလား”

“---------------”“အေမီလည်း ကျွန်တော့်ကို ဘာမှ မပြောဘူး ဒီကို လာမလား”

“-------------”“အေမီကို ပျော်ရွှင်သော ခရစ္စမတ်လို့ ဆုတောင်းစကား ပြောချင်သလား ခေါ်ပေးမယ်”

ဂျော်ဘီ အဲသလို ပြောဆိုနေတော့ အေမီဟာ မသိမသာ မျက်နှာပျက်သွားတယ်။ ဂျော်ဘီကလည်း တစ်စုံတစ်ခုကိုအလိုမကျသလို မျက်နှာ ခပ်ညိုညိုပဲ။ အားလုံးသော မိတ်ဆွေတွေ ရှေ့မှာမို့ ဣန္ဒြေ ဆောင်နေပေမယ့် ဂျော်ဘီရဲ့မျက်နှာမှာ မကျေနပ်တဲ့ အရိပ်တွေက ညို့မှိုင်းလို့ နေတယ်။ သူ့(ခေါ်ပေးမယ်)ကလည်း ရွတ်ရွတ်ပြီးပြောလိုက်တဲ့ လေသံ ပေါက်နေကြောင်း အေမီကို လှမ်းကြည့်လိုက်တဲ့ အကြည့်က သက်သေခံနေလေရဲ့။

“ဘယ်သူလဲ ကိုမျိုးလား။ အေမီကလည်း ပြန်ပြီး ဆုတောင်းပါတယ်လို့ ပြောလိုက်ပါ။ လာချင်ရင်လည်း ည ၁၂နာရီ မထိုးခင်ထိ လာလို့ ရတယ်လို့”

အေမီကတော့ နေရာကနေ မထဘဲ ဂျော်ဘီနဲ့ပဲ တစ်ဆင့် ပြောခိုင်းပြီး ဘာမှ မဖြစ်သလို ကိုယ်တို့နဲ့ ရယ်စရာမောစရာတွေ ဆက်ပြောနေလိုက်တာပေါ့။ မိန်းကလေးဆိုတော့လည်း ဟန်ဆောင် ကောင်းတာပဲပေါ့လေ။ ဟန်ဆောင်ခြင်း ညံ့ဖျင်းတဲ့ ဂျော်ဘီကသာ “သူပြောတာ ကြားတယ် မဟုတ်လား။ အဲဒီအတိုင်းပဲဗျာ”လို့ ပြောပြီးတယ်လီဖုန်းကို အသံမြည်မြည် ချလိုက်တာ စုရေ။

ကိုယ်ကတော့ အားလုံးသော မိတ်ဆွေတွေ ပြန်ကုန်တဲ့ နောက်ပိုင်းမှာ

သူတို့မောင်နှံ ရန်ပွဲကလေး တစ်ပွဲဆက်ရန် ရှိသေးကြောင်း သိလိုက်ပါရဲ့။ ကိုယ့်သူငယ်ချင်း ဂျပုကောင်ဟာ သူ့မိန်းမလှကလေး အေမီနဲ့ပတ်သက်ရင် သဝန်တိုတတ်မှန်း နောဧကေ နောကျေနေတာကိုး စုရယ်။ ဒါပေမဲ့ ဟိုစဉ်ကတော့ ဒါကလေးကိုသေးသေးဖွဲဖွဲပဲလို့ ထင်မိလို့ ခဏချင်း မေ့မေ့ပျောက်ပျောက် ထားမိရာက ကိုယ်တို့ရဲ့ ယမကာဝိုင်းဟာ နကိုပကတိအတိုင်း စီစီညံညံ ရွှင်ရွှင်မြူးမြူးကလေး ဖြစ်လာပြန်တော့တယ်။

ညဉ့်တစ်ဝက် ၁၂ နာရီထိုးလုကျမှပဲ ပျော်ရွှင်ခြင်း သုခ တခန်းရပ်ကြပြီး ဘာသာရေးပွဲအဖြစ် ဇစ်မြစ်ကို ပြန်လိုက်ကြကာဘုရားရှိခိုးကျောင်း သွားကြဖို့ ပြင်ဆင်ကြပါတယ်။ ကိုယ့်မှာတော့ စုသွားရာ ပါရမှာမို့ စထရင်း ဟိုတယ်မှာစုအတွက် အနွေးထည် ပြန်ယူပေးဖို့ ဟန်ပြင်မိတယ်။ ဒါပေမဲ့ စုက "စု ဘုရားရှိခိုး ကျောင်းမသွားတော့ပါဘူး။စောစောပဲ အိပ်လိုက်တော့မယ်"လို့ ပွင့်ပွင့်လင်းလင်းပဲ ပြောလေတော့ ဟိုအကြောင်း ဒီအကြောင်း ဘာမှမပြဘဲ ဆန္ဒကိုသာ ဖော်ကျူးတာကြောင့် အေမီတို့မှာလည်း ဇွတ်အတင်း တိုက်တွန်းဖို့ ခက်သွားတော့တယ်။ကိုယ်ကတော့ ဝမ်းသာတာပေါ့လေ။ ဒီအချိန်ကျမှပဲ စုနဲ့ ကိုယ်နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ်နေကြတော့မှာ မဟုတ်လား။

ကိုယ်နဲ့ စု ဂျေဘီနဲ့ အေမီတို့ အိမ်က ပြန်လာကြတော့ ဆောင်းနှင်းမှုန်တွေ သိပ်သည်း အုံ့ဖွဲ့လို့ နေလိုက်တာကိုယ့်ရှေ့လက်တကမ်းလောက်ကိုပဲ မြင်ကြရလောက်အောင် ပိတ်ဆီးမှု ကြီးမားနေတဲ့အတွက်လမ်းခတ်မီးတိုင်ရေးရေးကို မှန်းဆရင်း ကိုယ်တို့ စထရင်းကို လမ်းလျှောက်ခဲ့ကြတယ်။ ကိုယ်လေ စုရဲ့ ပခုံးကိုအချမ်းသည်းမှုက ပြေမှ ပြေစေတော့ရယ်လို့ တယုတယ ဖက်တွဲလာမိတော့ စုကလည်း ကိုယ့်ခါးကိုပြန်ဖက်လာခဲ့တယ်။

ဒီအချိန်မှာ ကိုယ်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စကားတစ်ခွန်းမှ မပြောမိကြဘူး။တစ်ခါတလေမှာ ချစ်စကား မဆိုဘဲ နှစ်ကိုယ်လည်ယှက် ဖက်တွဲနေကြရတာဟာ ချစ်အရသာ တစ်မျိုးပဲစုလေးရေ။ တစ်ယောက်ကို တစ်ယောက် သက်သေထားစရာတွေ မလိုတော့ဘဲ ချစ်ရည် တူကြပြီဆိုတဲ့အချိန်မျိုး မဟုတ်လား။

စထရင်းဟိုတယ်ရှေ့ ရောက်တော့လည်း ကိုယ်တို့ လက်တွဲ မဖြုတ်ကြဘူး။ စကား မပြောကြဘူး။

ဟိုတယ်အခန်းတွင်း ရောက်တော့လည်း ကိုယ်တို့ လက်တွဲ မဖြုတ်ကြဘူး။ စကား မပြောကြဘူး။

ဒါပေမဲ့ ကိုယ်လေ စုကို ချစ်ပါတယ်ဆိုတဲ့ အကြောင်းကို စု သိစေဖို့

အကြိမ်ကြိမ် နမ်းတယ်။ အကြိမ်ကြိမ်ပွေ့ဖက်တယ်။

အိုလေ ကိုယ့်အတွက်ရော၊ စုအတွက်ရော မင်္ဂလာဦးည တစ်ညလိုပဲ ကိုယ် ကျင့်သုံးလိုက်မိပါတော့တယ်။

လောကကြီးမှာ ပျော်စရာအကောင်းဆုံးအချိန်ဟာ ကိုယ်ချစ်ခင်မြတ်နိုးတဲ့ သူနဲ့ အုံးစက်ရာ ယှဉ်တွဲရတဲ့အချိန်ဖြစ်ပါတယ် စုရယ်။ စထရင်း ဟိုတယ်မှာ တစ်ညတာ ကိုယ့်တစ်ဘဝ ဖြစ်ခဲ့ပါပေတယ်။ ကိုယ့်ရင်ငွေ့ကြောင့် ထွေးနွေးစွာအိပ်မောကျနေတယ် ထင်နေမိတာ စုရယ်... ကိုယ့်ရင်ကျယ်မှာ ပူနွေးတဲ့ မျက်ရည်စက်ကလေးတွေလိမ့်ဆင်းလာကြမှ စု ငိုနေပါလားဆိုတာ သိရတော့တယ်။

"စု ဝမ်းနည်းလို့ ငိုတာလား..."

"ဟင့်အင်း..."

"ပျော်လို့ ငိုတာလား"

"ဟင့်အင်း..."

"ဩစတြေးလျားတုန်းက မပွင့်ခဲ့ရတဲ့ ချစ်ငုံချစ်ပန်းဟာ ကြာကြီးကြာကာမှ ကိုယ့်ဗမာပြည်မှာ လာပြီးပွင့်လန်းရလို့ ကုန်ဆုံးခဲ့တဲ့ အချိန်တွေကို နှမြောတယ်ပေါ့ ဟုတ်လား"

"အင်း..."

"စု ကိုယ့်ကို စိတ်မဆိုးနဲ့နော်။ ပြီးတော့ ကိုယ့်ကို ယုတ်မာတဲ့ ယောကျ်ားတစ်ယောက်လို့လည်း မထင်လိုက်ပါနဲ့။မကောင်းမှုကို မပြုခင်က ဆင်ခြင်ချင်လို့ တမင် ပေယျာလကံ ထားခဲ့ပြီး မကောင်းမှု ပြီးစီးကာမှ ဒုစရိုက်၊ ဒုစရိုက်ရယ်လို့ နောင်တကြီး တရရ လုပ်နေတတ်တဲ့ လူမျိုးလည်း ကိုယ်ဟာ မဟုတ်ရပါဘူး။ တစ်ခုတော့ရှိသပေါ့လေ။ ကိုယ့်ကိုယ်ကိုယ် အပြစ်ရယ်လို့ မြူခြည်မှ မသန်းချင်တဲ့ ငါစိတ်က ရှိနေတော့ အပြစ်လုပ်တာမဟုတ်ပါဘူးလို့ မဲတင်းရင်း ဆိတ်ဆိတ် နေမိတာပါပဲ။ စုကို ကိုယ်မေးချင်တာ ရှိတယ်"

"မေးလိုက်ရင် ဘုနဲ့စု တွေ့ကြရတဲ့ အချိန်ပိုင်းကလေးရဲ့ ကြည်နူးမှု စာစောကတည်းက ပျက်စီးသွားဆုံးရှုံးသွားမှာစိုးလို့ မဟုတ်လား"

"ဟုတ်တယ်""စုမှာလည်း ဒီသဘောအတိုင်းပါပဲ ဘုရယ်"

"စုရဲ့ အမျိုးသား နေကောင်းရဲ့လား"

"သူဟာ စုရဲ့ အမျိုးသား မဟုတ်တော့ပါဘူး"

"ဟင်... မဟုတ်တော့ဘူးလား"

"စု သူ့ကို စွန့်ပစ်ခဲ့တယ် ဆိုပါတော့"

"တခြားတစ်ယောက်နဲ့ ပတ်သက်လို့လား"

"ဟုတ်တယ် အဲဒီ တခြား တစ်ယောက်ဟာ ဘုပဲ" "ကိုယ်နဲ့ ပတ်သက်တယ်လား။ ကိုယ် ဩစတြေးလျမှာ စုနဲ့ ခွဲခွာလာပြီး နောက်ပိုင်း စုရေးတဲ့ စာကိုပြန်လိုက်တာက လွဲလို့ အဆက်အသွယ်မှ မလုပ်ဘဲ။ သူက ဘာဖြစ်လို့"

"စုဟာ ယနေ့အထိ ဘုကို သတိရနေတာကို သူ မကျေနပ်ဘူးလေ"

"စုကို ကိုယ်လည်း သတိရနေတာပဲ။ ဒါဟာ ကာကယ် မြောက်တာမှ မဟုတ်ဘဲ"

"စု ယောကျ်ားတွေရဲ့ အကြောင်း တော်တော် သိလာပါပြီ ဘုရယ်။ ယောကျ်ားတွေဟာ ပထမလူမဖြစ်ရသည့်တိုင် ဒုတိယလူ၊ တတိယလူ စသဖြင့် ဖြစ်ရတာကို လက်ခံနိုင်ကြပေမယ့် စင်ပြိုင်လူဖြစ်ရတာကိုတော့ မကြိုက်နိုင်ကြဘူး"

"နားလည်ပါပြီ စု၊ စု လူဟာ သူ့ကို စုချစ်နေတဲ့ ကြားထဲ အဝေးက ကိုယ့်ကို တစ်ပြိုင်ထဲ ချစ်နေတာမခံနိုင်ဘူးပေါ့""ဆိုပါတော့လေ""အမယ်လေး စုရာ၊ ဒီမခံချင်စိတ်ဟာ ဆယ်နှစ်ကြာမှာ ပေါက်ကွဲ ထွက်ရသတဲ့လား"

"ဒီလို ရှိပါတယ်။ စုဟာ ဘုတို့ ဗမာပြည် ပညာတော်သင် လာတဲ့သူ၊ ရွှေ့ပြောင်း လာတဲ့သူတွေနဲ့ တွေ့ရင်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘုအကြောင်းကို မေးမိတာချည်းပဲ။ သူတို့ကလည်း ဘုဟာ ခုထက်ထိအထီးကျန်ဘဝမှာ နေတုန်းပဲ ဆိုတာကို ပြောပြကြတယ်။ အဲဒီတော့ စုဟာ "သူ ကိုယ့်ကို ချစ်နေသေးလို့"လို့ယူဆမိတယ်။ စုလေ... ဘုကို ကိုယ်တိုင်ကိုယ်ကျ တွေ့ချင်လာတယ်။ ဖောက်ပြန်ဖို့ ပြောတာ မဟုတ်ဘူးနော်။

"တစ်ခါတုန်းက ငါ့ကို မေတ္တာသန့်သန့်နဲ့ ချစ်ခဲ့ဖူးတဲ့ ဗမာ အမျိုးသားကြီး တစ်ယောက် ဘယ်လိုများနေရှာပါလိမ့်"ဆိုတာ သိချင် မြင်ချင်လာလို့ပါပဲ။ ပြီးတော့ တစ်ခါ ဘုတို့ရဲ့ ဗမာပြည်ကလည်း ကမ္ဘာလှည့်ခရီးသည်တွေ အမြောက်အမြား လက်ခံလာပြီ ဆိုတော့ စုဟာ စု အမျိုးသားကို ဗမာပြည် သွားရအောင်လို့ပြောမိတယ်။ အဲဒါ စုရဲ့ အမှား ဖြစ်သွားတာပါပဲလေ။ ဘုနဲ့ သူ့ကို စင်ပြိုင် ချစ်နေတာကို သူ သည်းညည်းမခံနိုင်တော့ဘူးတဲ့။

တစ်ယောက်ယောက်ကို မေ့ပြီး တစ်ယောက်ယောက်ကို လုံးဝ ပုံချစ်မှ

ကောင်းမှာပါတဲ့။ စုက ဘုကို ချစ်တဲ့အချစ်မျိုးကို သူနားလည်အောင် ရှင်းလည်း မပြနိုင်ဘူး။ ရှင်းပြရင်လည်း သူ နားလည်ချင်မှာ မဟုတ်ဘူး။ဆယ်နှစ်ဆယ်မိုး သူချစ်လာတဲ့ မိန်းမဟာ သူနဲ့ အတူ တခြား ယောကျ်ားတစ်ယောက်ကို တစ်ချိန်လုံးမျှချစ်လာတယ် ဆိုတော့ သူ အသည်း နာရှာတယ်လေ”

“အဲဒါနဲ့ပဲ စုတစ်ယောက်ထဲ ထွက်ခဲ့ရောလား”

“ဟုတ်တယ်။ စု အမျိုးသားက သူ မလိုက်နိုင်ပါဘူးတဲ့။ သိရတာတောင် သူ့မှာ အသဲကွဲမတတ် ဖြစ်ရသေးတယ်။မြင်ရရင် ပိုဆိုးပါလိမ့်မယ်တဲ့။ ဒါကြောင့်လည်း စု ဗမာပြည်ကို ထွက်ခွာသွားတဲ့နေ့မှာ သူ့ ကြင်ယာဇနီးအဖြစ်ကစွန့်လွှတ်ထားလိုက်ပါ့မယ်တဲ့လေ” ကိုယ်နားလည်ပါပြီ စု၊ စုဟာ ဗမာပြည် ရောက်လို့ ကိုယ်နဲ့ တွေ့ရင် သတိသမ္ပဇဉ်တွေ ယွင်းပြီး ကာမဂုဏ်ညွှတ်ကွင်း သံချိုင့်တွင်းကို သက်ဆင်းမိကောင်း သက်ဆင်းမိပေလိမ့်မယ်။ အဲဒီအခါကျရင် ကာမပိုင် ရှိလျက်နဲ့ဖောက်ပြန်တဲ့သူ မဖြစ်အောင် သူက ကြိုတင် ကာကွယ်ပေးလိုက်ရှာတာနဲ့ တူပါတယ်။ ကိုယ်ကလည်း သူ့ကိုကျေးဇူးတင်ပါတယ်။

စုရဲ့ မျက်ရည်ပူ ဥကလေးများ ကိုယ့်ရင်ကျယ်မှာ အသွယ်သွယ် လိမ့်ဆင်းကြပြန်ပါတယ် စုလေး။

ကိုယ်လေ... ခုလိုပဲ ညတာ ကမ္ဘာတစ်ရာ ရှည်ပါစေလို့ ဆုတောင်းနေမိပါတယ်။ ချစ်တဲ့သူကို ဖေးကူထွေးပိုက်ထားရတဲ့ ဗီဇနာကို ရာထောင်မက ကြာညောင်းစေချင်ပါတယ်။ ရှေးခေတ်က ဒွေးသီဟဟင်္သာမျိုးတွေလို တစ်ကိုယ်ထဲမှာ ခေါင်းနှစ်လုံး ပေါက်ပြီး မခွဲမခွာ နေချင်ပါတယ်ဆိုတဲ့ ပမာစကားကိုကိုယ်ဟာ လွန်ကဲရန်ကောလို့ ထင်ခဲ့မိတယ်။ ခုတော့ ကိုယ်က အဲဒါထက် နှစ်ဆသာ နေပါပြီစု။

စုရဲ့ မျက်ရည်ဟာ ကုန်ဆုံးခဲ့တဲ့ အချိန်တွေကို နှမြောတသတဲ့ မျက်ရည်တွေလို့ ဆိုတယ်။ ဒါပေမယ့် ကိုယ့်မှာသံသယကလေးတစ်ခု ဝင်လာပါတယ်စု။ ဒီသံသယဟာ ဒီစာဆုံးတဲ့အခါမှာ ချစ်ကျေးဇူးဆပ်တဲ့အကျိုးထူးတစ်ရပ် ဖြစ်လာပါလိမ့်မယ် စုရယ်။

ကိုယ်လေ စုကို ကိုယ့်ကိုယ်ငွေ့နဲ့တင် မတင်းတိမ်နိုင်သေးလို့မို့ မီးလင်းဖိုမှာ ငြိမ်းသေစ ပြုနေတဲ့မီးကျည်းရဲတွေထဲမှာ ထင်းသစ်ထင်းစတွေ ထပ်ပြီး ထည့်ပေးမိတယ်။ မှောင်နေတဲ့ အခန်းထဲမှာ မီးလျှံမီးညွန့်ကလေးတွေက လှပတဲ့ အလင်းပိုင်း အရိပ်ပိုင်းကလေးတွေကို ဖန်တီးပေးကြတယ်။ အိပ်ရာပေါ်ကနေကိုယ့်ကို ရွှန်းရွှန်းစားစား ကြည့်နေတဲ့ စုကို မီးလျှံရိပ်များ ထင်ဟပ်လျက် ရှိတာကို တွေ့ရတော့ အဝတ်မပါဗလာဆိုတာကို မေ့ပြီး ဗီးနပ်စ်နတ် ဘုရားမကလေးလို့ ထင်မိပါတော့တယ်။

ကိုယ့်မီးကိုယ်မွေးမိပြန်ပြီ စုရေ…

ဩစတြေးလျားတုန်းကတော့ ကိုယ်မွေးခဲ့တဲ့ မီးကို ကိုယ့်ဟာကိုယ်ပဲ ငြိမ်းသတ်နိုင်ခဲ့တယ်။ ဟိုတုန်းက ကိုယ်ကဌေ့သည် ဖြစ်ခဲ့တယ်ဆိုတော့တာ ကိုယ့်အိမ်ကိုယ် ဖွတ်မိုတ် ပြန်လာခြင်းအားဖြင့် ချစ်ပြဿနာတစ်ရပ်ကို ပြေငြိမ်းစေနိုင်ခဲ့တယ်။ ဒီမှာကျတော့ ကိုယ်ဟာ အိမ်သည် ဖြစ်နေပြီ။ စုက ဌေ့သည်၊ ဌေ့သည် ဆိုရာမှာလည်းရိုးရိုး မဟုတ်တဲ့အပြင် အသည်းနှလုံးတွေကို လက်ဆောင်ပဏ္ဏာ အဖြစ် ယူဆောင်လာတဲ့ ချစ်ဌေ့သည်၊ကိုယ်ကလည်း သိလျက်နဲ့ ဝိပါက်ကြမ္မာ ငင်လိုက်ပြီလေ။

ဒီလို ဆိုလိုက်တော့ ကိုယ်တို့ရဲ့ ရှည်ညောင်းခဲ့တဲ့ ချစ်ခရီးလမ်းအစကို ပြန်ကောက်ကြည့်ကြမှ တော်လိမ့်မယ်ထင်တယ်နော် စု ဟင်…။

ကိုယ် ဩစတြေးလျားက ဗမာပြည် ပြန်လာခဲ့ပြီး နောက်ပိုင်းမှာ စုဆီက စာကလေးတစ်စောင် ရောက်လာတယ်။ကိုယ်ကလည်း စာတစ်စောင် ပြန်ခဲ့တယ်။ အဲဒီ စာနှစ်စောင်ကို စာရေးဆရာက ဝတ္ထုကလေးအဖြစ်ရေးဖွဲ့ ခဲ့ဖူးတာမို့ ကပ္ပတိန် အေးမင်းတို့တောင် ဖတ်ဖူးပြီး ကိုယ့်နာမည်ဆန်းဆန်းကို အလွတ် ရနေတာပေါ့။ ရှေ့ရေးကို မျှော်ငေး ဆင်ခြင်နိုင်ဖို့ရာ အတိတ်ကို မကြည့်မဖြစ် လှည့်ကြည့်ရဦးမယ်လေ။ ခုဟာ ကိုယ်နဲ့ စုတို့ရဲ့ရှေ့ရေးနဲ့ ဆိုင်လာပြီကောကွယ်။

မှတ်မိသေးတယ် စုရေ။

ကိုယ်တို့ရဲ့ စာနှစ်စောင်ကို တိတိကျကျ ပြန်ပြီး အန်ချ ပြလိုက်ပါရစေဦး။

– – –

Tooruk တူးရပ်

မဲလ်ဘုန်းမြို့ဩစတြေးလျား

ချစ်သော "ဘု"

ယနေ့ ဘုနဲ့ ကိုယ်တို ခွဲခွာသွားခဲ့ ရတာ နှစ်နှစ်ပြည့်မြောက်တဲ့နေ့ပဲ ဘုရယ်။ "ဘုဟာ စာရေး ပျင်းတယ်မိတ်ဆွေ သင်္ဂဟတွေနဲ့ ခွဲခွာသွားပြီးတဲ့နောက် စာရေးဖို့ နေနေသာသာ "စိတ်ကြေးမုံပြင်" ထဲမှာတောင်မထားတော့ဘဲ မေ့ဖျောက်ပစ်လိုက်တာပဲ"လို့ ပြောခဲ့တာ တကယ် အမှန်လို ဖြစ်နေပြီ။ ကြည့်စမ်းပါဦး။ဗမာပြည် ပြန်ရောက်လို့ "ရောက်ပြီ စုရေ နောက်တစ်ခါ စုနဲ့ ဘယ်တော့များမှ ကြုံတွေ့ ရမယ် မသိဘူး။နှုတ်ဆက်လိုက်ပါတယ်ကွာ"ဆိုတဲ့ စာတိုကလေး ပို့ပေးတာကလွဲလို့ ဘုဆီက ဘာသဝဏ်လွှာမှ ရောက်မလာခဲ့ဘူး။

အဲ... ရာသီလိုက် မိတ်ဆက်စာလွှာ ကတ်ပြားကလေးတွေတော့ အမြဲ မပြတ်ရောက်နေပါရဲ့။ ဘုရဲ့ အကြောင်း သောင်းပြောင်းကလေးတွေ ဘာတစ်ခုမှ ထင်ထင်ပြပြ မသိခဲ့ရလို့ ကိုယ့်မှာမချင့်မရဲ ဖြစ်ခဲ့ရတယ်။ ဟော... ခုတော့ ကွမ်းတား(စ်) လေယာဉ်ကြီးပေါ် ဘု မတက်ချင် တက်ချင်နဲ့ လှမ်းတက်သွားရင်းက နောက်ပြန် လှည့်ကြည့်ပြီး ကိုယ်ရှိရာကို မှန်းဆ လက်ရမ်းပြခဲ့တဲ့ နေ့ဟာလည်း နှစ်နှစ်တောင် ပတ်လည်သွားပြီး တစ်ပတ် ပြန်ဆိုက်လာပြန်ပြီ ဘုရယ်။ ဒါကြောင့်မို့ ဘုကို သတိရတဲ့ အထိမ်းအမှတ်နဲ့စာကလေး တစ်စောင် ရေးလိုက်ပါတယ်။

ဒါထက် ဘုရေ... ဘု မိန်းမများ ရနေပလား။ ဘုတစ်ခါက ဖွင့်ပြောပြခဲ့သလို ဆိုရင်တော့ခုနေ"ဆန်းဆန်း"ကလေး တစ်ယောက်တောင် ရနေပြီ ဖြစ်ရောပေါ့။ ဘုရဲ့ ဖူးစာရှင် အဆိုတော် ကလေးကောအိမ်သူ့ တာဝန် ကျေပွန်နေရပြီဖြစ်လို့ ဟိုမိုက်ကရိုဖုံး ရှေ့မှာ ရပ်ဖို့ အချိန်မှ ရသေးရဲ့လား။ ဟောဒီ စာနဲ့ထည့်ပို့လိုက်တဲ့ ကိုယ့်အချစ်တွေကို "ဘု"ရဲ့ ချစ်သူကိုလည်း ဝေမျှလိုက်ပါဦးကွာ။ ပြတင်းက လှမ်းကြည့်ရင်ကိုယ်တို့ တူးရပ်ရပ်ကွက် တစ်လျှောက်မှာ ရွက်အိုတွေ ညှိုးပျောက်ပြီး မှိုင်းသွေ့ ခြောက်ယောင်းနေတဲ့သစ်ပင်တွေကို တမျှော်တခေါ်ကြီး မြင်ရတယ်။

ဒီအချိန်ဟာ ကိုယ့်တို့ရဲ့ နွေရာသီမဟုတ်လား ဘုရယ်၊ ဘုတို့ ဗမာပြည်မှာတော့ ချမ်းတုန်မလုံ ကွေးကောင်းဆဲဆောင်းတွင်းထဲမှာပဲ ရှိပါလိမ့်ဦးမယ်...။ မှတ်မိသေးတယ် ဘုရေ... ဘုနဲ့ကိုယ် စပြီး အသိဖြစ်ခဲ့ကြတာလဲနွေတနေ့ရဲ့ညနေခင်း မဟုတ်လားကွယ်။ ကိုယ်က အဲဒီနေ့က "အကသင်ကျောင်း"က ပြန်လာတာ ကိုယ်တို့ တရပ်ကွက်ထဲနေတဲ့ သူငယ်ချင်း"မိဂျန်"ရဲ့ကားနဲ့ ဘုရဲ့။ ပြန်လာကြလို့ ရပ်ကွက်ထိပ်လဲ ရောက်ကရော မိဂျန်ကို သူ့အဆက် ဂျိုနသန်ကလမ်းဘေးနားကို အော်ခေါ်လိုက်လို့ ကားကို ထိုးရပ်ပြီး အချီအချ ချစ်သူတို့ဘာဝ တွက်တွက်ညံအောင်ပြောနေကြတယ်။ ဒီတော့ ကိုယ်လဲ အကြာကြီး ဘေးကြည့်ပရိသတ် မလုပ်ချင်တာနဲ့ တလမ်းကျော်မှာ

ရှိတဲ့ကိုယ့်အိမ်ကို ခြေလျင်ဘဲ ဆက်လျှောက်ခဲ့တယ် ကိုယ်တို့ရပ်ကွက်ဟာ ဘုသိတဲ့အတိုင်း လူကုန်တံ ခေနရှင်အထက်တန်းစားတို့ နေထိုင်တဲ့ ရပ်ကွက်အဖြစ် နာမည်ကြီးခဲ့တယ်။ ပြီးတော့ နိုင်ငံခြား သံတမန်များနေထိုင်ရာလဲ ဖြစ်တယ်။ ဒါကြောင့်မို့ ကိုယ်တို့လမ်းထဲ ချိုးဝင်လိုက်တာနဲ့ တူရှုက လျှောက်လာတဲ့ ဘုကိုမြင်တော့ သံရုံးတရုံးက သံအဖွဲ့သားတစ်ယောက် အပျင်းပြေ လမ်းလျှောက်လာတာဘဲလို့ကိုယ်ထင်လိုက်မိတယ်။ ဒါပေမဲ့ ဆန်းတာက ဘုရဲ့ လက်ထဲမှာ ခွေး"သား"လေး တကောင် ပိုက်လို့ ဘုရဲ့။

လူသန့်သည်နှင့်အမျှ အသွားအလာလဲ ပြတ်တာမို့ အဲဒီအချိန်မှာ တလမ်းလုံး ခရီးသွားဆိုလို့ ဘုနဲ့ကိုယ်နဲ့ နှစ်ယောက်ထဲပဲလေ၊ ဘုဟာ နိုင်ငံခြားသား ဆိုပေမဲ့ ကိုယ်တို့လူမျိုးတွေလို ရိုးမြင့်ရှုက်ရှေ့ကျက်သရေပြည့်ပြည့်နဲ့ ကျားယားထောင်မောင်းသူမှန်း ကိုယ်တခဏအတွင်း သိလိုက်ပါရဲ့။

ဘုဟာ ကိုယ်နဲ့မျက်နှာချင်းဆိုင်နေရာ ရောက်လို့လာရော "ဒီမှာ မစ္စ"လို့ နေရာတွင်ရပ်ပြီး ကိုယ့်ကိုနှုတ်ဆက်တယ်။ဘုရဲ့ အသွင်ဟာ တစုံတခုကို အကူအညီတောင်းချင်တဲ့ ဟန်မျိုး ဖြစ်နေလို့ ကိုယ်လဲ "ကျမ ဘာအကူအညီပေးနိုင်ပါသလဲရှင်"လို့ ပြန်မေးမိတယ်။ အဲဒီတော့ ဘုကရယ်တယ်။ ဘုရဲ့ ရယ်ပုံဟာ ရှက်ကိုးရှက်ကန်းရယ်ပုံမျိုး မဟုတ်ဘူး၊ ဘုဟာ တစိမ်းမိန်းခလေးနဲ့ တွေ့ပေမယ့်လို့ ရှက်တတ်တဲ့သူ မဟုတ်ဘူးဆိုတာကိုယ်သိလိုက်တယ်။ ပြီးမှ ဘုက "အကူအညီက တခုထဲ မဟုတ်ဘဲ နှစ်ခုဖြစ်နေပါတယ် မစ္စ"လို့ ပြောပြီးရယ်ရှိန် မသေသေးဘဲ ကိုယ့်ကို စိုက်ကြည့်တယ်။ ကိုယ်ကလဲ ဘုရဲ့ မျက်နှာရွှင်ရွှင်ကို ကြည့်ပြီးဘဝင်သိမ့်ကနဲဖြစ်သလိုရှိသွားရာ "ပြောပါရှင်"လို့ ခပ်သွက်သွက် လမ်းခင်းပေးလိုက်မိတယ်။

အဲဒီတော့ ဘုက လက်ထဲက လသား ခွေးကလေးကို မြှောက်ပြပြီး "ကျွန်တော် လမ်းလျှောက်နေတုန်းယောင်လည်လည်ဖြစ်နေတဲ့ ဟောဒီ ခွေးကလေးကို လမ်းပေါ်မှာ တွေ့လို့ ကောက်ယူလာခဲ့တယ်။ ဒီနားကတအိမ်အိမ်က ဖြစ်မှာဘဲလို့ ထင်တယ်… အဲဒါ မစ္စက ဒီလမ်းမှာနေတဲ့လူလား မေးချင်တာပါ။ သူ့ကို စုံစမ်းပြီးအိမ်တိုင်ယာရောက် ပြန်ပို့ပေးချင်လို့" လို့ ချိုသာစွာ ပြောတယ်။ ဘုက မြှောက်ပြပြီး ဖဲကြိုးကလေး လည်ပင်းမှာချည်ထားတဲ့ ခွေးပေါက်စကလေးကို ကိုယ် မျက်လုံးရောက်သွားမိပါတယ်။ အဲဒီခွေးကလေးဟာ ဂျာမန်သိုးထိန်းခွေး အယ်လ်ဆေးရှင်းလို့ ခေါ်တဲ့ ခွေးမျိုးကလေးဘုရဲ့ ။ ပြီးတော့ ညိုရွှေရောင် နက်နက်ကလေးနဲ့သူမတူတဲ့ အရောင်လဲ ရှိတယ်၊ ပြီးတော့ ဒီခွေးဟာ ကိုယ့်ခွေးပေါ့ ဘုရယ်။ ကိုယ် ကောင်းကောင်းမှတ်မိတာပေါ့။ကိုယ် နားမလည်နိုင်တာက ဘယ်လိုကနေ ဘယ်လို လမ်းပေါ် ရောက်နေသလဲဆိုတာဘဲ။ ခွေးကတော့ကိုယ့်ခွေးမှ အစစ် ဘုရဲ့။

ဒါကြောင့် ကိုယ်လဲ "ဟင်... ဒီခွေးကလေးဟာ ကျမခွေးကလေးရှင့်၊ ဘယ်လိုများ လမ်းပေါ်ရောက်နေပါလိမ့်။ကေန္တ အိမ်က ကလေးတွေ ခွေးခြံတံခါး ပြန်မပိတ်ကြဘူးနဲ့ တူတယ်။ လာလာ တီနို"လို့ ပြောပြောဆိုဆိုဘုရဲ့လက်ထဲက ခွေးကလေးကို လှမ်းယူလိုက်မိတယ်။ အဲဒီတော့ ဘုကလဲ "အော်... သူ့နာမည်က တီနိုတဲ့လား၊တော်ပါသေးရဲ့၊ ခွေးရှင်နဲ့ ပက်ပင်းတိုးပေလို့"လို့ ပြုံးပြုံးပြောပြီး ကိုယ့်ကို ပြန်ပေးပါတယ်၊ ပြီးမှ ဘုက"အဟင်း"ကနဲ ရယ်ပြန်ပြီး "ခွေးကလေး လမ်းပေါ်မှာ မသွားတတ်.. မလာတတ် ဖြစ်နေသလို ကျွန်တော်လဲ ဒီတူးရပ် ရပ်ကွက်မှာ မျက်စေ့လယ် လမ်းမှားနေတယ် မစ္စရဲ့ ။

အဲဒါ အဟင်း.. ကျွန်တောတို့ ဗမာသံရုံးရှိတဲ့လမ်းကို တခါတဲ ညွှန်ပေးပါလား"လို့ အကူအညီတောင်းရှာတယ်။ ကိုယ်လဲ ရှက်ရွံ့စိတ်မပြေဘဲ ပကတိပွင့်လင်းကြည်လင်နေတဲ့ ဘုကို ဝမ်းထဲက သဘောကျလိုက်မိတယ်။ လက်ဦးမတော့ ကိုယ်တို့လမ်းနဲ့မဝေးလှတဲ့ ဘုကို သံရုံးရှိရာကို မဆိုင်းမတွဘဲ ညွှန် ပြလိုက်မလို့ပါဘဲ၊ ဒါပေမဲ့ ဘုအပေါ်မှာကိုယ်စိတ်ဝင်စားနေမိတာနဲ့ "မဝေးလှပါဘူးရှင် ပြပေးမှာပေါ့"လို့ ပြောပြီး ခွေးကလေးပြန်ရလို့ကျေးဇူးတင်တဲ့အနေနဲ့ အိမ်ကိုလိုက်ပြီး လဘက်ရည်သောက်ဖို့ ဖိတ်လိုက်မိတယ်။ ဒီတော့ ဘုက မငြင်းဆန်ဘဲအလွယ်တကူ လိုက်လာပြန်တယ်။

ကိုယ့်ဘဝမှာ ယောကျာ်းသူငယ်ချင်းတွေ အများကြီးရှိဘူးတယ် ဘု၊ ဒါပေမဲ့ အများအားဖြင့် သူတို့ဟာမိန်းခလေးနဲ့ တွေ့ရင် နဂိုနေ မဟုတ်တော့ဘဲ တမျိုး ဖြစ်နေတတ်ကြတယ်။ တချို့ကတောင့်တင်းတင်းကြီးဖြစ်ပြီး၊ တချို့ကျတော့လဲ ဘာမှမဖြစ်လေဟန် ဂိုက်နဲ့ ဆိုက်နဲ့ လေတွေပစ်နေပေမဲ့ရင်ခုန်သံ မပျောက်ချင်ဘူး၊ ကိုယ်တို့ စကားနဲ့ ပြောရရင်တော့ မဖြစ်ဖူးပေါ့ကွယ်။ ဘုနဲ့ ကျတော့ တခြားယောကျာ်းတွေနဲ့ ကွာခြားနေတယ်။ ဘုဟာ ဟန်မလုပ်ဖူး၊ အနေမခက်ဖူး၊ သက်သက်သာသာဘဲ။

အိမ်ရောက်မှ ကိုယ့်မိသားစုလဲ ခြံထဲကနေ ဝင်းတံခါးပွင့်နေတုန်း လစ်ထွက်သွားတဲ့ ကိုယ့်ခွေးကလေးပျောက်နေလို့ ဒေါင်းတောက်နေတာ တွေ့ရတယ် ဘုရယ်။ ဘုကြောင့် ပြန်တွေ့ကြရတယ်လို့ သိကြရောညနေခင်းအတွက် ဘုဟာ "ကယ်တင်ရှင်"တပါး ဖြစ်လို့ သွားပေတာဘဲ။ အဲဒီမှာ တခါရင်းနှီး အထာကျနေသလိုပြုံးလိုက်ပြန်ပြီး "လမ်းပျောက်နေတဲ့ ခွေးကလေးကို ကျွန်တော်က ကယ်တယ်။ လမ်းပျောက်နေတဲ့ကျွန်တော့်ကိုတော့ "စု"က ကယ်တယ်။ အဲဒီတော့ ကျေရော"လို့ နှစ်လိုစဘွယ် ပြောပေတယ်။

ကိုယ့်အမည်ကို ကိုဖော် မိတ်ဆက်ရာမှာ ဘုရဲ့ အမည်ကို ရစ်ချပ်အောင်ဘုလို့ သိရလို့ ကိုယ်က "ဘု"လို့သာအဖျားဆွတ်ခေါ်သလို စူစန်နာပေ့(ဂ်)ဆိုတဲ့ ကိုယ့်အမည်ကိုလဲ "ကျွန်တော်တို့ မြန်မာနဲ့

ခပ်ဆင်ဆင်တူအောင်“စု”လို့ဘဲ ခေါ်တော့မယ်နော်”လို့ ခွင့်တောင်းပြီး ဘုက စု စုနဲ့ ခေါ်လာခဲ့တယ်။

ပြီးတော့ ဘုကိုဘယ်လိုပြန်ပြောစလဲဆိုရင် “စုတို့ ဩစတြေးလျှန်းလူမျိုးတွေ ဖော်ရွေပုံဟာ ကျွန်တော်တို့ မြန်မာလိုပဲ။ကျွန်တော် ခင်တတ်ပါတယ်။ နောက်လာလယ်အုံးမယ်။ လောလောဆယ် ဗမာစစ်သံရုံးမှာကျွန်တော်တည်းနေတယ်”လို့ ပြောသွားတယ်။

ဘုပြန်သွားတော့ စုတို့ မောင်နှမသားချင်းတွေဟာ ဘုအကြောင်းကို ဝေဖန်ချက်တွေ အပြည့်နဲ့တယောက်တခွန်း ပြောပြီး ကျန်ရစ်ခဲ့ကြပါတယ်။ အဲဒီစကားတွေကိုတော့ ပြန်မပြောချင်ဘူး၊ ပြန်ပြောရင်“အို..အို.. ငါ တယ်ချစ်စရာကောင်းတဲ့ သတ္တဝါကြီးပါလား”လို့ သွေးကြီးသွားမှာ ကြောက်လို့။

ဘုက လာမယ်လို့သာ ပြောသွားတယ်။ စုဖြင့် ညနေတိုင်း မြှော်မိပေမဲ့ ကိုပေါ်လာခဲက စုပ်စမြှုပ်စပျောက်ကွယ်နေပါသေးသရှင်။ အရင့် အရင်ကဆိုရင် အကသင်ကျောင်းမှာ နည်းပြဆရာကလေးဖြစ်တဲ့အတိုင်းစုမှာ အလုပ်ကို ကြိုးစားပြီး၊ သူများတကာတွေ အချိန်ပြည့်တောင် မလုပ်ချင်တာကို စုက အချိန်ပိုဆင်းပြီးသင်ကြားပေးသေးတယ်။ ညနေစောင်းပြီး မိုးချုပ်ခါးနီးကျမှ အိမ်ပြန်ရောက်တာချည်းဘဲ။ ခုတလောဘုလာလေမလားလို့ စောစော အလုပ်ဆင်းဆင်း လာမိတယ်။

ဒါပေမဲ့ ဘုကဖြင့် မလာပါဘူးကွယ်။ကြာတော့လဲ စုဟာ စောစောမဆင်းတော့ဘဲ ဘုကို မေ့ပျောက်ပစ်ရတာပေါ့။ ဒါပေမဲ့ ဘုရေ My Fair Lady ပြဇာတ်မှာ “ဘု”နဲ့ တခါပြန်ဆုံကြတော့တာဘဲ။ ကိုယ်တို့ မဲလ်ဘုန်းမှာဒီပြဇာတ်ပြနေတာ တနှစ်ကျော်သွားပြီ။ ကိုယ်ဖြင့် ကြည့်ကို မကြည့်ရသေးဘူး။ လက်မှတ်ဆိုတာကကိုယ့်သူငယ်ချင်းမ “မိဂျန်” နဲ့ “ဂျိုနသန်”တို့ဟာ လက်မှတ်တွေ ယူထားပြီး ကြည့်ရမဲ့ ရက်ကျမှ ကင်ဗာရာမြို့တော်ကို ကိစ္စတစ်ခုနဲ့ သွားရမယ်ဖြစ်လာတော့ ကိုယ့်ကို ပြန်ရောင်းသွားတယ်။ ဒီမှာတင် ပြသနာကပေါ်လာပြန်တယ်။ ဒီပြဇာတ်ကို ကိုယ်တို့အိမ်သားတွေလဲ အကုန်ကြည့်ပြီးကြပြီ ဘုရဲ့ ၊ ကိုယ့်မှာလေ အချိန်မီဘုများ အိမ်လာလည်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့၊ ဘုကဖြင့် အစကို လုံးလုံးပျောက်နေတော့တာဘဲကိုး။ ဘာဘဲဖြစ်ဖြစ်လေ လက်မှတ်တွေ အလဟာသ မဖြစ်အောင်ဆိုပြီး စုလဲစုမောင်လေး ဂျင်မီကို ကြည့်ပြီးပေမဲ့ အဖော်လိုက်ခဲ့လို့ ခေါ်သွားရတာပေါ့။ အဲဒီကျမှ “ဘု”နဲ့ တစ်ခါပြန်ကြုံတွေ့ကြရတာကလားကွယ်။

ရုံရှေ့ရောက်တယ်ဆိုရင်ဘဲ တစ်ယောက်ထဲ မားမားကြီးရပ်နေတဲ့ ဘုကို ပက်ပင်းတိုးလိုက်မိတော့တာဘဲ၊ စုဖြင့်လာမည်ပြောပြီး မလာတဲ့လူကြီးကို

ရန်တွေ့ချင်တာမှလေ မကောင်းတတ်လွန်းလို့ အိန္ဒြေဆယ်ပြီး“ပျောက်နေတာ ကြာလှပြီဘု”လို့ နှုတ်ဆက်ရတယ်။ ဘုမှာလဲ ပျာပျာသလဲ စုကို ပြန်နှုတ်ဆက်ပြီး ဒီနေ့ညနေမှကင်ဗာရာမြို့က ပြန်ရောက်ကြောင်း စုနဲ့ တွေ့ပြီး နောက်တနေ့ဘဲ အလုပ်ကိစ္စနဲ့ ကင်ဗရာက သွားရကြောင်းပြန်ရောက်ရောက်ချင်းဘဲ စုရဲ့ တယ်လီဖုန်းနံပါတ်ကို အင်ကွင်ယာရီမှာ စုံစမ်းပြီး လှမ်း ဖုန်းဆက်ကြောင်း၊ စုတို့ပြဇာတ်ကို သွားကြတယ်ဆိုလို့ အမှီလိုက်လာခြင်းဖြစ်ကြောင်း ရှင်းပြတယ်။

ကိုယ်လဲ ဘုအပေါ်မှာအထင်မှားပြီး စိတ်တိုနေမိတာတွေ လျှော့ဆင်း ပျက်ပြယ်သွားရပါတယ်။ မောင်းလေး ဂျင်မီကလဲစိတ်မပါတပါနဲ့ လိုက်လာရတဲ့သူ ဖြစ်လေတော့ ဘုကို သူ့လက်မှတ်ထိုးပေးပြီး မျက်စိတဖက် မှိတ်ပြပြီးလစ်ပါလေရော။ ဒီလိုနဲ့ ဘုနဲ့စုတို့လဲ ပြဇာတ်ကို အတူယှဉ်တွဲပြီး ကြည့်ခဲ့ကြတယ်။

“ကျွန်တော် ဒီပြဇာတ်ကို ကြည့်ချင်နေတာကြာလှပြီစု။ ဗမာပြည်မှာကတည်းက ခေတ်ပြားထဲက သီချင်းတွေနားထောင်ခဲ့ရလို့ သိပ်ကြိုက်နေတယ်”

ရုံထဲမှာ ဘုက ကိုယ့်ပခုံးကို တယုတယ ကိုင်ကိုင်ပြီး အဲသလို နှစ်ကိုယ်ကြားပြောတယ်၊ ဘုဟာ ဆန်းတဲ့ယောကျ်ားတစ်ယောက်ပါပဲ ကွယ်၊ ကိုယ့်ပခုံးကို ကိုင်တယ်ဆိုပေမဲ့ ဖျာပွတဲ့ စိတ်နဲ့ ကိုင်တာ မဟုတ်ဘူးဆိုတာကိုယ်သိပါတယ်၊ ဘုကို ဆက်ဆံတာဟာ ဝတ်ကျေ တန်းကျေလဲ မဟုတ်၊ အလွန်အကျူး အရောတဝင်လည်းမဟုတ်ဖူး၊ ဒါပေမဲ့ ပိုင်ပိုင်နိုင်နိုင် ရှိတယ်ကွယ်၊ ဘုလဲ အသိသား မဟုတ်လား၊ ကိုယ်တို့ မိန်းမတွေဟာပိုင်နိုင်စိတ်ထားတဲ့ ယောကျ်ားကို မြတ်နိုးကြတယ်ဆိုတာလေ။ မရွံ့မရဲ ကျွဲဖြဲစီးချင်တဲ့ ယောကျ်ားတွေ ဆိုရင်မကြိုက်ချင်ဘူး၊ နိုင့်ထက်ကလူ စိတ်ရှိသူကိုလဲ သဘောမကျဘူး၊ ဒါပေမဲ့ “မိန်းမဟာ မိန်းမဘဲ”လို့သဘောထားပြီး ပိုင်ပိုင်နိုင်နိုင် နွေးနွေး ထွေးထွေး ဖက်တဲ့ သူကိုတော့ ချစ်တတ်ကြတယ် ဘုရေ။

ပြန်တော့ တက္ကစီနဲ့ ပြန်ခဲ့ကြတယ်၊ လမ်းမှာ ဘုအကြောင်း အကျဉ်းချုပ်ပြီး ပြောပြသွားတယ်။ ဘုကပညာတော်သင် လာရောက်နေတာတဲ့လေ၊ ဘုတို့ ဗမာပြည်မှာ ချမ်းသာကြွယ်ဝတဲ့ မိဘတွေရှိကြောင်းလဲ သိရတယ်။ ဘု နောက်တလလောက်ကြရင် ပြန်တော့မယ်ဆိုတာလဲ သိရတယ်။ ပြီးတော့ ဘုက “ဘုမှာရည်းစား တဒါဇင်ရှိပြီ၊ ဆယ့်သုံးယောက်ပြည့်ဖို့တော့ လိုသေးတယ်၊ ဆယ့်သုံးယောက်ပြည့်ရင် ဘုမိန်းမယူတော့မယ်၊ နို့မို့ရင် ဘယ်တော့မှ မရဘူးလို့ ဘု အယုံအကြည်ရှိတယ်”လို့လဲ ရယ်စရာ လုပ်ပြောသေးတယ်။

အိမ်ပြန်ရောက်တော့ တော်တော်ကလေး မိုးချုပ်နေပြီ။ အမှန်ဆိုရင်

အိမ်ခြံတံခါးဝမှာ “ကောင်းသောည”လို့နှုတ်ဆက်ပြီး ပြန်ရုံပါဘဲ၊ ဒါပေမဲ့ ဘုက ခွေးကလေး တီနိုကို နှုတ်ဆက်ချင်တယ်လို့ ပြောတာနဲ့ သံဇကာပတ်ကာထားတဲ့ ခွေးခြံဘက်ကို လျှောက်ခဲ့ကြသေးတယ်။ တီနိုဟာ ငယ်သေးတော့ အအိပ်ကြီးပါပေရဲ့ ဘုရယ်၊ဘုက နားရွက်ကလေးကိုဆွဲပြီး “ထလေ”ဆိုတာ အင်းမလှုပ်ဘူး၊ ဘုက ခါးကို တို့မှ ယောင်ပြီးဟောင်လိုက်တာဆိုတာလေ ကိုယ်တောင်လန့်ပြီး ဘုရင်ခွင်ထဲ ပြေးဝင်မိလေရဲ့။

ဘုက ကိုယ့်ကို အသာအယာ သိုင်းဖက်ပြီး “စုကို ကောင်းသော ညလို့.. ရိုးရိုးနှုတ်မဆက်ဘဲ အနမ်းနဲ့နှုတ်ဆက်ချင်တယ်။ ကျွန်တော်ကို အထင်မသေးပါနဲ့”လို့ ရိုးရိုးကြီး ပြောတယ်၊ ကိုယ်ဖြင့်လေ သက်သက်မချင့်မရဲ လုပ်တဲ့ဘုကို အမြင်တောင် ကပ်မိတယ်၊ အဟုတ်ကို ကိုယ့်စိတ်ကို သိသွားဟန်တူပါရဲ့၊ ဘုကချက်ချင်းပဲ အသံလွင်လွင်ကြီးနဲ့ ရယ်လိုက်ပြီး ကိုယ့်ကို နှုတ်ခမ်းပေါ်မှာ ဖိကပ်ပြီး ခပ်သာသာ နမ်းပါတယ်၊နမ်းရာမှာလဲ ဘုဟာ ကျွမ်းကျင်သူ တယောက်ပါပဲကွယ်။

နမ်းနေတုန်းမှာ“အားကိုက်တယ်လို့” ဘုက အော်ပြီး ကိုယ့်ကို လွှတ်လိုက်တော့ ကိုယ်လဲ “အမယ် ဘုကိုဘယ်မှာကိုက်လို့လဲ” လို့ စိတ်တိုတိုနဲ့ ပြောလိုက်မိသေးတယ်၊ ဘုက ရယ်ပြီး “မဟုတ်ဘူး ကိုက်တာက တီနို”လို့ပြောတာနဲ့ ငုံ့ကြည့်မှ တီနိုဟာ ဘုရဲ့ ခြေထောက်ကို ကျီစားပြီး ခဲထားတာ တွေ့တယ်ကွယ်၊ သူ့သခင်မကိုနမ်းလို့ မကျေမချမ်းဘူး ထင်ပါရဲ့နော် ဘု။

အဲဒီနေ့က စပြီး ဘုရဲ့ကောင်းသောည အနမ်းတွေနဲ့ အဆက်မပြတ် ဆုံစည်းခဲ့ရပါတယ်ကွယ်။ တဖြည်းဖြည်းနဲ့ဘုဟာလဲ လမ်းတွေကို မှတ်မိပြီး ညဘက်တိုင်ရောက်ရင် ကိုယ်တို့ဘက်ကို လျှောက်လျှောက်လာတတ်ပါတယ်၊ လက်ဦးမတော့ ဘုဟာ မေးချင်တာတွေ မမေးဘဲ ထိန်ထိန်ဝှက်ဝှက် ကလေးဘဲ ကိုယ်နဲ့ စကားပြောတယ်၊ကြာကြီးကြာလာတော့မှ မရှိဘူးလားဆိုတဲ့ မေးခွန်းမျိုးကို သွယ်ဝိုက်ပြီး မေးလာတယ်၊ ကိုယ်သိပါတယ် ဘုရယ်၊ကိုယ့်ကို ယဉ်ကျေးမှုနဲ့ဆိုရင် “ဒိတ်”အတွဲဆိုတာ မိန်းကလေးတိုင်းမှ ရှိကြတာချည်းပဲ ဖြစ်လို့ ကိုယ့်ကျမှအတွဲမဲ့ဖြစ်နေတာကို အံ့ဩနေတယ် မဟုတ်လား။

ကိုယ်လဲ ဘုရဲ့ အမေးကို ရိုးရိုးစင်းစင်းပဲ ပြောလိုက်တယ်လေ။ ကိုယ့်မှာ “ဒိတင်မက စစ်မှန်တဲ့ချစ်သူတောင် ရှိဘူးပါတယ် ဘုရယ်၊ စုတို့ဟာ တစ်ယောက်နဲ့တစ်ယောက် အသက်ပေး ချစ်တဲ့သူတွေဖြစ်ခဲ့ကြပါတယ်၊ ဖူးစာကံမျှား ဆန်းကြယ်လှတယ် ဘုရေ၊ ဘယ်သူ့ ပယောဂမှ မပါဘဲနဲ့ စုတို့မှာအခြောက်တိုက် ဗလာချီ ကွဲသွားကြရတယ်၊ အကြောင်းကတော့ ဒီလိုဘုရေ့၊ စုက ငယ်ငယ် သူက ငယ်ငယ်ဆယ်ကျော်သက် အရွယ်လောက်တုန်းကပေါ့လေ၊ တယောက်နဲ့တယောက် တနေရာမှာ ချိန်းပြီး တွေ့ဖို့အစီအစဉ်လုပ်ကြတယ်၊

ဒါပေမယ့် "အချိန်"လဲ နားကြားလွဲပြီး တယောက်ကို တယောက် ဒေါသဖြစ်ဖြစ်နဲ့ စောင့်နေခဲ့ကြရတယ်၊ မလာတော့လဲ ပြန်ကြတာပေါ့လေ၊ နောက်နေ့တွေကျတော့ သူ့ကို တခြား မိန်းကလေးနဲ့တွဲနေတာတွေ့ရတယ်၊ စုလဲ မမေးမမြန်းဘဲ အဆက်ဖြတ်လိုက်တော့တာဘဲ၊ ဒါနဲ့ သမီးရည်းစားအခြောက်တိုက် ကွဲကြတာပါဘဲကွယ်၊ ပြီးတော့ အကြောင်းက ဘာမှလဲ မဟုတ်ဘူး၊ စုအဖို့တော့ အဲဒီကတဲက နောင်ကြဉ်သွားပြီး ကြင်ဖော်ဆိုရင် ဝေးဝေးက ရှောင်ရှားခဲ့ပါတယ်၊ ဘုက စုအကြောင်း သိရတော့ အံ့သြဟန်တူတယ်၊ စုကို စိုက်ကြည့်ပြီး.. သက်ပြင်းချတယ်၊ ပြီးမှ "လာ... စု ကိုယ်တို့ ကပွဲသွားရအောင်"လို့မမြွော်လင့်ဘဲ ခေါ်ပြန်လေရာ။

ကိုယ်ဖြင့်လေ "ဘု"ကို ကတတ်တယ်လို့ မထင်ဘူး ကတတ်သည့်တိုင်အောင် ကျင်လည်သပ်ရပ်လိမ့်မယ်မထင်ဘူး ဘုကို ကြည့်ရတာ စပို့တ်စ်မင်း အားကစားသမားနဲ့တူတော့ အကဘက် ဝါသနာပါလိမ့်မယ်လို့မထင်ခဲ့ဘူး ဘုဟာ ကိုယ်နဲ့ တွဲပြီး ကပွဲကို ဝင်တော့လဲ အဖြောင့်ဘဲ။ ပြီးတော့ အကပြက်လုံးအကွက်ဆန်းကလေးတွေကို ကတတ်သေးတော့ ဘေးပရိသတ်တွေကတောင် ဘုကို သြဘာပေးကြသေးတယ်၊ ပြီးတော့ တခါ ဘုရဲ့ ကိုယ်ရနံ့ကို ကောင်းကောင်းကြီး သတိထားမိပါတယ်၊ ကျန်းမာသန်စွမ်းတဲ့ ယောကျ်ားတွေမှာ ကိုယ်နံ့ကလေး သင်းသင်းတမျိုး ရှိတယ် ဘု၊ ဘုတို့ ယောကျ်ားတွေကတော့ သိမှာမဟုတ်ဘူး ကိုယ်တို့မိန်းမတွေကတော့ နှာဝမှာ ကောင်းကောင်းကြီး ခံစားတတ်ပါတယ်၊ဒီကိုယ်ရနံ့ကလေးဟာလဲ မိန်းမမက်ဆေးတပါးပါဘု။ ဘုမှာ ချစ်စရာကိုယ်နံ့လေးရှိတယ်၊ ဘုရဲ့ ရင်ခွင်ထဲမှာတွဲမှီပြီး ကရလေလေ ကိုယ့်မှာ ပီတိဖြစ်ရလေလေပါ ဘု။ အင်း... အဲဒီညမှာတော့ ဘုရေ ဘုက ကိုယ့်ကိုချစ်ရေးဆိုပါစေလို့ ကိုယ့်မှာ ကျိတ်ဆုတောင်းလိုက်ရတာ အမောဘဲ၊ အင်း... နောက်ဆုံးတော့မောရတာပါဘဲကွယ် လူယဉ်ကျေးကြီး ဘုဟာ ကိုယ့်ကို ကောင်းသောည အနမ်းနဲ့ နှုတ်ဆက်ပြီးအမြီးနှံ့ကြိုဆိုနေတဲ့ တီနိုရဲ့ ခေါင်းကို တချက်ဝင်ပုတ်ပြီး ပြန်တာပါဘဲ။

ချစ်ရေးသာ မဆိုတဲ့ဘုဟာ အားလပ်တိုင်း ကိုယ့်ဆီရောက်လာတတ်တာချည်းဘဲ ပြန်တိုင်းလဲ အနမ်းနဲ့နှုတ်ဆက်တာဘဲ။ ပြီးတော့ "တီနို"ကို နှုတ်ဆက်ဖို့လဲ ဘယ်တော့မှ မမေ့ဘူး။

ဘုနဲ့ကိုယ်ဟာ Tivoli ဇာတ်ရုံက ပွဲတွေဆို မလွတ်တမ်း၊ ပွိုင့်ကွက်အငူမှာ လေညှင်းခံမယ်ဆိုရင် မမောတမ်း၊ဘု ဝါသနာပါတဲ့ ဂေါက်သီးပြိုင်ပွဲတွေ လိုက်ကြည့်ရမယ်ဆိုရင် မနားတမ်းနဲ့ တတွဲတွဲ ပျော်မဆုံးပါဘဲ၊ ဘုရယ်အဲသလို သွားတိုင်းလာတိုင်းမှာ တခါနှစ်ခါဆိုသလို ဘုက စကားစပ်မရှိရာက " စု ဒီမှာ"လို့ ဖြိုးစားဖြင်းစားကြီးကိုယ့်ကို ခေါ်တတ်တယ်။ ကိုယ်က စကားအလာကို

စောင်ငေးကြည့်တော့ ဘုဟာ ဘာမှ မပြောတော့ဘဲ“အင်း.. အဲ”နဲ့ တခြားစကားတွေ လှည့်ပစ်လိုက်တာချည်းဘဲ ကိုယ့်မှာဖြင့် နှုတ်မြွက်ဝစီ ဘယ်တော့ချီပမယ်ဆိုဒါ စောင့်ရင်းစောင့်ရင်း မောလိုက်တာလေ မပြောပါနဲ့တော့။

ဒီလိုနဲ့ ဘုပြန်ရမဲ့ ရက်ဟာ နီးကပ်လာပါရောကွယ်။ ကိုယ်လေ ဘုကသာ “စုကို ကိုယ်ချစ်တယ် ကိုယ်နဲ့ဗမာပြည်ကို လိုက်ခဲ့ပါလားကွယ်” လို့များ စကားစရင် “အင်း”လို့ တလုံးထဲ ပြောပစ်လိုက်မိမှာပါဘဲ။ ဘုကတော့နှုတ်ခွန်းရွှေတော် လုံးလုံးမဟပါဘူးလေ။ နှုတ်ခွန်းသာ မဟတယ်၊ ဘုရဲ့ အပြွေ့အပိုက် အယုအယတွေကတော့သိပ်ပြီး ကြင်နာလွန်းပါတယ်ကွယ်။ ဒါပေမဲ့ ကိုယ်တို့ မိန်းမစိတ်ရဲ့ အတွေးဟာ တခါတလေတော့လဲ အင်မတန်ချွတ်ချော်ပါကလားလို့ သဘောပေါက်ရမဲ့နေ့ဟာ ဒိုင်းကနဲ ရောက်လာပါတော့တယ်။

စနေနေ့ တနေ့မှာပေါ့ ကိုယ် အက သင်ပြတဲ့ ကျောင်းမှာလာပြီး ဘုထိုင်စောင့်နေတယ်။ ကိုယ်အလုပ်ပြီးလို့အခန်းထဲက ထွက်လာရော ဘုက ရှေ့က ကာဆီးလိုက်ပြီး “ကဲ... စု... ကိုယ်နဲ့ လိုက်ခဲ့လာ၊ Lunar Parkရယ်ရွှင်ပြပွဲသွားမယ်”လို့ တုံးတိကြီး ဆွဲခေါ်တယ်။ ကိုယ်လဲ ဘု ချစ်၍ ခေါ်ရာ လိုက်ခဲ့ရပြန်တာပေါ့လေ။ LunarPark ဆိုတာ ကစားစရာ၊ ပျော်စရာ အစုံရှိတဲ့ ဝင်ကြေးနဲ့ ဝင်ကစားရတဲ့ ကစားကွင်းကြီးပေါ့။ စနေနေ့တိုင်းဖွင့်တယ်။ ကားကလေးတွေ၊ မျက်လှည့်များ? သေနတ်ပစ် အစုံပဲပေါ့/ ဘုဟာ လည်ပတ်တဲ့ “ဘီး”ကြီးဆီ တန်းတန်းမတ်မတ်သွားပြီး ချိတ်ဆွဲထားတဲ့ နှစ်ယောက်ထိုင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ “ဘီး”ကြီးလဲ ဘုနဲ့ကိုယ်တို့ထိုင်မိတာနဲ့ အချိန်စေ့လို့ လည်ပတ်ပါလေရော။ ကိုယ်တို့လဲ ကောင်းကင်ကိုမြင့်တက်သွားရတာပေါ့လေ။ အဲဒီတင် ကိုရွှေချော ဘုက ဘာမပြော ညာမပြောနဲ့ ကိုယ့်ကို ဖက်နမ်းတယ်။ ပြီးတော့ “စုကို ကိုယ်ပြောမယ် ပြောမယ်နဲ့ မပြောရက်ဘဲ နေတာ ကြာလှပြီ၊ ခုတော့ ပြန်ခါနီးမို့ ပြောတော့မယ်၊ကိုယ့်ကို စိတ်မဆိုးနဲ့နော်”လို့ စကားပလင်ခံလိုက်တယ်။

လာချေပြီ ဘုရေ၊ ကိုယ်ဖြင့်လေ ရင်တဒိတ်ဒိတ်ခုန်ရင်းက “ပြောပါ ဘုရယ်”လို့ တိုးတိုးလေးခွင့်ပေးလိုက်မိတယ်။ အဲဒီတုန်းက ဘုပြောတဲ့ စကားလုံးတွေကို ဘုမှတ်မိပါရဲ့လားဟင်။

ကိုတို့ ဗမာပြည်မှာ ခွေးမျိုးကောင်း အင်မတန် ရှားတယ်၊ ကိုယ်လေ ခွေးသိပ်ချစ်တတ်တယ်စု။ ကိုယ့်မှာလက်ထပ်ဖို့ စေ့စပ်ထားတဲ့ မိန်းခလေးတစ်ယောက် ရှိတယ်။ ကိုယ် သူ့ကို ခွေးလက်ဆောင်ပေးချင်တယ် စုရယ်၊ အဲဒါ စုကို အမြဲသတိရပြီးနေအောင်လို့ စုရဲ့ “တီနို”ကို ကိုယ့်ပေးပါလားဟင်”တဲ့ ဘုရေ။

ထင်ခဲ့သမျှနဲ့ တက်တက်စင် လွဲနေလို့ ကိုယ့်မှာလေ ဝမ်းနည်းစိတ်နဲ့

မျက်ရည်များတောင် လည်မိပါတယ်။ဘုကလဲ ရုတ်တရက်တော့ တဖက်သား စိတ်ထဲ ဘယ်လိုဖြစ်နေတာကို အကဲမခတ်ဘဲ စွတ်မိစွတ်ရာပြောရသလားလို့ ဒေါသဖြစ်လိုက်မိသေးတယ်၊ ဒါပေမဲ့ ကိုယ်ကသာ စိတ်ကူးယဉ်ပြီး ချစ်နေမိသေးတယ်၊ ဘုခမြာကတော့ "ချစ်တယ်"ဆိုတဲ့ အဆင့်မှာသာ ရှိပါကလား။ ငါ မုန်းတဲ့စိတ် မထားသင့်ဘူးလို့ ဖြေရပါတယ်။ဒါကြောင့် "ပေးပါတယ် ဘုရယ်"လို့ ပြန်ပြောလိုက်ပါတယ်။ ဘုက "ကျေးဇူးတင်လိုက်တာကွာ"လို့ ပြောပြီးထပ်ခါတလဲလဲ နမ်းတော့ ကိုယ့်မှာ မျက်ရည်တပေါက်ပေါက်ကျမိပါတယ်။

အင်း .. ဘုအပြန်မှာ ကိုယ်လဲ "တီနို"ကို ထည့်ပေးလိုက်တယ်လေ၊ ဘုကလဲ လူတစ်ယောက်ခရီးစရိတ်လောက် ကုန်ကျတာကို မမှုဘဲ ဒီခွေးကလေးကို တယုတယယူသွားတယ်။ သြော်... ချစ်သူအတွက်ချစ်သက်လက်ဆောင်ပေပဲကိုး။

မှတ်မိသေးလား ဘု။ လေယာဉ်ကွင်းကို လိုက်ပို့ကြတုန်းကလေ၊ လေယာဉ်ပေါ် ဘုတက်ခါနီးမှာ ကိုယ်လဲမထိန်းချုပ်နိုင်တော့တာနဲ့ ဘုကို ဖက်ပြီ လူပုံအလယ်မှာ အတင်းနမ်းမိတယ်။ ပြီးတော့ "ဘုကို စု ချစ်တယ်"လို့တိုးတိုးပြောခဲ့မိပါတယ်။ ဘုဟာ စုကို ညို့ညို့ကြီး ကြည့်ပြီး မျက်ရည်များတောင် လည်ခဲ့သလိုဘဲ၊ ပြီးမှချာကနဲလှည့်ပြီး လေယာဉ်ပေါ် နေးကွေးလေးလံစွာ တက်သွားတော့တာဘဲ။

သြော်... ဘု ဘု၊ ဒီနေ့ဟာ ဘုပြန်သွားလို့ နှစ်နှစ်ပြည့်မြောက်တဲ့နေ့ပါလားကွယ်။ ဒါကြောင့် ကိုယ်လဲ သတိတရစာရေးလိုက်တာပါဘဲ။ဒါတွေကို ဘာဖြစ်လို့ ပြန်ပြောင်း အစဖော်ပြီး ရေးနေရတာလဲလို့ ဘုက မေးချင်မှာပဲနော်။ ဒီလို ဘုရေ...။

ကိုယ်လွန်ခဲ့တဲ့ သုံးလလောက်ကပဲ ကိုယ့်ချစ်သူ ရည်းစားဟောင်းနဲ့ လက်ထပ်လိုက်ကြတယ်၊ ကိုယ်သူ့ကိုချစ်ပါတယ်။ ချစ်လို့လဲ လက်ထပ်လိုက်တာပေပ။ ဒါပေမဲ့ ဘုကိုချစ်တဲ့ အချစ်ဟာတော့ ကိုယ့်မှာ လျှော့မသွားပါဘူး။ ကိုယ့်ခင်ပွန်းကိုလဲ ... ဒီအကြောင်း ပြောပြပြီးပြီ။ ဘာကြောင့်ပြောရသလဲ သိလားဘု၊ကိုယ်ဘုကို အခုချစ်တာဟာ ပိုင်ဆိုင်တဲ့အချစ် မဟုတ်တော့လို့ ဘုရေ၊ ဘုနဲ့ မနီးချင်ပါဘူး။ ဘုရဲ့ ရင်ခွင်ကိုလဲမဝင်ချင်တော့ပါဘူး၊ ဒါပေမဲ့ ကိုယ်ဘုကို တသက်လုံး ချစ်နေမှာပဲ၊ နားလည်မလား ဘု...။ကိုယ် ဒီစာကိုရေးပြီးတော့ ကိုယ့်ခင်ပွန်းကို ပြကြည့်မယ်။ သူက သဘောကျမှ စာတိုက်ကနေ ထည့်မှာပါ...။

စာလဲ ရှည်သွားပြီ ဘုရေ၊ထာဝရအချစ်နှင့်"စု"

တက္ကသိုလ်ရိပ်သာလမ်းရန်ကုန်မြို့မြန်မာပြည်

ချစ်သော "စု"

စာကို တိုတိုပဲ ရေးပါရစေတော့ ယောကျ်ားရသွားပြီဆိုလို့ ကိုယ် ဝမ်းသာပါတယ်။ စုရဲ့ စိတ်ထဲမှာကိုယ့်ကိုဘယ်လို တိတ်တိတ်ပုန်း ချစ်ခဲ့ရတယ်ဆိုတာတွေကို ဖတ်ရတယ်၊ ကိုယ်သိပြီးသားပါ စုရယ်။

ခုမှ ကိုယ်ကလဲ ရှင်းပြပါရစေအုံး။ အဲဒီတုန်းက စုကို ကိုယ်ဘာဖြစ်လို့ "ချစ်တယ်"ဆိုတဲ့ စကားကိုမပြောသလဲဆိုရင် "ချစ်လို့" စုရေ၊ "ချစ်လို့"...။ မိန်းမတစ်ယောက်ကို တဏှာရာဂ လုံးဝမပါဘဲချစ်တဲ့အချစ်မျိုးဟာ ဒီကမ္ဘာမှာ ရှိပါတယ် စုရယ်။ ကိုယ်လေ စုကိုချစ်တယ်၊ မြတ်နိုးတယ်၊ ဒါပေမဲ့ ကိုယ်တို့ရဲ့ဘဝအခြေခံနှစ်ခုဟာ လားလားမှ မတူခဲ့ကြဘူး။ မိန်းမတယောက်ကိုချစ်မိရင် ကိုယ်ဟာ "ထာဝရ"ဖြစ်ချင်တယ်။ အနိမ့်အမြင့် အတက်အကျရယ်လို့ မရှိချင်ဘူး။

စုကို တွေ့တော့ ကိုယ်စုကို ချစ်မိတယ်။ ရှေ့ကိုဇွတ်တိုးပြီး ဘဝကြင်ဖော်အဖြစ် အတူနေရအောင် ကြိုးပမ်းကြရင် ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ လူမျိုးချင်းမတူလို့ကြာရှည်စွာ စိတ်ချမ်းသာကြပေမယ် မဟုတ်ဘူး စု၊ အချစ်ဆိုတာမျိုးဟာလဲ နေမှု ထိုင်မှုပေါ်မှာ တည်လို့တိုးခြင်းပွားခြင်း၊ ပျက်ခြင်း၊ ပြယ်ခြင်းရှိတယ် မဟုတ်လား။ ကိုယ်က ချစ်မိရင် ထာဝရ ဖြစ်ချင်တော့ "နီးစပ်"ဖို့ကိုအာသီသ မထားတော့ဘူး စုရေ။

ဒါကြောင့်မို့ စုက ဘယ်လို လမ်းကြောင်းပေးပေမဲ့ ကိုယ်လိုက်မနင်းခဲ့တာပါ။ သို့ပေမဲ့ စုရယ် ကိုယ်လဲ ပုထုဇဉ်ပဲမဟုတ်လား ခံစားမှု ရှိတန်သလောက်တော့ ရှိခဲ့ပါတယ်။ လေယာဉ်ပေါ် အတက်မှာ ကိုယ်မျက်ရည်ကျခဲ့ရပါတယ် စုရယ်။

"တီနို"ကို စုဆီက လက်ဆောင်တောင်းခဲ့ရတာဟာလဲ ကိုယ်လိမ်ပြီး တောင်းခဲ့တာပါ။ ကိုယ့်မှာ ဘယ်ကမှချစ်သူမရှိဘူး။ ဘယ်သူ့ကိုမှလဲ ပေးဖို့ မဟုတ်ဘူး၊ ကိုယ်နဲ့ စုကို စတင်တွေ့ရအောင် ဖန်တီးပေးခဲ့တဲ့ဒီခွေးကလေးကို အရိပ်တကြည့်ကြည့် မွေးချင်လို့ပါ။ တီနို သက်တမ်းကုန်လို့ သေသွားရင်သူ့အဆက်အနွယ်တွေကို ကိုယ်မွေးထားပြီး စုကို အမြဲ သတိရနေချင်လို့ပါ။ ဒါကြောင့် စုမှာလဲ ကိုယ့်ကို တစွဲလမ်းလမ်းဖြစ်နေတဲ့ စိတ်ပျောက်ပါစေလို့ အကြောင်းရင်းကိုလည်း ဆက်ပြောပြီး တောင်းခဲ့တာပါ စုရယ်။ ကိုယ့်ကို ခွင့်လွှတ်ပါ။ ကိုယ့်ဘဝဟာ အခုထက်ထိ အထီးကျန်ပါ စုလေး။

ကိုယ်လဲ တနေ့တော့ မိန်းမယူအုံးမှာပါ။ ဒါပေမဲ့ အဲဒီအခါမှာလဲ စုကို ချစ်တဲ့အချစ်ကတော့ ဘယ်တော့မှလျော့သွားမှာ မဟုတ်ဘူး။ ကိုယ်က စုကို

ပိုင်ဆိုင်လိုတဲ့သူမှ မဟုတ်ဘဲကွယ်။ စု ဘယ်သူ့ ဇနီးဖြစ်ဖြစ် ကိုယ်ချစ်နေမှာဘဲ၊ စု ဘယ်ဘဝရောက်ရောက် ကိုယ်ချစ် နေမှာပါ။ စု သေသွားလဲ ကိုယ်ချစ်နေမှာဘဲ။ ကိုယ့်အချစ်ဟာ ဒီလိုအချစ်မျိုးပါစု၊ စုက ကိုယ့်ကို ထာဝရ "အချစ်"နဲ့ ချစ်သလို ကိုယ်လဲ ထာဝရ "အချစ်"နဲ့ဘဲချစ်နေမိတယ် စုရယ်။

စုရဲ့ ခင်ပွန်း ကျန်းမာပါစေ။

"ဘု"

ဟိုတုန်းက ဟိုလိုဆုံးဖြတ်ခဲ့ပြီး ပြည်ဖုံးကားချနိုင်ခဲ့တယ် ထင်ခဲ့တာ ခုတော့ သံသရာ ချားရဟတ်လည်ပြီးကိုယ်တို့ရဲ့ ပြည်မြန်မာကိုတောင် စုတစ်ယောက် ရောက်လာခဲ့ပြီလေ။

မိန်းကလေးတစ်ယောက် ချစ်သူကြင်ဖော်နဲ့ စိတ်ဆိုးလို့ အိမ်က ဆင်းလာလိုက်တာ သမုဒ္ဒရာကြီး ကိုတောင်ဖြတ်ကျော်စွန့်စား လာခဲ့နိုင်ပါပေတယ် စုရယ်။

တကယ်တော့ ကိုယ် စိတ်ကူးအယဉ်ကြီး ယဉ်ခဲ့တဲ့ အမှားတရပ်က ရလာဒ်ထင်ပါရဲ့ စုရေ။

ကြည့်စမ်း၊ စုကို ကိုယ်ဟာ ထာဝရမေတ္တာနဲ့ ချစ်နေပါသတဲ့၊ ကိုယ်ချင်း မရင်းနှီးရပေမဲ့ မိန်းမတယောက်ကိုယောကျ်ားတယောက်ဟာ အချစ်စစ်အချစ်မှန်နဲ့ မချစ်နိုင်ရဘူးလားတဲ့။

ငယ်စဉ် ရွယ်စဉ်က အသဲကို အသက်သခင်လို့ ထင်ပြီး ချစ်ရင် ထာဝရပဲ ဖြစ်ရမယ်၊ နီးစပ်ဖို့ကိုတောင် အာသီသမထားပါဘူးလို့ ကိုယ်.. လှပတဲ့ စကားကို ပြောခဲ့မိတယ်။

ခုတော့...

ကိုယ့်စိတ်ကူးယဉ် အာလျှဟာ စုအတွက် မြှော်လင့်ချက် စေတသိတ်ဖြစ်နေတာကို ကိုယ် လုံးဝ သတိမထားတာကိုယ့် တကိုယ်ကောင်းဆံခြင်းတရပ်ဘဲ။

စဉ်းစားကြည့်ပါ စုရယ်၊ စဉ်းစားကြည့်ပါ။

မိန်းမတယောက်ကို မြှော်လင့်ချက် ပေးထားတာဟာ ကောင်းသော အမူအကျင့်လားလို့ စဉ်းစားကြည့်စမ်းပါ၊ မနီးစပ်နိုင်ရင် ယတိပြတ် ဖြတ်နိုင်ပေရမပေါ့၊ တနေ့သောအခါမှာ ဆိုတာကို မသိစိတ်ကလေးနဲ့ လက်ခံထားသမျှ ချစ်အသဲခွင်မှ အစ အမျှင်ကလေးတွေ ဖွာလန်ကျဲနေအုံးမှာဘဲ၊

တနေ့သောအခါမှာ တကယ့်ကိုပဲ ရှုပ်ထွေးလာပေအုံးမှာဘဲ၊ ချစ်တယ်ဆိုတာ ဝေးဝေးမှာ နေနေ နီးနီးမှာ နေနေ မိန်းမနဲ့ ယောကျ်ားချစ်သမျှမို့ တိပ သန့်ရှင်းတယ်လို့ ဘယ်သူမှ ရာခိုင်နှုန်းအပြည့် အာမ မခံနိုင်ပါဘူး။ အခုကိစ္စမှာ ဥပမေယျတွေးဆလို့ဘဲ ကြည့်ပါတော့။

ကိုယ်တို့မှာ ဘယ်လိုမှ မမြော်လင့်တဲ့ အရေးအခင်းကြီး ထင်ထင် ပေါ်လာရတယ်လေ။

ရေခြားမြေခြား ဝေလံ သီးခေါင်တဲ့ ရှုမြောင်စိမ့်စမ်းတွေ ပေါများရာ အာရှအစွန်အဖျားအထိ စုတယောက်ပေါက်ပေါက်စစ ရောက်လာလိမ့်မယ်လို့ ဘယ်လိုမှ မထင်ခဲ့တာ ဖြစ်လာတယ်။ စုဟာ ကိုယ့်အပေါ်မှာသံယောဇဉ်မကုန်ခဲ့ဘူး။ ဘယ်ကုန်ပါ့မလဲ စုရယ်၊ ကိုယ်က စု ရင် တနင့်နင့် ဖြစ်အောင် အမှာစကား ဆင့်ထားခဲ့မိပေတာကိုး။

ဒါကြောင့်မို့လို့ ကိုယ့်အပြစ်ပါလို့ ကိုယ်ပြောခဲ့တာပေါ့။

ရင့်ရင့်ကလေးပြောရရင်တော့ ကိုယ်မွေးတဲ့မီးပေါ့။

ကိုင်း ... ကိုယ်မွေးတဲ့မီး ကိုယ်ငြိမ်းတော့ ငြိမ်းချင်ရဲ့ လား။

ကိုယ့်ကိုယ်ကိုလဲ မေးစရာ မြန်းစရာ၊ စစ်စရာ ကြောစရာတွေ ဒုနဲ့ဒေး ရှိနေပါပြီ စု။

တကယ်တော့ ကိုယ့်ကိုယ်နှိုက်ကလဲ အာသာဆန္ဒမီးကို တညီးညီးလောင်စေတဲ့ ကိုယ့်ကိုယ်ကို ချစ်ခြင်းတွေ များနေပါတယ်၊ စုကိုတွေ့ပြီး ကိုယ်ဝမ်းသာပြီး စ စချင်း စုအမျိုးသား နေကောင်းလားဆိုတာ ကိုယ်မေးရမယ်။ စုကို ကာမပိုင်ရှိပြီးသား တယောက်အနေနဲ့ အညစ် အကြေးမျှမှ မတင်အောင် ကိုယ်စောင့်ရှောက်ရမယ် ဒါပေမဲ့ အဲသလို လုပ်သလား။

စုနဲ့ ကိုယ်တို့နှစ်ယောက် သိကြပါတယ်။

ကိုယ့်ကိုကိုယ်ချစ်တဲ့ တကိုယ်ကောင်းသမား၊ ကိုယ့်ဟာကိုယ် သနားပြီး အမှားကို မသိချင်ယောင်ဆောင်ကျူးလွန်လိုက်တယ်။ ခုတော့ ဘာဖြစ်သလဲ၊ ကာမဂုဏ်ညွတ်ကွင်း သံချိုင့်တွင်းက ပြန်တက်ဖို့မလွယ်တော့ဘူးပေါ့။

"ဘု စုကို ယူနိုင်မလား ဟင်"

ဆောင်းလယ် ညဥ့်သံသရာမှာ မိုးကြိုး မိုးပန်းတွေ အသွယ်သွယ် အတန်းတန်း အဆန်တကြယ် လျှပ်နွယ်တွေသွယ်ယှက် ဝင်းလက်သွားသလား၊ အောက်မေ့ရတယ် စုရယ်။ စုမေးတဲ့ မေးခွန်းဟာ ကိုယ့်အသဲကို

ရှစ်စိပ်ကွဲနေပါတယ်။ ကိုယ်လေ… မီးလင်းဖိုဘေးမှာ ဒူးနှစ်ဖက်ကွေးပြီး ထိုင်နေရာက ကြက်သီးမွေးညှင်း တဖြာဖြာနဲ့အိပ်ရာပေါ်မှ ကိုယ့်ကြင်စဦး အလှဖူးကို ငေးကြည့်မိပါတယ်။

ကိုယ် ဘယ်လို ဖြေရမှန်း မသိတော့ဘူး စု။

စု အမျိုးသားက စုကို လွတ်လပ်ခွင့်ပေးလိုက်တာမို့ စုက ကိုယ့်ကို ရဲရဲတင်းတင်း မေးလိုက်ခြင်း ဖြစ်မှန်းကိုယ်သိပါတယ်၊ ဒါပေမဲ့ ကိုယ် ဘယ်လို ဖြေရမလဲ။ ကိုယ်ငေးကြည့်နေတော့ စုဟာ ရှက်သယောင်ပြုပြီး မျက်လွှာချလိုက်ရာက လုံလုံခြုံခြုံ ဖြစ်အောင်စောင်ကျားကလေး ခြုံလိုက်ရှာတယ်။ စောင်ကျားစောင်ဖြူ ဘယ်လောက်ပါးပါး ဘယ်လောက်ထူထူတွေကို ခြုံပေမဲ့ မီးဖိုတွေကိုယ်စား ချစ်သူ အသွေးအသားနဲ့ ထွေးမထားရင် မနွေးနိုင်ပါဘူး စုရယ်။ ကိုယ် ဘယ်လိုဖြေရပါမလဲ။

"အခု ဖြေစရာမလိုပါဘူး ဘု နောက်နှစ် ခရစ္စမတ်ကျမှ ဖြေပါ"

စု တလုံးချင်း ပြောလိုက်ပြန်တော့ ငေးရာက ကြောင်ပြီး ကိုယ့်မှာ ယောင်တောင်တောင် ဖြစ်သွားမိပြန်ပါတယ်။

"နောက်နှစ်ကျ စု ဗမာပြည် လာအုံးမှာ မှုတ်လား"

ကိုယ်က နားမလည် ပါးမလည်နဲ့ ထပ်မေးပြန်တော့ စုက ကိုယ့်ကို ကြင်နာပြုံးကလေး ပြုံးပြပါတယ်။

"စု နက်ဖြန်ဆို ပြန်တော့မှာပါ၊ နောက်နှစ်လဲ လာဘို့ စိတ်မကူးပါဘူး"

"မလာတော့ဘူး ဟုတ်လား"

"ဟုတ်တယ်၊ စုကတော့ မလာတော့ဘူး လာရမှာက ဘုဘဲ"

"ကိုယ် နားမလည်သေးဘူး စုရယ်"

"စု ရှင်းပြပါမလဲလေ စုကို ယူနိုင် မယူနိုင်ဆိုတာ ဖြေဘို့ မလိုသေးဘူး ဆိုတာက ခရစ္စမတ်လက်ဆောင်အဖြစ်လိုချင်လို့ဘဲ၊ ဟို တောင်ကွဲစေတီ ရှိတဲ့ လေဆိပ်မှာ ဘုနဲ့ စတွေ့ရတုန်းကလေ ဟောဒီမြို့ပတ်ဝန်းကျင်ရှုခင်းတွေ လိုက်ကြည့်တုန်းကရော ဘုက စုကို ခရစ္စမတ်လက်ဆောင် ဘာပေးရမှန်း မသိဘူးလို့ပြောခဲ့တယ်နော်၊ စုကို ဘုရဲ့ အဖြေ ခရစ္စမတ်လက်ဆောင်အဖြစ် ပေးပေတော့၊ အဲဒါက… နောက်တနှစ်မှပါစုတို့ ဘုတို့ဟာ ခုလိုအခြေအနေရောက်အောင် ဆယ်နှစ်ဆယ်မိုးတောင် နေလာခဲ့နိုင်ကြတာမို့ နောက်တစ်နှစ်စောင့်ဘို့ ဝန်မလေးပါဘူး၊ စု ဘုကို ထာဝရ အချစ်နဲ့ ချစ်နေတာဘဲ စု

ရယ်”

ကိုင်း… ဒီထာဝရအချစ်ဟာ ကိုယ်တို့ နှစ်ယောက်ကို လောင်တိုက်သွင်းမိပြီး ဖြစ်နေပါပေါ့ကလား စုရေ။

“စုပြောတာ သဘောကျပါတယ်”

ကိုယ်ဟာ လက်ငင်း အခက်အခဲကို ရှောင်လို့ တိမ်းလို့ ရတာကိုပဲ ဝမ်းသာတာနဲ့ အဲသလို ပျာယီပျာယာပြောလိုက်မိတယ်၊ ပြီးမှ ကိုယ်နှုတ်အမူအရာ ကတိမ်းကပါးများ ဖြစ်သွားသလားလို့ စုကို မော်ကြည့်တော့မီးလင်းဖိုအနားကို ရောက်နှင့်ပြီးဖြစ်နေတဲ့ စု မျက်နှာကို နီးနီးကပ်ကပ် မြင်လိုက်ရတယ်။ ချစ်ရည်ရွှန်းတဲ့မျက်ဝန်းလဲ့ပြာပြာတွေဟာ ကိုယ့်ကို ခွင့်လွှတ်မြဲ ဖြစ်တာကို ကိုယ်တွေ့လိုက်ရပါတယ်။

စု။ စုရဲ့ မျက်လုံးပြာပြာလေးတွေကို ကိုယ်လေ တညလုံး အနီးကပ်စူးစိုက်ကြည့်ခဲ့ရတာကို တသက်လုံးမမေ့တော့ပါဘူး။ နံနက် မိုးသောက်အလင်းသို့ ရောက်ခါမှဘဲ စုတယောက်… အိပ်လိုက အိပ်တော့ဆိုပြီးသိပ်ပစ်ခဲ့ပြီးတော့ ဂျေဘီနဲ့ အေမီတို့ဆီ ကိုယ် အညောင်းပြေ လမ်းလျှောက်ခဲ့ပါတယ်။

နှင်းပွင့်နှင်းခဲ နှင်းပုလဲတွေကြားမှာ ထင်းရှူးနဲ့ ယူကလစ်နံ့တို့ကို ရှူရှိုက်ရင်း လမ်းလျှောက်ရတာဟာစိတ်ဝမ်းချမ်းမြေ့စရာပါပဲ၊ ကိုယ့်ချစ်သူ ဖြူဖြူဖွေးကလေး ကိုယ့်အိပ်ယာထက်မှာ စက်ပျော်လျက်ကျန်ရစ်ခဲ့လေရဲ့၊ ကိုယ်ပြန်သွားရင် နှင်းတောထဲ တိုးထားတဲ့ လက်အေးကြီးနဲ့ အထိတ်တလန့်ထိနှိုးလိုက်မှာဘဲလို့ အားခဲရင်း လမ်းလျှောက်ရတာဟာလဲ ပုဇွန်ဆိတ်ခုန် အရသာတမျိုးကလေးဖြစ်ပြန်ပါတယ်။

သို့သော်လဲ နံနက်ခင်းရဲ့ ကြည်နူးခြင်းရသဟာ ဂျေဘီတို့အိမ်ရောက်တော့ ဖြုန်းကနဲ ပျောက်ကွယ် သွားတော့တယ် စုရေ၊ ဒါလောက် ချမ်းချမ်းစီးစီးထဲမှာ နေမှမထွက်သေးဘူး ဂျေဘီတယောက်ဟာ သူ့အိမ်ပေါက်ဝ လှေကားထစ်မှာ ငူငူကြီးထိုင်လို့ နေတယ်။ ကိုယ့်ကို မြင်တော့“အေမီမရှိတော့ဘူး”လို့ တုံးတိတိ ပြောတယ်။

“ဘာဖြစ်ကြပြန်သလဲကွာ၊ မင်းတို့ဟာက ဒီလိုနေ့မျိုးမှာမှ ကတောက်ကဆ ဖြစ်ရသတဲ့လား၊ လိုက်မခေါ်တော့ဘူးလား”

အဲလို ကိုယ်က မေးတော့ ဒေါသနဲ့ မျက်ရည် တဝေဝေ တဝဲဝဲ ဖြစ်ရင်းက ဂျေဘီက မမောနိုင် မပန်းနိုင်ဘဲသူတို့ရဲ့ ဖြစ်ပုံပျက်ပုံ ကင်မွန်းခြုံ အားလုံး

ပြောပြလိုက်တယ်၊ ကိုယ်ထင်တဲ့ အတိုင်းပါပဲလေ၊ ညဥ့်ဦးပိုင်းကလာတဲ့ တယ်လီဖုန်းကိစ္စပဲ ဖြစ်ပါတော့တယ်။

"ညကလာတဲ့ တယ်လီဖုန်းက သူ့ချစ်သူဟောင်းဆိုပါတော့ ရစ်ချပ်ရာ၊ ကိုယ်တို့ ဗိုလ်သင်တန်းကျောင်း တက်တုန်းက အေမီ့ကို ပြိုင်ပိုးခဲ့ ကြတဲ့သူပေါ့၊ ထိုစဉ်က ဒီလူဟာ ကိုယ့်ထက်ဖြောင့်တော့ ချောတော့၊ လှတော့၊ တော်တော့ အေမီက သူ့ကိုလဲ ချစ်တယ်။ ကိုယ်ကလဲ လက်မလျှော့စိတ်မလျှော့ ဇွဲနဲ့ဘဲ ကြိုးကြိုးနဲ့ ဆက်ပြီး ပိုးပန်းခဲ့တယ်။ ဒါပေမဲ့ ပန်းကုံးစွပ်တော့ ကိုယ့်ကိုပဲ စွပ်တယ်"

"အေးလေ... ဒါဆိုရင်လဲ ပြီးတာပဲ မဟုတ်လား"

ဂျေဘီဟာ ကိုယ့်စကားကို ပျက်ရယ်ပြုတဲ့ အပြုံးနဲ့ တုံ့ပြန်ပါတယ်။

"မပြီးလို့ ဒီနေ့မှာ ဒီလိုဖြစ်ရတာပေါ့ ရစ်ချပ်ရာ၊ အေမီဟာ သူ့လူက မျက်နှာများတယ်ထင်လို့ စိတ်နာပြီး ကိုယ်နဲ့ရပြီးရင်တော့ ကိုယ့်ကို ချစ်လာပြီး သူ့လူကို မေ့နိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်။ နောက်တော့ သူ့လူက သူ့မှာအပြစ်မရှိကြောင်း သက်သေ သက်ကာယတွေ ပြတယ်လို့ ပြောတာပဲ၊ အေမီကတော့ သူ့ကို စိတ်ထဲအသဲထဲမှာ မထားတော့ဘူးလို့ ကိုယ့်ကို ပြောတာဘဲ၊ ဒါပေမဲ့ အေးလေ၊ အဲဒီ ဒါပေမဲ့ဟာ ဒီနေ့မှ ပေါက်ကွဲမှုကြီးဖြစ်လာတော့တာဘဲ၊ သူ့လူက တောင်ကြီးကို ရောက်တယ်။ အဲဒါကို အေမီက ကိုယ်မသိအောင် ဖုံးထားတယ်၊ရစ်ချပ်တို့ရှေ့မှာ တယ်လီဖုန်း လာတော့မှလဲ ကိုယ်သိရတယ်။ သူ ဖုံးထားတာကို ကိုယ်မကျေနပ်ဆုံးဘဲ၊သူ့စိတ်က သူ့လူကို မပြတ်နိုင်သေးလို့ ပွင့်ပွင့်လင်းလင်း မဆက်ဆံနိုင်တာပေါ့"

"အေး... ဒီစကားတွေ အချေအတင်ပြောမိကြပြီး ကတောက်ကဆ ဖြစ်ကြတော့ အေမီက ဒါလောက်တောင်ဖြစ်လှတာ သူ သဝန်တိုတဲ့ လူနောက်ကိုဘဲ လိုက်သွားတော့မှာဆိုပြီး ထွက်သွားတာပဲ မဟုတ်လား"

ကိုယ် စကားနဲနဲပြောခဲ့ပြီး အေမီ့ကို ရှာပုံတော်ဖွင့်ဘို့ ဂျေမီထံပါးက လှည့်ထွက်ခဲ့ပါတယ်၊ ဘာများပြောစရာလိုပါသေးလဲ စုရယ်။ ဒါမျိုးတွေဟာ ချစ်သူ ကြင်ဖော်တွေကြားထဲမှာ ဖြစ်မြဲဓမ္မတာမို့ စေ့စေ့ငုငုခရေစေ့တွင်းကျ မေးဘို့ မလိုပါဘူးလေ၊ သံသယကလေးတွေ အကင်းမသေနိုင်တဲ့ ချစ်သံသရာမှာ တယောက်ကို တယောက် စွပ်စွဲချက်တွေနဲ့ နာကျဉ်အောင်ပြောပြီး ရင်နာနာနဲ့ သူတလမ်း ကိုယ်တလမ်း ခွဲကြတာတွေဟာ မရှောင်မလွဲနိုင်ကြတဲ့ ချစ်နိယာမဖြစ်ကြောင်း ကိုယ် ကောင်းကောင်းသိခဲ့ပါတယ်။

အေမီကလဲ ကောင်းကောင်း သိတယ်။

ပြီးတော့ အေမီ့လူကလဲ … ကဲလေ… ဒီအကြောင်းကို နောက်မှပဲ ရှင်းပြစို့ရဲ့။လောလောဆယ်ဆယ်မှာတော့ ကိုယ် အေမီ့ကို လိုက်ခေါ်တယ်။ အေမီ ပြန်လိုက်လာတယ်၊ အေမီ့ကို ဂျေဘီ့လက်ထဲထည့်ခဲ့ပြီး ကိုယ် စုဆီကို သုတ်ခြေတင် ပြန်လာခဲ့တယ်ဆိုတာကို အကျဉ်းချုံးပြီး ပြောပြပါရစေ။

နှင်းမကွဲတကွဲ နေခြည် ယက်ကန်းရှယ်စ ပြုနေတဲ့ နံနက်လင်းစအခါမှာ ကိုယ် စထရင်းကို ပြန်လာခဲ့ပါတယ်၊ဒါပေမဲ့ နှင်းတောထဲ တိုးခဲ့တဲ့ လက်အေးကြီးနဲ့ စုကို မနှိုးရတော့ဘူး။ စုဟာ အိပ်နိုးအထမှာ လှပပြေစင်နေတဲ့ရွှေ(စထရင်း) ကျော့ရှင်းကလေးဖြစ်နေပြီလေ။ အချစ်ရည် အချစ်သွေးကြောင့် ဖွေးလှတဲ့ ပါးပြင်မှာ ပါးနီရောင်တလွင်လွင်ကလေး ရှိလို့နေပြီး စိုလန်းတဲ့နှုတ်ခမ်းနှစ်လွှာနဲ့ စုက ကိုယ့်ကို ဆီးကြိုပါတယ်။

စုကို နံနက်လမ်းလျှောက် မခေါ်ကောင်းလားလို့လဲ ချစ်စနိုးဟန်နဲ့ ကြိမ်းပါတယ်။

ကိုယ်က “တယောက်ထဲ လွတ်လွတ်လပ်လပ် ရှေ့ရေးကို တွေးကြည့်ချင်လို့ပါ”လို့ ပြန်ပြောတာကိုစုမှတ်မိမှာပေါ့နော်။

စုကတောင် ယောင်ပြီး “ဟုတ်လား၊ ဘာတွေ ဆုံးဖြတ်ချက်ချခဲ့သလဲ”လို့ မေးခဲ့သေးတယ်လေ။ အဲ့သည်တုန်းကမိန်းမတို့ရဲ့ သိချင်စိတ်ကြောင့် စုက မရမက မေးခဲ့မိရင်လဲ အကောင်းသား။ ခုတော့ “ဆောရီး ဆောရီး၊ ခရစ္စမတ်လက်ဆောင်အဖြစ်တောင်းတာ ပဲဟာ။ နောင်တစ်နှစ် စောင့်ရဦးမှာပေါ့လို့… စကားစသိမ်းပစ်လိုက်တော့ ကိုယ့်မှာရခဲ့တဲ့ အဖြေကို ကိုယ့်ဝမ်းထဲမှာပဲ မြှုပ်ထားလိုက်ရ ပါတော့တယ်။

ကိုယ်တို့ တောင်ကြီးကနေပြီး တက္ကစီကားနဲ့ပဲ ဟဲဟိုးကို ဆင်းကြတယ်လေ။

အေမီနဲ့ ဂျေဘီတို့ကို ကိုယ် ဒုက္ခမပေးချင်လို့ပါဘဲ၊ သူတို့ရဲ့ အချစ်ဆေးကလေးကို ပြန်လည် (နွေး)နေတဲ့အခိုက်မှာ တခြားကို အာရုံ ရောက်မသွားစေချင်တဲ့ စေတနာကြောင့်ဘဲ ဖြစ်ပါတယ်။

ကိုယ်တို့အဖို့လဲ မခွဲနိုင် မခွာရက် တယောက်တယောက် တွဲပြီး အချိန်ပြည့် လွတ်လပ်စွာ နေနိုင်ကြတယ် မဟုတ်လား။ ဟဲဟိုး လေဆိပ်မှာ လေယာဉ်နောက်ကျလို့ မိုးချုပ်အထိ စောင့်ကြရတယ်။

လား .. လား .. ကိုယ်တို့ရဲ့ အပြန်ခရီး လေကူးတို့မှူးများဟာ ကပ္ပတိန်အေးမင်းတို့ ဖြစ်နေကြပြန်ပါတယ်၊ “ခင်ဗျားတို့ ကြာကြာနေရအောင်

တမင်နောက်ကျပေးတာဗျ”လို့ သူတို့က စုနဲ့ ကိုယ့်ကို နောက်ပြောင်ကြသေးတယ်။ အဲဒီတုန်းက ခပ်ဟားဟားကလေး သွားဖွေးဖွေးနဲ့ ရယ်နိုင်ကြပါရဲ့။

လေယာဉ်ပေါ်မှာတော့ ကိုယ်တို့ဟာ အလွမ်းဇာတ်ကို သတ်သတ်ခတ်ခတ်ကလေး ကျင်းပလိုက်ရပါတယ်။ဘာကြောင့်လဲဆိုတော့ ဇော်မော်က ကမ္ဘာ့အနောက်ဖျားထဲကို နောက်တခေါက် ထွက်ခဲ့ရတဲ့ လေယာဉ် ဒီနေ့ညသုံးနာရီမှာဘဲ မင်္ဂလာဒုံလေဆိပ်က ထွက်ခွာတော့မယ်ဆိုတဲ့ အကြောင်း... သတင်းမကောင်းတကောင်းကြီးပါးလိုက်လို့ဘဲ။

ခွဲရခါနီးကျတော့လဲ သဲမြည့်တွေမှာ လောကနတ်ကို မလိုတမာ ဖြစ်ကြရလောက်အောင် ရင်တွင်း ငြိမ်းချမ်းရေးမရနိုင်တော့ဘဲ သဲဝ ဘလောင်ဆူ... အယူမဖြေနိုင်အောင် ဖြစ်ကြရပါတယ်။

စုကတော့ ဖွဲ့ ဖွဲ့နွဲ့နွဲ့တီတီတာတာ ပြောတတ်ရှာတဲ့ မိန်းကလေး မဟုတ်လေတော့...

“ခရစ္စမတ်လက်ဆောင်ကို မမေ့ပါနဲ့ ဘုရယ်။ ခရစ္စမတ်လက်ဆောင်ကို မမေ့ပါနဲ့...”

တတွတ်တွတ် တစာစာပြောရင်း မျက်ရည်ဖြာနေရှာတော့တယ်...။

ဒီအချိန် ဒီကာလဆိုတာမျိုးက တွတ်ထိုးတီတာစရာ... အချိန်မဟုတ်သေးသမို့ ကိုယ်ကလဲစုရဲ့ မျက်ရည်စကလေးတွေကို ကိုယ့်အနမ်းများနဲ့ ကောင်းသင်း ကောင်းသိမ်းဆည်းပေးရပါတယ်..။

ဇော်မော်တို့က မသိချင်ယောင် မမြင်ချင်ယောင်ဆောင်နေကြလေရဲ့...။

တကယ်တော့ စုရယ်... စုနဲ့ ကိုယ်တို့ဟာ နောင်လာလတ္တံ့သော အဖြေကို မသိချင်ယောင် မမြင်ချင်ယောင် ဆောင်နေကြတာပါကွယ်။ လာတော့မဲ့ ဘေးကို အဝေးမှာ ခဏနေအုံးဆိုပြီး သတိမမူချင်ဟန် ဆောင်နေကြတာပါ။

မင်္ဂလာဒုံလေဆိပ်ကနေ တည်းခိုခန်းကို မသွားတော့ဘဲ လေယာဉ်ကြီးအလာကို စောင့်နေကြရတဲ့ အချိန်ပိုင်းမှာတော့ ကိုယ်တို့တတွေ ဟန်ဆောင်မှု မျက်နှာဖုံးကို ခေတ္တ ဘေးဖယ်ထားခဲ့ပြန်တယ်။ စုနဲ့ ကိုယ်ဟာ လေဆိပ်အဆောက်အဦးကို လူရှင်းတဲ့ ဒေါင့်တဒေါင့်မှာ နောင့်သည်းချာချင်း ယှက်ကာ ထွေးပြီးအဆွေးနည်းတရာနဲ့ ဆွေးစိတ်တွေ ခဝါချနေလိုက်ကြပါတယ်။

ကပ္ပတိန်အေးမင်းတို့ ဇော်မော်တို့က ကိုယ့်ကို စုတို့ လေယာဉ်ထွက်ပြီးတဲ့အချိန်ကျရင် သူတို့ရှိရာ လေဆိပ်စထရင်းကို တက်ခဲ့ပါတဲ့၊

သဘောကတော့ ရုတ်တရက် ကွဲအက်သွားမယ့် အသဲလွှာကို အမျိုးသားတို့ရဲ့ အလွယ်နည်း အရည်ယမကာနဲ့ ခေတ္တဆေးကျောပေးဘို့ပေါ့၊ မိတ်ဆွေပီသကြပေတာကိုး။

"ခရစ္စမတ်လက်ဆောင်ကို မမေ့ပါနဲ့ ဘုရယ်၊ ခရစ္စမတ်လက်ဆောင်ကို မမေ့ပါနဲ့..."

တဆို့ဆို့တနင့်နင့်ဖြင့် ဆိုရှာရင်းက သူ့အတွက် အသက်တမျှ အရေးကြီးတဲ့ စကားကိုသာ အခါခါပြောရင်းလေယာဉ်ပေါ်တက်သွားတဲ့ စုကို ကိုယ်ဟာ ငေးမောကြည့်နေလိုက်တာ ကောင်းကင်ကဗွလာ မဟူရာသားထဲဝဲပျံပျောက်ကွယ်သွားတော့မှဘဲ လေဆိပ် စထရင်းပေါ်ကို တက်ခဲ့ရပါတော့တယ်။

နောက်နှစ် ခရစ္စမတ်ကျရင် စုကို ကိုယ်ခရစ္စမတ်လက်ဆောင် ပေးရလိမ့်မယ်။

"စုကို ချစ်တယ်၊ စုတို့ဆီမှာ လာနေတော့မယ်" ဆိုတဲ့စကားကို ကိုယ်ကိုတိုင် လာပြောရမယ်ပေါ့။

ကိုယ်လေ...

၁၀ နှစ်က မိတ်ဆွေမကလေးကို မေ့ဘို့အရေးမှာ...။

ပူပူနွေးနွေး မိတ်ဆွေတွေနဲ့ ... ယမကာဝိုင်းမှာ ကိုယ်ဒေါင်ချာဆိုင်းလိုက်ရပါတယ် စုလေး။

တနှစ်ပတ်လည်ပါပြီ စုရေ။

ခရစ္စမတ်ရာသီကို ပြန်လည်ရောက်ရှိခဲ့ပါပြီ။

စုကို ကိုယ် ခရစ္စမတ်လက်ဆောင်ပေးရတော့မယ်လေ။

မနေ့ကလေ... ကိုယ့်ဆီကို ခရစ္စမတ်နှုတ်ခွန်းဆက် ကတ်ပြားကလေးနှစ်ခု ရှေ့ဆင့်နောက်ဆင့် ရောက်ရှိလို့လာတယ်။တခုက ဂျေဘီနဲ့ အေမီတို့ဆီကဘဲ...။

"ကိုယ်တို့ရဲ့ ချစ်ကောင်းကင်က တိမ်မဲညိုတသုတ်ကို လွင့်ထုတ်ဖယ်ရှားပေးတဲ့ ရစ်ချပ်အောင်ဘု ပျော်ရွှင်သောခရစ္စမတ်နဲ့ ကြုံတွေ့ပါစေတဲ့... "

နောက်တခုကတော့ အေမီရဲ့ (လူ)ဆီက ဖြစ်ပါတယ်။

“ကိုယ် စွန့်လွှတ်ပြီးသား ယမင်းရုပ်ကို တခြားသူက ဆေးခြယ် အရောင်တင် ယုယထားတာကို ပြန်လိုချင်တာနဲ့မျှော်လင့်ချက်ကလေး ပေးထားမိခဲ့တဲ့ ကျနော့်အပြစ်ကို ခွင့်လွှတ်နိုင်မယ်ဆိုရင် “ရစ်ချပ်”အတွက် ပျော်ရွှင်သောခရစ္စမတ်ဟာ ကျနော့်အတွက်ပါ ပျော်ရွှင်သော ခရစ္စမတ်ဖြစ်လာလိမ့်မယ်တဲ့…”

အဲဒီတော့ ပြီးခဲ့တဲ့နှစ်က အဖြစ်အပျက်ကလေးကို ကိုယ်ကိုရေးရေး ပြန်လည်မြင်ယောင်မိလာပြန်ပါတယ်။

ကိုယ်လေ… ဂျော်ဘီ့ အစား အေမီကို ဟို(လူ)ဆီက သွားခေါ်ခဲ့တုန်းက အခါကို သတိရမိတယ်။ ဟို(လူ)က စေတမန်ကိုယ်ကို ကြည်ကြည်ဖြူဖြူဘဲ လက်ခံရှာပါတယ်။

“သူ နောင်တမရမချင်း အေမီ မလိုက်နိုင်ဘူး…”

အေမီက မျက်ရည်လည်ရွဲနဲ့ပြောတော့ ကိုယ်က အေမီနဲ့ ပြောဘို့အကြောင်း ဘာမှမရှိဘူး။ အေမီ လူနဲ့သာ ပြောလိုကြောင်း တောင်းပန်ရတယ်။

အေမီ့လူကို ကိုယ်စကားရှည်ရှည် ပြောခဲ့ပါတယ် စုရယ်။

အဲဒီစကားတွေကို စုသေသေချာချာ နားထောင် ဖတ်ကြားပါတော့နော်။

“ခင်ဗျားနဲ့ ကျနော်ဟာ ယောကျာ်းတွေပါနော်ဗျာ… ကွေ့ဝိုက်ပြီး ပြောနေကြဘို့ မလိုဘူး ထင်တယ်။ ခင်ဗျားမှာအသဲနှလုံးရှိတယ်၊ ဒါပေမဲ့ အဲဒီအသဲနှလုံး နူးညံ့ယောင်ယောင်နဲ့ ရက်စက်မာကျောနေတယ်၊ အောင်နိုင်လိုသူရဲ့အသဲလို့ ပြောပါရစေ၊ ခင်ဗျားရဲ့conquests တွေကို တခြားသူက ထိပါး ယူငင်သွားတာ ခင်ဗျား မခံနိုင်ဘူး/အေမီ့ အချစ်ကို ဂျော်ဘီရသွားတယ် ဆိုတာကို ခင်ဗျား လက်သင့်မခံချင်ဘူး။

အဲဒီတော့… ကိုယ်ကတော့ အခုထာဝရအချစ်နဲ့ ချစ်နေပါသေးတယ်ဆိုတဲ့ အပြောမျိုးနဲ့ အေမီရဲ့ တိတ်တခိုး အချစ်လောက်ကို ခင်ဗျားရယူထားလိုက်တယ်၊ မိန်းမဖြစ်ဖြစ် ယောကျာ်းဖြစ်ဖြစ် ကိုယ်နဲ့ ချစ်ရည်တူ အလိုမျှခဲ့တဲ့ ချစ်သူဟောင်းတယောက်အပေါ်မှာ ဘယ်မှာ လာပြီး လုံးဝမေ့ပစ်နိုင်ပါ့မလဲ…

သံယောဇဉ်အမျှင်မျှင် အငွေ့ငွေ့ဆိုတာလူတိုင်းမှာ ကျန်ရှိစမြဲပေါ့ဗျာ၊ ထစ်ကနဲရှိ လျှာနဲ့ သွားငြိကြလို့ အိမ်ထောင်ရေး အံချော် အဆင်မပြေမှုနဲ့ ကြုံရင်ထိုမိန်းကလေးများက မိမိကို ထာဝရချစ်နဲ့ ချစ်နေပါတယ် ဆိုတဲ့ သူတွေဆီကို သွားရောက် ခိုလှုံစမြဲဘဲပေါ့၊ ဒါကိုခင်ဗျား အသားမယူပါနဲ့တော့ဗျာ။ ကြိုးစားပမ်းစား ပင့်ကူယက်ကလေးတွေ ဆောက်ထားရတဲ့ ပင့်ကူအိမ်ကိုငှက်ဆိုးကြီးက

ဝင်ရောက်ဖျက်ဆီးခြင်း မပြုပါနဲ့ ...

ကိုယ်လဲ ချစ်သူပင့်ကူအိမ်ကို ပင့်ကူကလေးတို့လိုကြိုးကြိုးစားစား တည်ဆောက်မှာ မဟုတ်ဘဲနဲ့ အေမီကို ခင်ဗျားအနေနဲ့ ပြန်လွှတ်လိုက်ပါဗျာ၊ ကျနော်ဟာယောကျ်ားပီသတဲ့သူတယောက်နဲ့ ရှားရှားပါးပါး တွေ့မြင် သိကျွမ်းရတယ်လို့ ယူဆထားပါတယ်”လို့ကိုယ်အားပါးတရ ပြောခဲ့ပါတယ်။ ကဲ စု... ရိပ်မိပြီလားဟင်။

ဟိုတုန်းက ကိုယ့်ကိုယ်ကို ပြောချင်တဲ့စကားတွေကို ဟို(လူ)ကို ကိုယ်ပြောခဲ့တယ်။

“ကိုယ်ကိုယ်ကိုသာ သနားပါ များသတ္တဝါ”ဆိုတဲ့ စာဆိုရှိပေမဲ့ ကိုယ် စုအပေါ်မှာ သည်တချိန်မှာတော့ သနားကြင်နာတဲ့စိတ် ပိုကဲရတော့ မှာပါဘဲ။

ကိုယ်အဖြေကို စုသိပါပြီလားဟင်။

စု သိပါပီလား။

ကိုယ် စုဆီကို မလာတော့ဘူးကွယ်။

ဩစတြေးလျားကို မလာတော့ဘူးကွယ်။

ကိုယ်ဒီစာကို လူကြုံနဲ့ ထည့်ပေးလိုက်ပါတယ်။ ဒီစာနဲ့အတူ...

လည်ပင်းမှာ ဖဲကြိုးလှလှလေးတွေ ချည်ထားတဲ့ ခွေးကလေးတကောင်ကိုလဲ လက်ဆောင်အဖြစ်ထည့်ပေးလိုက်ပါတယ်။

ဒီခွေးကလေးနာမည်က တီနို ဂျူနီယာတဲ့။

စု... ဩစတြေးလျားတုန်းက လက်ဆောင်ပေးလိုက်တဲ့ ခွေးကလေး တီနိုက ပေါက်ပွားလာတဲ့ နောက်ဆုံးအဆက်အနွယ်ဆိုပါတော့၊ သူတကောင်ထဲ ကျန်ရစ်တယ်ဆိုပါတော့။

တီနိုဂျူနီယာကို သူ့ပိုင်ရှင် စူစန်နာပေ့ဂျ်ဆီကို ပြန်ပို့ပေးလိုက်တယ်။

ကိုယ့်ခရစ္စမတ်လက်ဆောင်ကို စုကျေနပ် နှစ်သက်လိမ့်မယ်လို့ ယုံကြည်ပါတယ်ကွယ်။

ဒီနှစ်တော့ ကိုယ် တောင်ကြီးကို မသွားတော့ဘူး စုရေ၊ တောင်ကွဲစေတီကိုလဲ မဝင်ဖြစ်တော့ဘူး။

ရန်ကုန်မှာဘဲ ကိုယ့် ခရစ္စမတ်ပွဲကို ဆင်နွှဲပါတယ်။

မကြာခင် ကိုယ့်သူငယ်ချင်း အေးမင်းတို့၊ ဇော်မော်တို့ သူတို့ရဲ့ အဖော်အပေါင်းတွေ တပြုံကြီးနဲ့ ကိုယ့်ဆီကိုသန်းကောင်ယံ ခမ္မတေးတွေ သီဆိုဖို့ လာကြလိမ့်မယ်။

သူတို့ကလေ..

"ရစ်ချပ်အောင်ဘုအတွက် ပျော်ရွှင်သော ခရစ္စမတ်ဖြစ်ပါစေ"လို့ ဆုတောင်ကြပေလိမ့်မယ်။

နောက်ပြီး...

"ရစ်ချပ်အောင်ဘုရဲ့ ဇနီး နု ကျန်းမာပါစေ။ ပျော်ရွှင်သော ခရစ္စမတ်ဖြစ်ပါစေ"လို့လဲဆုတောင်းကြပေလိမ့်ဦးမယ်။

ကိုယ်လေ ဒီစာကို မရေးခင် တရက်အလိုက စုနဲ့ အင်မတန်တူတဲ့ မြန်မာအမျိုးသမီးလေး နု ဆိုသူနဲ့လက်ထပ်လိုက်ပါပြီ... စုရယ်။ စုနဲ့ စုပြန်သွားတဲ့နေရာက နောင်တကြီးစွာဖြင့် စောင့်မျှော် ကိုယ့်ဆုံးဖြတ်ချက်ကိုငံ့လင့်နေတဲ့စုနဲ့ စုရဲ့ခင်ပွန်းတို့လဲ ပျော်ရွှင်သော ခရစ္စမတ်ရဲ့ ကြုံတွေ့ပါစေ။

သံသယကင်းတဲ့အချစ်ကို သေတပန် သက်တဆုံး စုလေး ရယူ ဆင်မြန်းနိုင်ပါစေ။

ဝင်းဦး (ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်၊ ရုပ်ရှင်ဒါရိုက်တာ၊ ရုပ်ရှင်မင်းသား ဝင်းဦးကိုယ်တိုင် ပိုင်ဆိုင် ထုတ်ဝေခဲ့သည် ဖြစ်သော်လည်း ရုပ်ရှင်မင်းသား မင်းသမီးများ၊ ရုပ်ရှင်များအကြောင်း လုံးဝ ဖော်ပြခြင်း မပြုခဲ့ဘဲစာပေအစဉ်အလာကိုသာ အစဉ်တစိုက် ထိန်းသိမ်းခဲ့သည့် "စန္ဒာ"မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့ဖူးသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။)

သည်တန်ဆောင်နှင့် ညီမောင်

သည် တန်ဆောင်တွင် ပျော်ရွှင်စရာ အချစ် ပုံပြင်ကလေး တစ်ပုံ ပြောစမ်းပါဟု အစ်ကိုလေးက ဆိုသည်။ "အချစ် ဆိုတာမှာ ကြည်နူး စရာတွေ အပြည့် ရှိပါသေးတယ် ဆိုတဲ့ အကြောင်းကို လှလှကလေး ဖွဲ့ပြစမ်းပါ" ဟုလည်း အစ်ကိုလေးက တဖွဖွ တိုက်တွန်းသည်။

ညီမောင် ပြောခဲ့သမျှ ပုံပြင်တွေမှာ ချစ်သဲတွေ မွမွကြေကြေ ရသည်နှင့် အဆုံးသတ်ခဲ့ သည်ချည်း ဖြစ်၍ အချစ်ကို မျက်မှန်စိမ်းကြီး တပ်ကြည့်လေ့ ရှိသူဟု အစ်ကိုလေးက သမုတ်ချင် ဟန်ရ၏။ မသိ မဟုတ်၊ ညီမောင် ကျော်လွှားခဲ့ ရသော ဘဝလမ်း ခရီးကြမ်းကို အစ်ကိုလေး သိ၏။ မမှန်မဟုတ်၊ ညီမောင် ငိုပြခဲ့သော မျက်ရည် စီးချောင်းသည် နှလုံး သည်းပွတ်မှသာ စီးယို ထွက်သော သောက မျက်ရည်တို့ အကယ်တိ အစစ်အမှန် ဖြစ်ခဲ့သည်။ သို့သော်လည်း အစ်ကိုလေးက ပြည်ဖုံးကား တစ်ခါချ၍ ပျော်စရာ ပျော်စရာ ကလေးများ အကြောင်း ပြောပါဦးဟု တိုက်တွန်းလာသည်။

"မျက်လုံးက ပြုံး၊ နှုတ်ခမ်းကလည်း ပြုံးပြီး၊ ပျော်ရွှင်စရာနဲ့ အဆုံးသတ်တဲ့ ပုံကို သည်တန်ဆောင်မှာ ညီမောင် ပြောစမ်း"

အစ်ကိုလေးက ထပ်ကာ တလဲလဲ တိုက်တွန်းသဖြင့် ပြောရဦးမည်။ အဆုံးသတ်သော အခါ ကျလျှင်သာ ညီမောင်ကို အစ်ကိုလေး အပြစ်မတင် စေလိုပါ။ သို့သော် အစ်ကိုလေး ပြုံးရမည် မုချဟု ညီမောင် အာမခံ ရဲသည်။ တစ်ခုသာ ရှိပါသည် အစ်ကိုလေး၊ အစ်ကိုလေး၏ အပြုံးသည် သနား ပြုံးကြီး ပြုံးနေမှာကိုတော့ ညီမောင် မြင်ယောင်ပါသေးသည်။

※※※

တန်ဆောင် ဆီမီးတွေ ထိန်ထိန်ငြီး နေသည့် ရွှေတိဂုံ ရင်ပြင်သို့ အစ်ကိုလေးတို့ ဖိတ်၍ ညီမောင် လာခဲ့ရသည်။ ဘန်ကောက် လုံချည် တိုက်ပုံ အင်္ကျီတွေနှင့် ဖြစ်၍နေ သော ညီမောင်ကို အစ်ကိုလေးတို့ကပင် မမှတ်မိချေ။ ရင်ပြင်တော်ပေါ် ပုဆိုး လျှောကျပြီး ချော်လဲမည် ကိုလည်း ညီမောင့်မှာ စိုးရိမ်စိတ် ဖြာနေမိသည်။ သည်အဝတ် အစားတွေ ဝတ်ပြီးသည် ပတ်ဝန်းကျင်ကို မရောက် ဖြစ်သည်မှာ ပြန်လည် တွက်စစ် ကြည့်လျှင် ၁၃ နှစ်၊ ၁၄ နှစ်လောက်ပင် ရှိပြီဖြစ်ကြောင်း အစ်ကိုလေးလည်း သိ သည် မဟုတ်လား။

ဘဝတစ်ခု စွန့်လျှင် ညီမောင်သည် အရိုးရော အရင်းပါ စွန့်တတ်ပါသည်။

ညီမောင်လို လူမျိုးများသည် မဇ္ဈိမ ပဋိပဒါကို နားမလည်သော သူမျိုး ဖြစ်ကြပါသည်။ ရင်ကို ဖွင့်မထား တတ်သောကြောင့် သိုသိပ်စရာ တွေကိုလည်း ပြန်မထုတ်တတ်ဘဲ သေတစ်ပန် သက်တစ်ဆုံး သိမ်းထား တတ်ကြသော သူများလည်း ဖြစ်ပါပေသည်။ ထို့ကြောင့်ပင် သူများ တကာတွေ တစ်ကြိမ်မျှ သာမက ကျသော အိပ်မက်များကို အခါခါပြန်မက်မိ ကြခြင်းဖြစ်ပါသည်။ အစ်ကိုလေး။

ထို့ကြောင့်ပင် သည်ပုံပြင်မျိုးကို ဂဃနဏ တစ်လုံးမကျန် ပြန်ပြောနိုင်ခြင်း ဖြစ်ပါသည်။ ညီမောင်တွင် အမြဲအစဉ် ခြောက်လှန့်နေသော အိပ်မက် ဆိုးကြီးများ ရှိနေ ခဲ့ပါသည်။ သည်းခံပါအစ်ကိုလေး။ အိပ်မက်ဟု ဆိုသော်လည်း ယခုပြောမည့် အကြောင်းမှာမူ အစ်ကိုလေး လိုချင်သော ပျော်ရွှင်စရာတွေ တင်းပြည့် ပါပါသည်။ စိုးရိမ်ဖွယ်ရာ မရှိပါ။

"ဟောဒီ အဆိုတော် နာမည်က ဝင်းအောင်တဲ့။ သူက သူများထက် ထူးခြားတယ်။ သီချင်းကို တစ်နှစ်မှ တစ်ခါပဲ ဆိုတယ်။ ဆိုတော့လည်း ကျွန်တော်တို့ ဝိုင်းနဲ့မှ ခင်ဗျ။ ဆိုပြန်ရင်လည်း ခဲတစ်လ လောက်တော့ ကျတာချည်းပဲ"

အစ်ကိုလေးက သူတို့ တီးသော တန် ဆောင်းတွင်းသို့ ညီမောင် အရောက်တွင် ဤသို့ မိတ်ဆွေ သင်္ဂဟများနှင့် မိတ်ဆက် ပေးပါသည်။ “ကဲ ကဲ လူများလွန်းလို့ ဖိုးဝင်း အောင်ရာ တစ်ပုဒ်လောက် ဆိုလိုက်စမ်းပါ။ ဒါမှ လူရှင်းသွားအောင် ဟုတ်လား”

“ဝိုင်းခေါင်းဆောင် မောင်ကိုကိုကလည်း ညီမောင့်ကို နောက်ပြောင် ပြန်ပါသည်။ အစ်ကိုလေးတို့ အဖွဲ့နှင့် တွေ့မှဖြင့် ဆယ့်နှစ်ရာသီ ပျော်စရာတွေချည်း ဖြစ်ပါသည်။ ညီမောင့်ကို အစ်ကိုလေး တို့က စ၍ ပြောင်၍ ကောင်းသည်ဟု စွဲမှတ် ထားကြရကား လူရှေ့မရှောင် သူရှေ့မရှောင် ဆိုနေ ပြောနေကျ ဖြစ်ပါသည်။ ထို့ကြောင့်ပင် တကယ်ဟု ထင်မှတ်၍ စန္ဒရားခုံ အနီးတွင် ထိုင်နေသော အဆိုတော် ကလေး တစ်ယောက်က နေရာ ဖယ်ပေးရာ ညီမောင့်မှာ မသိမသာ ပြုံးရပါသေးသည်။ ပြီးမှ

"ဖိုးဆိုချင်ပဲ အစ်ကိုလေးတို့ရာ။ ဆိုမှပေါ့။ ဘုရားပေါ် ရောက်ပြီး ပြန်သာ ဆင်းသွားရော ဘုရား မဖူးဖြစ်ဘဲ နေမှာစိုးလို့ ညီမောင့် မွေးနံ့ဒေါင့်မှာ သွားဦးချပြီး ပြန်လာခဲ့မယ်” လို့ ပြောရကာ မျက်စေ့ မှိတ်ပြပြီး ပြန်ထွက်ခဲ့ရပါ၏။

ရင်ပြင်တော်ကား လူသူ အများနှင့် ပြည့်ကျပ် အပ်ချစရာ မရှိသလောက် ဖြစ်၍ နေလေသည်။ ကြုံတောင့် ကြုံခဲ မသိုး သက်န်း ဆင်နွဲ့မည့် သူများမှာလည်း တက်လာမစဲ တသဲသဲပင် ဖြစ်ပါလေသည်။ပိုးဖဲ ကတ္တီပါ၊ နိုင်လွန်၊ တာဖီတာတို့ကို ဝေဆာ သိုက်မြိုက်စွာ ဝတ်စားဆင်ယင် လာကြသော သူများသည် ကုန်းတော်မှ

အပြန်တွင် ဓာတ်လမ်း တစ်ပုဒ်စီ ယူဆောင် သွားကြမည့် သူများသာ များလှ၏။ ဘာသာရေးပွဲ ဆိုသည်မှာ ဖရဏာပီတိကြည်နူးစိတ်တွေ အိပြီး တစိမ့်စိမ့် ဆင်းကာ ဘဝင် သိမ့်ရမည့် ပွဲသာ ဖြစ်ပါသည်။ "ပျော်သည် ပျော်သည် သူနဲ့ တွေ့လို့ ပျော်ရသည်။ သူနဲ့ တွေ့လို့ ပျော်ရသည်" ဟူသော သီချင်းမျိုး ဆိုကာ ပန်းမွှေ့ရာ ရွှေကော် ဇောရောနှော၍ ထိုင်ကောင်းသော ပွဲမျိုး မဟုတ်ပါ။ ယခုမူ လူအုပ်သည် တဟေးဟေး တဝါးဝါး ပျော်ကြသည်သာ ဖြစ်ပါသည်။ ပျော်စရာကို ရှာရမည့် အခါကြီး ဟုသာ ထင်မှတ်နေပါ၏။ ထိုအထဲတွင် ညီမောင်သည်လည်း တစ်ယောက် အပါအဝင် ဖြစ်၍ နေခဲ့ရပါ၏။ ကြုံတုန်း ကြုံခိုက်ကျမှ ဘုရားကို ရှိသေ ကိုင်းရှိုင်းသည် ဟူ သည်ကား ကောင်းလှသော စိတ်မျိုး မဟုတ်ကြောင်း ညီမောင် သိပါသည်။ သိလျက်နှင့်ပင် ကြမ္မာ ငင်ချင်သော ညီမောင်သည် မွေးနံ့ဒေါင့်တွင် ဝင်၍ ဝတ်ပြုလိုက်မိ၏။

အော်ကျယ်ဟစ်ကျယ် ဘုရား ရှိခိုးသော ဘေးက ဦးသူတော်ကြောင့် ညီမောင်လည်း ဆက်လက်၍ အာရုံ မပြုတော့ဘဲ နေရာမှ ထလိုက် ရပါသည်။ ထိုအခါကျ မှပင် ညီမောင်၏ ရင်သည် ထိတ်ကနဲ ခုန်၍ သွားကာ ခြေလှမ်း မရွေ့မိဘဲ ရှေ့သို့ ငေးငေးကြီး ကြည့်နေမိပါသည်။

"ဝင်းအောင် မဟုတ်လားဟင်။ သူငယ်ချင်း နေနိုင်လိုက်တာကွာ။ မင်းနယ် ဒို့ရန်ကုန်မှာ ပြန်ရောက်နေတာ သိရက်နဲ့ လာမတွေ့ဘူး"

"ဟုတ်ပါရဲ့ ကိုဝင်းအောင်ကလည်း တူတူတို့မှာလေ၊ သားသားတွေ သုံးယောက်တောင် ရနေပြီ သိလား။ ကိုယ့်တူတော် မောင်တွေ လာကြည့်စမ်းပါဦး"

ကိုယ့်မျက်နှာကို မြင်မှပင် ဝမ်းသာ အယ်လဲ နှုတ်ဆက်ကာ ချဉ်းကပ် လာကြသူ မောင်နှံစုံကို ညီမောင် မည်သို့ စကား ပြန်ရမှန်း မသိဘဲ ကြောင်အအ ဖြစ်၍ နေပါ သည်။ သူတို့ကား ညီမောင်၏ အချစ်ဆုံး သူငယ်ချင်း လင်မယား ဖြစ်သည်။ သူတို့နှင့် မတွေ့တော့သည်မှာလည်း ၁၀ နှစ်၊ ၁၂ နှစ်ခန့်ပင် ရှိ၏။ ညီမောင့် ဘဝတွင် မေ့ထား ခဲ့ရသည့် အစိတ်အပိုင်းတွင် သူတို့လည်း ပါဝင်ခဲ့၍ ညီမောင် မေ့ထားခဲ့ ရသည်မှာ ကြာပြီ။ ယခုမှ ပြန်တွေ့သော အခါ ညီမောင်မှာ ဝမ်းသာ ဝမ်းနည်းကြီး ဖြစ်၍ နေပါသည်။ ဆွေမြင့်နှင့် တူတူလှကား ယခင်ကထက် အနည်းငယ် အသားတက်၍ ဝဖြိုးသယောင် ရှိနေကြသည်မှ အပများစွာ ပြောင်းလဲခြင်း မရှိကြချေ။

"မင်းတို့ အင်္ဂလန်က ပြန်ရောက်တယ် ဆိုတာ ကြားပါတယ်ကွာ။ ငါလည်း ပရိယေသန ဝမ်းစာ အတွက် အလုပ်များ နေလို့ပါ။ မကြာခင် လာခဲ့ဦးမယ် စိတ်ချ"

ဆွေမြင့်နှင့် တူတူလှသည် ညီမောင်ကို အကဲခတ်သလို ကြည့်လိုက်ကြပြီးမှ "ဝင်းအောင်ကြီး ခုထက်ထိတစ်ကိုယ်ထဲပဲ လားဟ" ဟု စူးစမ်းသမှု ပြုကြလေသည်။

ညီမောင်က ခေါင်းညိတ်ပြသော အခါ တူတူ လှက "မိန်းမ ခိုးပေးတာမှ တော်တဲ့ လူတွေဟာ ကိုယ့်အတွက်ကျ မစွံတတ်ဘူး ဆိုတာ မှန်နေတာပေါ့"ဟု ရယ်ရယ်ရွှင်ရွှင် ကလေး ပြောလိုက်ပါသည်။ သည့်နောက် သူတို့ လင်မယားသည် တစ်ယောက် မျက်နှာတစ်ယောက် ပြန်ကြည့်ပြီး အသံထွက် အောင် ရယ်လိုက်ကြပါလေသည်။ ညီမောင်မှာလည်း ရောယောင် သွေးသောက် ပြုံးနေလိုက်ရ၏။

"တို့တတွေရဲ့ ဘဝကို ပြောင်းပေးလိုက်တဲ့ တန်ဆောင်တိုင်ပွဲကို မင်း သတိ အမြဲရနေမှာပဲ မဟုတ်လား ဝင်းအောင်"

ဆွေမြင့်က ညီမောင်ကို မေး၏။ ညီမောင်လည်း ခေါင်းညိတ် ပြလိုက်ရသည်။ တူတူလှက ဝဲယာသို့ မျက်လုံး ကစားလိုက်ပြီးလျှင် "ဘယ်သူမှ မပါရင် တူတူတို့နဲ့ ရင်ပြင်ပေါ် လျှောက်ပါ ဦးလား ကိုဝင်းအောင်"ဟုမေးစမ်းပြီး အဖော် ခေါ်လေသည်။

ညီမောင်လည်း သူတို့ လင်မယား နှစ်ယောက်နှင့် အတူ ဖြည်းဖြည်း သာသာ လမ်းလျှောက်ရ ပြန်ပါ၏။ လမ်းလျှောက် ကြရာတွင် တူတူလှသည် အလည် ကနေပြီး ကလေးငယ်သဖွယ် ဆွေမြင့်နှင့် ညီမောင်၏ လက်ဖျား ကလေးများကို တစ်ဖက် တစ်ချက်စီ ကိုင်ဆွဲ၍ လာပါသည်။ တစ်ချိန်လုံးမှာလည်း ဆွေမြင့်က တစ်လှည့် တူတူလှက တစ်လှည့် "မှတ်မိသေးရဲ့လား ဝင်းအောင်၊ မှတ်မိသေးတယ်နော်" အစ ချီကာ ချီကာဖြင့် ရှေးဟောင်း နှောင်းဖြစ်တွေ မှောက်သွန် အန်ချပြော လာကြပါသည်။

ထိုရောအခါ ညီမောင်မှာလည်း သူတို့ အငွေ့ ပတ်ပြီး လန်းဆတ် ကြည်မွေ့၍ နေမိပါ၏။ သို့နှင့် ညီမောင် တို့သုံးယောက်သား အစ်ကို လေးတို့ရှိသည် တန်ဆောင်းရှေ့သို့ တစ်ပတ်ကျော့ ရောက်၍ လာ၏။ အစ်ကိုလေးသည် ညီမောင်ကိုသာ မြင်ပြီး ညီမောင်၏ အဖော်သစ်များကို မမြင်သဖြင့် "ဟေး ဝင်းအောင် ငါ့ညီလာ သီချင်းဆိုဟေ့ အလှည့်ရောက်ပြီ" ဟု ရွှင်ရွှင်မြူးမြူး လှမ်းအော်ခေါ်ရာ၊ ဆွေမြင့်နှင့် တူတူလှသည် "အမယ် ဝင်းအောင်ကြီးက အဆိုတော်တွေ ဘာတွေ ဖြစ်လို့ပါလား။ ကိုယ်တို့လည်း နားထောင်မယ်ဟေ့" ဟု ညီမောင်၏ ဆန္ဒကိုပင် မမေးတော့ဘဲ တန်ဆောင်းတွင်း လိုက်ဝင်ကြပါ၏။ ဤတွင် ညီမောင်လည်း "ဂီတညီနောင်၊ ဗိုလ်က လေးတင့်အောင်နဲ့ မောင်ကိုကို ဆိုတာပါပဲ" ဟု ငယ်သူငယ်ချင်း များနှင့် မိတ်ဆက်ပေး ရပါသည်။ ပြီးနောက် သီချင်းဆိုရန် ဟန်ပြင်ရ၏။

"ဝင်းအောင်ရေ မင်းရသေးရင် ငါတို့ ကောလိပ်တုန်းက နေ့ကျောင်းသား အသင်းနဲ့ ဆီမီး ပူဇော်တုန်းက သီချင်းကို ဆိုပါလားကွာ"

ဆွေမြင့်က ကောက်ခါ ငင်ခါ တိုက်တွန်း၍ တူတူလှက ခြွင်းချက်မရှိ ထောက်ခံသဖြင့် အစ်ကိုလေးကို နောက်မှလိုမ့်လိုက် ပေးရန် ပန်ကြားပြီး ညီမောင်လည်း သီချင်းဟောင်းကို ညည်းရပါသည်။ "သီတင်းဝါ လကုန် ကျွတ်ခဲ့ပြီ မီးထွန်း ပွဲတော်သည် ရာသီ မြန်မာပြည်၊ ဩော် မြို့ရွာတိုင်းမှာ"

မေ့နေသော အပိုဒ်များတွင် တူတူလှက ထောက်ပေးသေး၏။

"နေ့ကျောင်းသူများ နေ့ကျောင်းသားများ ပါရမီ၊ ဒါနသီလ ဒွန်တွဲလို့သာ အတည်၊ နန်းနိဗ္ဗာန် မှန်းကာ ရည်ရွယ်ကြတော့သည်။ ယူနီဗာစတီ တက္ကသိုလ် ကျောင်းတော်ဆီ စံနမူနာ ရှေ့ဆောင် ပြုပါမည်"

ဆိုလိုက်တော့လည်း ကိုမောင်ကို၏ ကျွမ်းကျင်သော အတီးကြောင့် ဖြောင့်ဖြူး၍ အာတွေ့သယောင် ရှိ၍ နေပါသည်။ ဆွေမြင့်နှင့် တူတူလှကား ရှေးက အကြောင်းစုံ တွေကို စားမြုံ့ပြန် နေကြဟန် တူ၏။ ငြိမ်ချက်သား ကောင်းလှပါသည်။ ညီမောင်မှာ မူကား မရေရာသော ဝေဒနာ တစ်မျိုး ရင်ထဲတွင် တလှပ်လှပ် ပေါ်၍ နေပါ၏။ အနေရ အထိုင်ရလည်း ကျပ်လှပါသည်။ လူပုံ အလယ်မှာ တင့်တောင့်တင့်တယ် ထည်ထည်ဝါဝါ မနေသည်မှာ ကြာပြီဖြစ်၍ ပရိသတ်၏ အာရုံစိုက်ရာ အလယ်ဗဟို ဖြစ်နေ မှန်းရိပ်မိသော အခါ စည်းဝါတွေပင် ချွတ်ယွင်းလုလု ဖြစ်၍ ဖြစ်၍ သွားမိသေး၏။ ထိုအခါများတွင် ဘေးကထိုင်၍ အားပေးနေသော အစ်ကိုလေးက ပြုံးပြ၍ အားပေး၏။ ဆွေမြင့်ကလည်း ညီမောင်၏ လက်တစ်ဖက်ကို နွေးနွေး ဆုပ်ကိုင်ထား ပါ၏။

သည်သူငယ်ချင်းကား ယခုအထိ ညီမောင့် အပေါ် အချစ် မပြယ်ရှာသေးပါ။ ဝေးသော်လည်း သွေးအေးသည် မဟုတ်ကြောင်း ဆွေမြင့်၏ လက်ဖဝါးမှ သွေးပြန်ကြောတို့က သွေးတိုး မြန်မှုဖြင့် သက်သေ ပြပါသည်။ ထိုအခိုက် "ဟင့်"ကနဲ ရှိုက်သံတစ်ချက် ကြားလိုက်ရသဖြင့် ညီမောင်လည်း ရပ်ပစ်လိုက်ကာ လှည့်ကြည့်မိ၏။ တူတူလှသည် မျက်ရည် ကလေးစို့စို့နှင့် မော့ကြည့်၏။

"ဟော လုပ်ပြီ။ မိန္ဒွေတူတို့ ကတော့ ဝမ်းသာတဲ့ မျက်ရည်တွေ ထွက်ပြန်ပြီ"

ဆွေမြင့်သည် အားသော လက်တစ်ဖက်နှင့် သူ့ဇနီးချောကို ပုခုံးကလေး ဖက်ကာ တယုတယ မာန်လိုက်၏။ ညီမောင်ကမူ တူတူလှ၏ သဘောကို ငယ်ငယ်ကတည်းက သိပြီး ဖြစ်၍ ပြုံးရုံသာ ပြုံးနေလိုက် ရလေသည်။ တူတူလှကမူ ရှက်ကိုး ရှက်ကန်းဖြင့် ဆွေမြင့်ကို တစ်လှည့် ညီမောင့်ကို တစ်လှည့် မျက်လွှာ ခတ်ရင်း ကြည့်လိုက်ကာ

"မောင်တို့ တူတူတို့ဟာ ကိုဝင်းအောင်နဲ့ ရေစက်ကို ဆုံတယ်နော်။ ဟိုးငယ်ငယ်က တန်ဆောင်မုန်း လပြည့်နေ့က အကြောင်းကို ပြန်တွေးကြည့်တော့

တူတူ ကြည့်နူးမိတယ်။ အဲဒီတုန်းကသာ မတော်တဆ

မောင်နဲ့ တူတူ ကွဲသွားခဲ့ရင် ဒုက္ခပဲ"ဟု ကြောင်စီစီကလေး ပြော၍ နေပြန်၏။ "အေးလေ ခုတော့ မကွဲတဲ့ အပြင်၊ ဝင်းအောင်ကြီး ကျေးဇူးကြောင့် မောင်တို့ ဒီအခြေ ရောက်လာတာပဲ မဟုတ်လား"

တူတူလှက ညီမောင်ကို ရှက်သလိုလို မျက်စောင်းထိုး လိုက်ပြန်၏။ ညီမောင်က မလုံမလဲ "အဟဲ"ကနဲ ရယ်လိုက်သော အခါ ဆွေမြင့်က ညီမောင်ခေါင်းကို တစ်ချက်ပုတ် လိုက်လေသည်။ အစ်ကိုလေးတို့ကား ညီမောင်တို့ သုံးယောက်၏ ချစ်ခင် ယုယပုံကို အားပါးတရ ငေးကြည့် နေကြလေသည်။ ထိုအခိုက် "ဟဲ့ သားနဲ့ သမီးတို့၊ ငါ့မြေးတွေက အောက်မှာမီးပွဲ လှည့်ကြည့်ချင်လို့တဲ့ တပူပူ၊ တဆာဆာနဲ့ဟာ မင်းတို့က ဒီရောက်နေကြတာကိုး" ဟူသော အပြစ်တင်သံနှင့် အတူ တန်ဆောင်းတွင်းသို့ လူကြားထဲမှ တိုးဝှေ့ ဝင်လာကာ ပြောလိုက်သော အသံကြောင့် အားလုံးသည် အသံ လာရာသို့ လှည့်ကြည့်ကြ၏။ ညီမောင် တစ်ယောက်သာ ခေါင်းမမော့ဘဲ နေမြဲတိုင်း နေလိုက်ပါသည်။ ကြည့်စရာ မလိုဘဲ ဝင်လာသူ မည်သူမှန်း ညီမောင် သိပါသည်။

"မေမေ ဒါသမီးတို့ သူငယ်ချင်း ကိုဝင်းအောင်လေ၊ မမှတ်မိတော့ဘူးလား"တူတူလှက ပြောလိုက်သံကို ညီမောင် ကြားရ၏။

"သိပါအေ့ ကဲ လာသွားမယ်။ မောင်ဆွေမြင့်ရေ မင်းသား အငယ်က မီးပန်းတွေလည်း ဝယ်ခဲ့ ပါတဲ့ကွယ်။ ကဲသွားမယ်"

မော်မကြည့်သော်လည်း မကျေမချမ်း မျက်စောင်း တစ်ချက် ထိုးလိုက်သည့် ဒဏ်ကို ညီမောင် ခံလိုက်ရမှန်း နားလည် လိုက်ပါ၏။ ဆွေမြင့်ရော တူတူလှပါ နေရာမှ ဖြေညှင်းစွာ ထကြ၏။ ပြီးနောက် ဆက်ဆက် လာလည်လှဲ့ပါရန် အထပ်ထပ် ဖိတ်ကြားပြီး တန်ဆောင်းတွင်းမှ လှည့်ကြည့် လှည့်ကြည့်နှင့် ထွက်ခွာ သွားကြပါ သည်။ သည်ကနေ့ကျမှ တစ်ပတ် ပြန်လည် လာသည့် ရာဇဝင် တစ်ပတ် နွမ်းပေကိုး။

ကိုမောင်ကိုက စန္ဒရားကြောင့် ရှောက်တဂိုးဂိုး တဂွမ်းဂွမ်း လုပ်ပစ်လိုက်မှ ညီမောင်လည်း ငိုင်နေရာမှ ဖြုံးကနဲ ထကာ အစ်ကိုလေးဘက် လှည့်၍ "ပြန်ဦးမယ် အစ်ကိုလေး"ဟု တုံးတိကြီး နှုတ်ဆက်လိုက်ရသည်။ အစ်ကိုလေးက "ဇာတ်လမ်း တစ်ပုဒ်တော့ ရှိနေတယ်နဲ့ တူတယ်။ ဟုတ်လား ညီမောင်"ဟု တိုးတိုးမေး၏။ ညီမောင် ဆိတ်ဆိတ် နေခြင်းဖြင့် ဝန်ခံ လိုက်ပါသည်။

"ကဲ ဒါဖြင့် သည်တန်ဆောင်မှာ ညီမောင်က အစ်ကိုလေးကို အချစ်ပုံပြင် တစ်ပုံ ပြောပြပါလားကွာ၊ တစ်ခုတော့ ရှိတယ်၊ ပျော်ရွှင်စရာနဲ့ အဆုံးသတ် ရမယ်နော်"

ညီမောင် ဖြုံးကနဲ ရယ်ပစ် လိုက်မိပါသည်။ ပြီးမှ ဣန္ဒြေ ပြန်ဆည်ရကာ "ပြောပါ့မယ် အစ်ကိုလေးရယ်၊ အစ်ကိုလေး တစ်ယောက်တွင် မကဘူး၊ အားလုံး နားထောင်ရပါစေ့မယ်" ဟု ရယ်သံ မပျောက်သေးဘဲ ပြောခဲ့ပြီး တန်ဆောင်းမှ ထွက်ခဲ့ပါသည်။ ထိုညတွင် ညီမောင် အိမ်ပြန် မရောက်ပါ။ ဦးနှောက်ကို အရည်ဖျော်ရင်း ညီမောင် သူရာခန်းတွင် မိုးစင်စင် လင်းခဲ့ရပါသည် အစ်ကိုလေး။

※※※

ရှေးသရောအခါ ငယ်သူငယ် ချင်းသုံး ယောက်ရှိ လေသည်တဲ့။

တူတူလှ၊ ဆွေမြင့်နှင့် ဝင်းအောင် တို့ပင် ဖြစ်ပါသည် အစ်ကိုလေး။

တူတူလှသည် စက်ရှင် မင်းကြီး၏ သမီးဖြစ်ပြီး ရန်ကုန်မြို့ ချိုပ်လမ်းတွင် နေသည်။ ဆွေမြင့်မှာ ကြေးတိုင် ဝန်၏ သားဖြစ်ကာ တက္ကသိုလ် ရိပ်သာလမ်း၌ စံမြန်းသည်။ ညီမောင် ဝင်းအောင် ကား ဒိသာ ပါမောက္ခကြီး ၏သား တေလေ ကလေး ဖြစ်၍ တက္ကသိုလ် ဝင်းခြံ အတွင်းတွင် ကြီးပြင်း ခဲ့ရသည်။ တူတူလှသည် သူမတူအောင် လှသော မိန်းကလေး ဖြစ်ကာ ဆွေမြင့်က အသရေ တင့်ပြီး ချစ်ချင့်စဖွယ် ယောကျ်ား ရှယ်ကလေး ဖြစ်၍ ညီမောင်ကား ဆိုးပေတေသည့် နယ်ပယ်တွင် သတင်းပြောင်သည့် မင်းခေါင် ကလေး ဖြစ်ခဲ့ပါသည်။ သို့နှင့် ညီမောင်တို့ သုံးဦး အရွယ်ရောက်၍ တောင်တောင် မြောက်မြောက် တွေးတော တတ်လာ၏။

ထိုရော အခါတွင် ဆွေမြင့်က တူတူလှကို ၅၂၈မှ ၁၅၀၀သို့ ပြောင်းချစ် လိုက်ကာ တူတူလှကလည်း ဆွေမြင့်ကို မောင်ဟု ပြောင်းခေါ်လိုက်သည်။ ညီမောင့် ကိုမူ နှစ်ယောက် စလုံးက အတိုင်ပင်ခံ မင်းသား ကလေး မောင်ပုည့ အဖြစ် ခန့်အပ် လိုက်ပါသည်။ သို့သော် ညီမောင်ကား သက်တော် စောင့်လည်း လုပ်ရ၏။ မာတလိလည်းဖြစ်ခဲ့၏။ ဝိသုကြံ့ တာဝန်လည်း ထမ်းဆောင်ရသည့် အခါ ရှိသေး၏။

တက္ကသိုလ်ဝင် သင်တန်းကို အသီးသီး အောင်မြင်ကြပြီးနောက် တက္ကသိုလ်သို့ ရောက်ကြသော အခါ ပြဿနာ တစ်ခုသည် ညီမောင်တို့ သုံးဦး သုံးဖလှယ်ကြားတွင် ပေါ်ပေါက်လာပါသည်။ ယင်းမှာ ဘဝလှေခါး အသွယ်သွယ်တွင် မည်သည့် လမ်းကို ရွေးကြမည်နည်း ဟူသော ပြဿနာပင် ဖြစ်ပါ၏။ အထူးသဖြင့် ဤ ပြဿနာသည် ဘဝ ခရီးကို ခေါင်းဆောင် လျှောက်ရမည့် ညီမောင်နှင့် ဆွေမြင့် တို့နှစ်ယောက် အတွက် တိုက်ရိုက် သက်ဆိုင် နေပါသည်။ ညီမောင်နှင့် ဆွေမြင့်ကား နှယ်နှယ်ရရ သူငယ်ချင်းများ မဟုတ်ကြ။ အမေရိကန် လူနီရိုင်းတို့ လုပ်လေ့ လုပ်ထ ရှိသကဲ့သို့ (Blood Brother) ခေါ် သွေးညီနောင်များ စစ်စစ်ဖြစ်ကြသည်။ လက်ကောက်ဝတ်တွင် သွေးဖောက်၍ သွေးချင်းနှောကာ သစ္စာ ဆိုခဲ့ကြသော သူငယ်ချင်းများ ဖြစ်ပါသည်။

သို့သော် တွေ့ကြုံဆုံကွဲ ဖြစ်မြဲ ဓမ္မတာကို ဤသူငယ်ချင်းများမှာလည်း မလွန် ဆန်နိုင်ကြပါ။ လူငယ်စိတ်တွေ ဖျောက်၍ လူကြီး ဦးနှောက်တွေနှင့် တွေးကြသောအခါတွင် နှစ်ဦး သဘောတူ ကိုယ်ကြိုက်ရာ လမ်းကို ကိုယ်ထွင်ခဲ့ကြပါသည်။ ဆွေမြင့်က သူဝါသနာ ပါသော (Aero-Nautical Engineering) လေကြောင်း အင်ဂျင်နီယာ အတတ်ကို အင်္ဂလန်သို့ သွား၍ သင်မည်ဟု ဆုံးဖြတ်ပြီး ညီမောင်ကမူ တက္ကသိုလ် ပညာကို ဆုံးအောင် သင်ပြီးမှ စစ်ထဲဝင်မည် ဟူ၍ ဖြစ်ပါသည်။ တူတူလှကမူ ယောကျ်ား ဆိုသည်မှာ ကိုယ်လိုချင်သည့် အသက်မွေးဝမ်းကျောင်းပညာကို ကိုယ့်ဘာသာဆုံး ဖြတ်ရသည်ဆိုကာ ကန့်ကွက်ခြင်း မရှိ၊ သဘောတူညီခဲ့ပါသည်။ တစ်ခုသာ ညီမောင့်ထံမှ ကတိတောင်း၏။ ဆွေမြင့်နှင့် တူတူလှတို့အကြောင်း ပါပြီးလျှင် သူတို့နှင့် အတူ ညီမောင်လိုက် နေရမည် ဆိုပါသည်။ ညီမောင့်မှာ အူချာချာနှင့်သာ ရယ်ပစ်ရသည်ချည်း ဖြစ်၏။ သို့နှင့် ဘဝရှေ့ရေး အစီအစဉ် များကို ရေးဆွဲကြပြီးနောက် စတင် ကြိုးပမ်းကြရ၏။ ဤတွင် မမျှော်လင့်သော အချိုးအကွေ့ တစ်ခုနှင့် ဘွားခနဲ ရင်ဆိုင်ခဲ့ရပါသည်။

"ဝင်းအောင် မင်းကတော့ အမြဲတမ်း ဉာဏ်ကျယ်ကလေး ဖြစ်ခဲ့လို့ အကြံပေးစမ်း ပါဦးကွာ။ ငါတော့ ဦးနှောက်ခြောက်ပြီ"

တစ်နေ့တွင် ဆွေမြင့်သည် ညီမောင့်ထံ ပေါက်လာပြီး စိတ်ပျက်လက်ပျက်ကြီး ပြောလိုက်၏။ ညီမောင်က ယုန်ပညာ ရှိဟန်ဖြင့် အကျိုးအကြောင်းကို မေးသော် ဆွေမြင့်က မျက်ရည်တွေ တဝဲဝဲနှင့် ဖြစ်သမျှကို လှစ်ဟလေသည်။ ဆွေမြင့်သည် အင်္ဂလန်တွင် (၇) နှစ်တာမျှ ပညာ သင်ရမည် ဖြစ်သည်။ ထိုမျှအထိတူတူလှကို သူမခွဲနိုင်ဟု ဆိုသည်။ မိဘတွေကို တူတူလှနှင့် ပေးစားရန် ပြောသောအခါတွင် ငယ်ရွယ်သေး၍ မပေးစားနိုင်ဟု ငြင်းဆန်သည်ဟု သိရသည်။ တစ်ဖန် တူတူလှကို တီးခေါက်ကြည့်ပြန်သော် သူ့မိဘများက အခြားသူတစ်ယောက်နှင့် သဘောတူထားပြီး ဖြစ်၍ ခက်ခဲမည်မှာ မလွဲဟု အကြောင်းပြန်သည်ဟု ဆို၏။

"ငါတော့ ဘယ်လို လုပ်ရမှန်း မသိပါဘူး သူငယ်ချင်းရယ်။ တူတူနဲ့ ဒီလောက်ထိ ခွဲပြီး သွားရမှာတော့ ငါမသွားချင်ဘူး။ ငါနဲ့ အတူ တူတူကို လက်ထပ်ပြီး ခေါ်သွား ချင်တယ်။ မသွားဘဲ ဘဝရှေ့ရေးကို ပစ်ပယ်လိုတဲ့ စိတ်လည်း ငါ့မှာ မရှိပါဘူး။ ငါတော့ ခေါင်း မီးတောက်နေပြီ သူငယ်ချင်း မင်းပဲ ကိုယ်ချင်း စာကြည့်ပါ"

ဆွေမြင့်က ကိုယ်ချင်းစာ ကြည့်ခိုင်းသော်လည်း ညီမောင့်မှာ ရည်းစားသနာ မရှိ၍ ရင်မှာခံစားမှု သိပ်မတွေ့မိ။ သို့သော် ဆွေမြင့်က ကြံစမ်းပါဦးဟု ဆို၍ ညီမောင် အကြံထုတ်ရပါသည်။ ရရှိသည် အကြံဉာဏ်ကိုလည်း တမုဟုတ်ချင်း မိနစ် မဆိုင်းဘဲ ဆွေမြင့်ကို ပြောပြရပါသည်။ ဆွေမြင့်ကား ညီမောင့် အကြံဉာဏ် များကို

အကြွင်းမရှိ လက်ခံပြီး လိုက်နာပါမည် ဆို၏။ သို့ရာတွင် ပို့မည့်ပို့ ကူးတို့ ရောက်အောင် ပို့ပါဦးဟု သူငယ်ချင်းကို အပူ ကပ်ပါသည်။ သွေးညီမောင် ဆိုသည်မှာ အသက်ပင် ပေးကြရသည် မဟုတ်ပါလား။ ညီမောင် ခေါင်းညိတ် ရပြန်ပါသည်။

ညီမောင် ဥာဏ်ကျယ်လေး၏ လှျို့ဝှက် စစ်ဆင်ရေးကား ကြယ်စုံ ထွန်းပသည့် တန်ဆောင်မုန်း လပြည့်ညပင် ဖြစ်ပါ သည်။

မီးပုံးနီနီ ကလေးတွေ အိမ်ပြတင်းဝတွင် ချိတ်ဆွဲစ ပြုသည့် ညဦးယံ ကာလတွင် ညီမောင်၏ ဖိုဒ်ဆီ ဒန်ကားကလေး သည် ချိ(ပ်)လမ်းတွင်းသို့ ညင်သာစွာ လိမ့်ဝင်လာပြီး တူတူလှတို့ အိမ်အပြင် လမ်းမ နံဘေးတွင် အသာအယာ ထိုးဆိုက်လိုက်ပါသည်။ ကားထဲတွင် ညီမောင်နှင့် ဆွေမြင့်ပါ၏။ ဆွေမြင့်သည် စီးကရက် များကို စိတ်လှုပ်ရှားမှု ဒဏ်ကြောင့် နင်းကန်ဖွာရှိုက် နေရင်းမှာ "ဖြစ်မှ ဖြစ်ပါ့ မလား သူငယ်ချင်းရယ်" ဟု စစ်မရောက်ခင်က မြားကုန်ချင် နေသည်။ ညီမောင်က မကြောက်ရန် ကြိမ်းကြိမ်းဝေါက်ဝေါက် ပြုလုပ် ပေးရသည်။ ဆွေမြင့်သည် သက်ပြင်းကိုသာ အခါခါချ၍ နေလိုက်၏။ များမကြာမီတွင် ညီမောင်၏ အစီအစဉ် အရ ဆလွန်းကား (၁၀) စီးခန့်မျှသည် လမ်းထဲသို့ တစ်ကားပြီး တစ်ကား မောင်းဝင်လာ ကြပြီး ညီမောင်တို့ကား အနီးတွင် ရှေ့ နောက် တန်းစီရပ်ထား လိုက်ကြပါသည်။

တစ်ဦးနှင့် တစ်ဦးကိုလည်း မီးဖွင့်၍ အချက်ပြ ကြပါသည်။ ထိုမော်တော်ကားများကို မောင်းလာကြသူများမှာ ညီမောင်၏ သူငယ်ချင်းများ ဖြစ်ကြပါသည်။ သူတို့ သည် ညီမောင်၏ မှာကြားချက် အရ သူဌေးကောင့်သားများ ဖြစ်ကြသည့် အလျောက် မိဘ၏ ကားများကို ဆွဲလာကြခြင်း ဖြစ်ပါသည်။ အားလုံး နေသားတကျ ဖြစ် လောက် သောအခါ ညီမောင်လည်း ကားပေါ်မှ ဟန်နှင့် ပန်နှင့်ဆင်းကာ တူတူလှတို့ အိမ်ဝင်းထဲ ဝင်ခဲ့ပြီး ဆင်ဝင်အောက်မှ နေပြီး တူတူလှနှင့် တွေ့လိုကြောင်း ထွက်မေးသူ တူတူလှ၏ မိခင်ကြီးကို ခွင့်တောင်းရသည်။

"အော် အေး သမီးရေ၊ ဟောဒီမှာ မောင်ဝင်းအောင် လာတယ်ဟေ့၊ ဝင်ထိုင်ပါ ဦးလားကွဲ့ မောင်ဝင်းအောင်"

"မထိုင်တော့ဘူး အန်တီ၊ တူတူလှ မိန်းကလေးတွေက မှာလိုက်တာကို ပြောပြီး ချက်ချင်းပြန်မလို့ပါ"

တူတူလှ ဆင်းလာသောအခါ ညီမောင်လည်း တူတူလှကို မျက်ရိပ်ပြပြီး ဆင်ဝင်တိုင်နှင့် ကွယ်နေသော မှောင်ရိပ်ကို ခေါ်ရ၏။

"တူတူ နင်ငါနဲ့ တစ်ခါထဲ လိုက်ခဲ့တော့"

“ဘာတွေ ပြောနေတာလဲဟ"

“နင့်ကို လာခိုးတာ”

တူတူလှသည် မျက်လုံးပြူးသွားကာ

“အို မဟုတ်တာ ဘယ်ဖြစ်မလဲ”

တူတူလှသည် အိမ်တွင်းသို့ လှည့်ဝင်မည် အပြုတွင် ညီမောင်လည်း ကြိုတင် စီစဉ်ထားသည့် အတိုင်း ကိုယ်နောက်တွင် ဖွက်ယူလာသော စောင်ပါးနှင့် တူတူလှကို အုပ်လိုက်ကာ ပုခုံးပေါ် ထမ်းတင် လိုက်ပါသည်။ တူတူလှက ဝူးဝူးဝါးဝါး အော်ကာ ရုန်းကန်၏။ ဤတွင် ညီမောင်လည်း ထိတ်ခနဲ ဖြစ်သွားတော့ သည်၌ တူတူလှကို ထမ်းရင်းက ခြံပြင်သို့ ပြေးထွက်ခဲ့မိပါ၏။ ထိုသို့ ပြေးထွက် အလာ၌ အိမ်ပေါ်ထပ် ပြတင်းပေါက်မှ မြင်လိုက်ဟန် တူသော တူတူလှ၏ အမေကြီးက “အမယ်လေး ကျွန်မသမီးကို လူခိုးပြေးလို့ ကယ်ကြပါဦးရှင်” သံကုန် အော်ပါလေသည်။ ညီမောင်လည်း ထူပူ သွားတော့သဖြင့် ဘာကိုမှ မစဉ်းစားနိုင် တော့ဘဲ ရပ်ထားရာ ကားထံသို့သာ အရောက် ပြေးခဲ့ရပြီး အဆင်သင့် ပွင့်နေသော ကားနောက်တံခါးမှ တူတူလှ၏ ကိုယ်ခန္ဓာ ကလေးကို ပစ်သွင်းလိုက်ပြီး နောက် ဒလကြမ်း မောင်းထွက်ခဲ့ပါ၏။

ထိုအခါ ညီမောင်၏ စူးရောက်သော အကြံအစည်အတိုင်း စောစောက ရပ်ထားသော ကားများသည်လည်း တစ်ပြိုင်တည်း စက်နှိုး ထွက်၍ အရပ်ရှစ်မျက်နှာ အနှံ့ မောင်းပြေးကြပါ၏။ ဤသည်မှာ နောက်မှ လိုက်လာသော ကားရှိလျှင် မျက်စိလှည့်ရန် ဖြစ်ပါသည်။ ညီမောင်မှာလည်း မည်မျှ သတ္တိကောင်းသည် ဖြစ်စေ ကာမူ မလုပ်ဖူးသော အလုပ်ကို စွန့်စား လုပ်ရသောကြောင့် တုန်တုန် ရီရီကြီး ဖြစ်၍ နေပါသည်။ ကားကို မောင်းထွက်ပြီးမှ ညီမောင်၏ ကားနှင့် ဆွေမြင့် ပါမလာသည် ကို သိရ၏။ မတတ်နိုင်ပါ။ ယခု အချိန်ကျမှ ပြန်ရှာ၍ မဖြစ်နိုင်တော့ သဖြင့် အခြားကား တစ်စင်းစင်းနှင့် ပါသွားလိမ့်မည်ဟု သက်သာရာ သက်သာကြောင်း တွေးလိုက်ရကာ ကားကိုသာ ဦးတည်ရာ စွတ်မောင်း နေမိပါ၏။

သို့မရပ်ဝံ့ဘဲ ကားကို မောင်းနေရာတွင် တူတူလှသည်လည်း စောင်ခြုံတွင်းမှ ထွက်ပြီး “နင် ငါ့ကို ခွေးကျင် ခွေးကြံ ကြံတယ်ဟင်၊ သေချင်းဆိုး” ဟု ဆဲဆိုကာ ညီမောင်၏ မျက်နှာပါးပြင်တို့ကို နောက်မှ စိတ်ရှိလက်ရှိ ကုတ်ဆွဲပါလေသည်။ သွေးဖြာဖြာကျသည် အထိ ညီမောင် ကျိတ်မှိတ်ခံရပါ၏။ တူတူလှ၏ စိတ်ထဲတွင် ညီမောင်က သူ့ကို အဓမ္မ ခိုးလာသည်ဟု ထင်နေဟန် တူပါသည်။ ညီမောင်မှာလည်း မောဟိုက် နေသဖြင့် ဘာတစ်ခုမှ မဖြေရှင်းမိ။

ညီမောင်က ကားကို မြို့တွင်း လှည့်လည်မောင်းနေစဉ် အခြားကား များကို ရဲများ တား၍ ရှာဖွေသည်ဟု နောက်မှသိရ ပါသည်။

"ကဲလေ ဖြစ်မိပြီးမှတော့ မထူး ပါဘူး။ ဒီလိုကားကို တစ်ချိန်လုံးလျှောက်မောင်းလို ဘယ်ဖြစ်မလဲ။ သွားချင်တဲ့ နေရာကိုသာ သွားတော့"

တူတူလှက ကြမ္မာကို ရိုးမယ်ဖွဲ့၍ ညည်းတွား ရှာတော့မှပင် ညီမောင်လည်း ကြိုတင် စီစဉ်ထားသည့် အိမ်သို့ ပြန်မောင်းခဲ့ရ၏။ ထိုအိမ်ကျမှပင် မျက်နှာသေကလေးနှင့် ထိုင်စောင့် နေသော ဆွေမြင့်ကို တွေ့ရပါသည်။ တူတူလှလည်း အကြောင်းစုံကို ရိပ်မိတော့ သဖြင့် ဆွေမြင့်၏ ကျောပြင်ကို ဖျောတင်၍ တီးပါလေ၏။ သူ့ကောင့်သား ဆွေမြင့်ကား ထိုအခါကျမှ သွားဖြဲတော်ရ၍ လာ၏။ မုန့်တိုင်းများ ငြိမ်သက်သွားသော အခါတွင် တူတူလှက ညီမောင်၏ မျက်နှာမှ သူ့လက်သဲရာများကို ဆေ ထည့်ပေး၏။

“အမယ် နာမနေနဲ့ ဒါတောင် သနား လို့ နို့မိုလား တူတူက မျက်လုံးပါ ကုတ်ဆွဲ ပစ်လိုက်မလို့” ဆွေမြင့်ရော တူတူလှပါ ညီမောင်၏ ဖြစ်အင်ကို ကြည့်ကာ ရယ်ကြပါသည်။ ညီမောင်ကား မရယ်မိဘဲ ငိုင်တွေတွေဖြစ် ၍နေပါ၏။

※※※

နောက်တစ်နေ့တွင် သတင်းစာများ၌ ညီမောင်၏ သတင်းသည် ၆ လိုင်း စာလုံးကြီးများနှင့် ထိပ်ဆုံးက ပါလာပါသည်။ ညီမောင်က တူတူလှကို ခိုးသွား သတဲ့၊ မျက်နှာကြီး သားသမီးတို့၏ စွန့်စားခြင်း ဇာတ်လမ်းတဲ့ ညီမောင်၏ ဓာတ်ပုံနှင့် တူတူလှတို့၏ ဓာတ်ပုံ တို့လည်း ပါလိုက်သေးသည်။ ထိုသတင်းကြောင့် ညီမောင်မှာ ရယ်ရမလို ငိုရအခက်နှင့် သက်တက်တက်ကြီး ဖြစ်၍ နေရပါသည်။ ကျော်တော့ လေ့သူကြီး သက်သက်မို့ ညီမောင် တစ်ယောက်တည်း ဒေါသ ဖြစ်မိသေးသည်။

ဆွေမြင့်က “အဟက်ဟက်” ဟု ပွဲတင် ထပ်သည်။ တူတူလှက “အဟိဟိ” ဟု ကလိ၏။ ညီမောင့်မှာသာ နုံးချိချိ ဖြစ်ရပါသည်။ အိမ်ထဲက အိမ်ပြင်လည်း မထွက်ရဲချေ။ ပြန်လည် အဖမ်းခံရမှာလည်း ကြောက်သေး၏။ ညားခါစ ချစ်သူတို့ကား ညီမောင်၏ ရှေ့မှောက်တွင် ပျော်လို့ရွှင်လို့၊ ကြည်နူးလို့ ထမင်းများပင် တစ်ယောက်ကို ခွံ့ကျွေးလိုက်ကြသေး၏။ ညီမောင့်မှာမူ လက်သဲရာတွေက မြက်ကနဲ မြက်ကနဲ နာကျင် နေရပါသေး၏။

ရက်သတ္တပတ် ခန့်ကြာ ညောင်း၍ လာသောအခါတွင် တည်းအိမ်ရှင်၏ တိုက်တွန်းချက် အရ တရားဝင် ဖြစ်သွားရန် တိတ်တဆိတ် ထွက်ပြီး ရုံးတက်လက်မှတ် ထိုးကြရန် စီစဉ်ကြရပါသည်။ ဘေးရန် ကင်းရှင်းလောက်သည့် တစ်နေ့တွင် ညီမောင်တို့လည်း အသိ သက်သေများပါ ခေါ်၍ ရုပ်ဖျက်ခါ ရုံးတော်သို့

ထွက်၍ လာကြ၏။ စာချုပ် စာတမ်းများလည်း ညီမောင်တွင် အဆင်သင့် ပါ၏။ ရုံးရောက်၍ သက်ဆိုင်ရာ တရားသူကြီးက အကျိုးအကြောင်း မေးသော အခါ ညီမောင်လည်း လက်ထပ်ရန် လာကြောင်း သွက်လက်စွာ ပြောလိုက်ရပါသည်။

"မောင်ရင့် နာမည်က"

"မောင်ဝင်းအောင်ပါ အန်ကယ်လ်"

"အဖေ အမေတွေကကောကွယ်"

ညီမောင်လည်း မိဘ အမည်ကို ဂုဏ်ယူစွာ ပြောလိုက်ပါသည်။ ထိုအခါ တရားသူကြီးသည် အံ့ဩသလို ဖြစ်၍ သွားပြီးမှ "မင်း အဖေနဲ့ အန်ကယ်ဟာ ငယ်သူငယ်ချင်းပေါ့ကွယ်။ အင်မတန် ခင်ကြတာ။ ခုလို သိရတာ ဝမ်းသာသဟေ့" ဟု ပြောပြီး လက်ဖက် ရည်များပင် တည်ခင်း ဧည့်ခံလိုက်သေး၏။ ညီမောင်တို့ မှာမူ လက်မှတ် မထိုးမီ ပုလိပ် ဖမ်းမိသွားမည် ကိုစိုး၍ ဖင်တကြွကြွ ဖြစ်၍ နေပါသည်။

တရားသူကြီးမင်းမှာလည်း စာချုပ်ကိုပင် ယူမဖတ်သေးဘဲ စကားတွေ ဖောင်ရင်း အလုပ် ရှုပ်နေပါသည်။ မကြာမကြာ ကပ်လျက် အခန်းငယ် ကလေး အတွင်းဝင်၍ သွားကာ လုပ်လက်စ အလုပ်များကို စီမံခန့်ခွဲ လိုက်သေး၏။ မိနစ် အနည်းငယ်ကြာ သွား၍ ကုလားထိုင် ပြန်ထိုင်သောအခါ တရားသူကြီး မင်းကို ညီမောင်က လာရင်း ကိစ္စ လောဆော်မည်ပြုရာ နောက်ဖက်ဆီမှ ဖြုံးကနဲ တွန်းဖွင့် သံကြားရသဖြင့် ခေါင်းနားပန်းကြီးစွာ လှည့်ကြည့် လိုက်မိပါ၏။

ဤတွင် ညီမောင်၏ ဖခင်ကို မမျှော်လင့်ဘဲ ဘွားကနဲ တွေ့လိုက်ရပါသည်။ ဖေဖေသည် ဒေါသဖြင့် နီမြန်းလျက် ရှိသော မျက်နှာဖြင့် ညီမောင့်ထံ လျှောက်လာကာ "ဟင် အဖေ့နာမည် ဖျက်ဦးကွာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမယူ ချင်ဦးကွာ"ဟု ကြိမ်းမောင်းကာ ညီမောင့်ကို လက်သီးနှင့် ထိုးပါလေ၏။ ညီမောင်မှာ လူကြားထဲတွင် ရှက်လှ၍ မျက်ရည်များပင် ကျမိပါ သည်။ ဖေဖေ့ထံ တိတ်တဆိတ် တယ်လီဖုန်း လှမ်းဆက်၍ အကြောင်းကြားသော တရား သူကြီးအားလည်း စိတ်ထဲမှ ဒေါသပုန်ထ နေမိပါသည်။

"မလုပ်ပါနဲ့ အန်ကယ်ရဲ့ ဝင်းအောင်ကို မလုပ်ပါနဲ့"

အံ့အား သင့်နေသော ဆွေမြင့်တို့က အကျိုးအကြောင်း ရိပ်မိ၍ ဝင်ဆွဲမှပင် ညီမောင် ချမ်းသာရာ ရပါသည်။ ပြီးမှ ဆွေမြင့်က ရှင်းပြ၏။ သို့ကျမှ ဖေဖေလည်း "မင်းတို့ဟာကလည်း ရှုပ်ပါ့ကွာ" ဟု ရှက်သံကြီးနှင့် ပြောလိုက်ကာ နေရာမှ ချာကနဲ လှည့်၍ သွားပါသည်။ တံခါးဝ ရောက်မှ ပြန်လှည့်ကာ "မင်း အိမ်ပြန်ခဲ့တော့" ဟု ရယ်ချင်ဟန် ရသော မျက်နှာနှင့် အမိန့် ပေးသွားပါသည်။ ညီမောင် တို့တတွေမှာ

ဖေဖေ ထွက်ခွာ သွားပြီးမှ ငိုအားထက် ရယ်အားသန် ဖြစ်ကြရ၏။

ညီမောင့်မှာကား အဖေ့ လက်သီးကြောင့် ဒဏ်ရာဒဏ်ချက်တွေ ဆထက်ထမ်းပိုး တိုး၍ ရသွားပြန်ပါလေသည်။ ထိုသည့်နောက် တစ်ပတ်လုံးလုံး ညီမောင် အိမ်ပြန်ရောက်သော အခါ တူတူလှ၏ အမေစက်ရှင် မင်းကြီးကတော်သည် ညီမောင်တို့ အိမ်ရှေ့သို့ သူ့ကားကြီးနှင့် ပေါက်ချလာကာ"ဟဲ့ အမျိုးယုတ် ကလေးရဲ့ မိမဆုံးမ ဖမဆုံးမ ကလေးရဲ၊ နင့်ကြောင့် ငါ့သမီး ဒီလို ဖြစ်ရတာဟဲ့။ သတ္တိရှိရင် အိမ်ထဲက ထွက်ခဲ့စမ်းဟဲ့" ဟု စသဖြင့် အချိန်မှန် လာ၍လာ၍ ဆဲရေးပါသည်။ ညီမောင်မှာ အိမ်ထဲကလည်း မထွက်ဝံ့၊မိဘ တွေကလည်း ညီမောင့်ကြောင့် အပြော ခံရသည်ဟု အတွင်းမှ ဖိကြိမ်းခံရသဖြင့် လောင်မီးကျလျက် နတ်တို့စက်နှင့် ဖူးစာ ဆုံ၍ နေခဲ့ရပါသည်။

ခြောက်လမျှ ကြာ၍သွား၏။

ဆွေမြင် တိုလည်း ယောက္ခမအိမ်ပေါ် အစွေသား ရောက်၍နေ၏။ ခမည်းခမက်တို့ဟိုဘက်သည်ဘက် ရွှေလမ်း ငွေလမ်း ခင်းကာ အဆင်ပြေ အခြေကျ၍ "သားရေ သမီးရေ" ဖြစ်ကုန်နေကြပြီ။ သို့သော် ညီမောင်ကိုကား အိမ်သို့ အဝင် မခံကြတော့ချေ။ ဆွေမြင့်နှင့် တူတူလှသည် ညီမောင်ကို တွေ့လိုလျှင် လူကြီးတွေ မသိအောင် ခိုး၍ တွေ့ကြရလေသည်။ ပြီးနောက် ဆွေမြင့်၏ ဆန္ဒအတိုင်း နှစ်ဖက်မိဘက အင်္ဂလန်သို့ လွှတ်ရန် စီစဉ် ကြလေသည်။ တူတူလှလည်း လိုက်ပါမည် ဖြစ်၏။ မသွားမီ တစ်ရက်တွင် သူငယ်ချင်း သုံးယောက် ပြန်ဆုံမိကြပါသည်။

"မင်းကို ဒို့တစ်သက်လုံး မမေ့တော့ဘူး။ ဝင်းအောင် ပထမဦးဆုံး မွေးလာတဲ့ ဒို့သားကလေးကို ဝင်းအောင်လို့ မှည့်မယ် ကြားလား"

ဤသို့ နှုတ်ဆက်ကာ အိမ်မှ ဆင်းသွား ကြသော မောင်နှံစုံကို ကြည့်ကာ ညီမောင် မျက်ရည်ဝဲ ခဲ့ရပါသည် အစ်ကိုလေး။ ပြီးတော့လည်း ထိုတကဏ္ဍသည် ညီမောင်၏ ဘဝမှ မေ့ပျောက် ပစ်ရမည့် ကဏ္ဍဟု ညီမောင် စွဲမှတ် ယူခဲ့ရပါသည်။ ယခင်တုန်းက ဆိုလျှင် တန်ဆောင်ပွဲတွေ ဆို လျှင် ရှေ့ဆုံးမှ ညီမောင် ပါခဲ့သည်ချည်း ဖြစ်ပါသည်။ ထိုအဖြစ်အပျက် ဖြစ်ပြီးသည် မှစ၍ ညီမောင် တန်ဆောင်တိုင်တွေကို မေ့ပစ်ခဲ့ပါသည် အစ်ကိုလေး။

※※※

ယခု တစ်ဖန်ကြာကြီးကြာမှ အစ်ကိုလေး၏ ဖိတ်ကြားမှုကြောင့် တန်ဆောင်တိုင်ပွဲ ဆင်နွှဲမိမှ အဆွေဟောင်းတို့ နှင့် ပြန်ပြောင်း အကြောင်း ဆုံခဲ့ရပါသည်။ အင်္ဂလန် တွင် ပညာသင်ပြီး အင်္ဂလန်တွင်ပင်

အလုပ်လုပ်ကာနေခဲ့ရာမှ ဆွေမြင့်တို့ ပြန်ရောက် ကြောင်းကို ညီမောင် သိပြီး ဖြစ်ခဲ့ပါသည် အစ်ကိုလေး။ သို့သော် ညီမောင် သူတို့ထံ သွားမလည်ခဲ့ပါ။ အစ်ကိုလေး မြင်သည့်အတိုင်း ဆွေမြင့်တို့ မိခင်ကြီးများက ယခုထက်ထိ ညီမောင်ကို ခွင့်မလွှတ် နိုင်ကြသေးသော အချက်သည်လည်း တစ်စိတ်တစ်ဒေသ ပါဝင်ခဲ့ပါသည်။

ထို့ပြင် ညီမောင်၏ ပုံပြင်သည် ဤမှာပင် ပြီးဆုံးပါသည် အစ်ကိုလေး၊ အစ်ကိုလေး ကြားလိုသည့် အတိုင်း ပျော်ရွှင်စရာတွေသာ ဖြစ်ပါပေသည်။ ညီမောင်တို့ မိုက်ရူးရဲ မဖွယ်မရာ စွန့်စား ခဲ့ကြပုံမှာလည်း ပြုံးမိစရာ ဖြစ်ပါသည်။ ညီမောင်၏ စိတ်ကူး ဥာဏ်သည် မည်မျှ ဇာတ်လိုက် ဆန်ခဲ့သည် ကိုလည်း အစ်ကိုလေး သိရပါပြီ။ ညီမောင် ရွှေဥာဏ်တော် စူးရောက်လွန်း လှ၍လည်း မိဘတစ်တွေက ညီမောင်ကို ယခုထိ ခွင့်မလွှတ်နိုင် ကြခြင်း ဖြစ်ပါသည်။ ထို့ပြင် ဝန်ခံစရာ တစ်ခုလည်း ရှိနေပါသည်။

ညီမောင့် ကိုယ်ကိုလည်း ညီမောင် ယခုထက်ထိ ခွင့်မလွှတ်နိုင်ခဲ့ပါ အစ်ကိုလေး။ ကိုယ်မခူးရက် မပန်ရက်ဘဲ အရိပ် တကြည့်ကြည့် မြတ်နိုးခဲ့ရသည့် ပန်းတစ်ပွင့်ကို တစ်ပါးသူအား ရက်ရက်ရောရော ခူးပေးရက်သော လူမိုက်မျိုးသည် ကမ္ဘာမှာ ညီမောင် တစ်ယောက်သာရှိပါသည် အစ်ကို လေးရေ။ ပြုံးပေဦးတော့ အစ်ကိုလေး။

ညီမောင်၏ ပုံပြင်တွင် ပြုံးစရာ အကွက်တွေ တစ်ပုံတစ်ပင်ကြီး ရှိပါသည်။ သကာဖုံးသည် အသဲနာ တမာတုံး ဘဝကိုလည်း အစ်ကိုလေး သနားပြုံး ပြုံးလိုက ပြုံးပါချေပြီ။ လွန်လေပြီးသော အတိတ်ကို ပြန် သဏ္ဌာန် ဆောင်ခြင်းမျှသာ ဖြစ်ပါသည်။ သို့ရာတွင် ဝန်ခံစရာ တစ်ခုကား အကယ် ပင် ကျန်ပါသေး၏။

ထိုအတိတ်ကြောင့် ပင်လျှင် သည့်တန်ဆောင်တွင် ညီမောင်သည် အထီးကျန် ဘဝတွင် ရှိနေဆဲဖြစ်ခြင်း ဖြစ်ပါသည် အစ်ကိုလေး။

ဝင်းဦး

စာကလေးတစ်စောင်

"တစ်ဦးတစ်ယောက်ကို သူ့အကြောင်း အတွင်းကျကျ မသိဘဲနဲ့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက် ချတတ်တာဟာ သူသတ်သမား စိတ်မျိုးပါပဲ။ တစ်ပါးသူကို မိမိရဲ့ စွပ်စွဲမှုကြောင့် ရှင်ရက်နဲ့ သေစေသလို အချိန်တန်လို့ အမြင်မှန် ရလာတဲ့ အခါမှာလည်း မိမိကိုယ်တိုင် နောင်တကြောင့် ရှင်ရက်နဲ့ သေကြရတတ်တယ်"တဲ့။

သူငယ်ချင်းဝင်းဦး

သီတင်းကျွတ် ပွဲတော်ရက် တစ်ညက ပန်းဆိုးတန်း ကမ်းနားဆိပ်မှာ မင်းနဲ့ငါ တွေ့ ဆုံကြပြီးတဲ့နောက် ဒီစာကို ငါရေးချင်တဲ့ စိတ်ပေါက်ခဲ့တာပဲ။ ပြီးတော့ မင်းပြောတဲ့ စကားတစ်ခွန်းကိုလည်း ငါ့ခေါင်းထဲမှာ ခုထက်ထိ သံမှိုနှက်သလို စွဲစွဲမြဲမြဲ ကိန်းအောင်းနေတော့ ကိုယ့်အကြောင်း မကောင်းခဲ့တာကို မင်းလို စာရေးဆရာ တစ်ယောက်ဆီ ရေးပါတော့မယ်လို့ စိတ်သွားရာ လက်ပါမိတော့တာပဲကွာ။ မင်းကတော့ စကား တစ်ခွန်း ပြောပြီးရင် မေ့မေ့ပျောက်ပျောက် ထားတတ်တဲ့သူမို့ ဟိုတစ်နေ့ည ကမ်းနားဆိပ်က ဗန်ဒါပင်ကလေး အောက်မှာ ရှောင်တခင် ပြောခဲ့တဲ့ မင်းရဲ့ စကားလှလှကလေးကို ပြန်မှတ်မိချင်မှ မှတ်မိတော့မယ်။ ဘာတဲ့။

"လူတစ်ဦး တစ်ယောက်ကို သူ့အကြောင်း အတွင်းကျကျ မသိဘဲနဲ့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ချက် ချတတ်တာဟာ သူသတ်သမား စိတ်မျိုးပါပဲ။ တစ်ပါးသူကို မိမိရဲ့ စွပ်စွဲမှုကြောင့် ရှင်ရက်နဲ့ သေစေသလို အချိန်တန်လို့ အမြင်မှန် ရလာတဲ့အခါမှာလည်း မိမိကိုယ်တိုင် နောင်တကြောင့် ရှင်ရက်နဲ့ သေကြရတတ်တယ်" တဲ့။

ဟုတ်ပလား ဝင်းဦး။ မှတ်မိပလား။ မင်းစကားဟာ ရတ်တရက်တော့ ဝေ့လည်ကြောင်ပတ် ကတ်သီးကတ်သတ်ကြီးလို့ ထင်စရာ ရှိတယ်။ ပတ်ဝန်းကျင် လှိုင်းတံပိုးဒဏ် မခံနိုင်လို့ ငိုကြွေးခြင်းလို့လည်း တယူသန်သမားတွေအတွက် ထင်စရာ အကြောင်း ရှိတယ်။ မင်းဘဝကို ငါ သိပါတယ် ဝင်းဦး။ မင်းရဲ့ အတွင်းစိတ်ကိုလည်း ငါသိတာပဲ။ မင်းဟာ ပတ်ဝန်းကျင်ကို ကြောက်တဲ့ ကောင်စားမျိုး မဟုတ်ပါဘူး။ လက်ညှိုး ထိုးခံရမှာကို ကြောက်တဲ့ ကောင်စားမျိုး မဟုတ်ပါဘူး။ ကိုယ်လုပ်ချင်ရာ လုပ်နေရရင် တစ်လောကလုံးက မင်းကို ပြစ်တင်ကဲ့ရဲ့ ပြောကြဦး။ ပြုံးပြုံး နေတတ်တဲ့ ကောင်ဆိုတာ ငါသိတယ်။ မင်း အဲသလို နေတတ်လွန်းလို့လည်း မင်းနဲ့ငါ စိတ်ထဲမှာ အတူတူ နေကြတုန်းက ဘဝကို

ရေစီးကြောင်းအတိုင်း တစ်ခါတလေ မျှောလိုက်ရတယ်လို့ ငါ မကြာမကြာ ဆုံးမခဲ့တာကို မင်းမှတ်မိမှာပေါ့။

အေးလေ… လူတစ်ဦးနဲ့ တစ်ဦး စရိုက်ချင်း တူနိုင်တာမှ မဟုတ်ဘဲ။ တဇွတ်ထိုးသမား မင်းကို ငါ ဘယ်တော့မှ တရားချလို့ ရမှာ မဟုတ်ပါဘူး။ အဲ… မင်းကတော့ တဇွတ်ထိုးသမား။ ငါကတော့ မင်းသိတဲ့အတိုင်း အရာရာမှာ ဇယားချပြီး တိတိကျကျ စည်းစနစ်ကောင်းကောင်းနဲ့ နေလာခဲ့တဲ့လူ။ ဘဝမှာ ငါလိုချင်တာက တော်တဲ့ခြင်း၊ မှန်ကန်ခြင်း၊ သစ္စာရှိခြင်း၊ သမာသမတ်ဖြစ်ခြင်း၊ တရားမျှတခြင်း… အို… စုံလို့ပေါ့ကွာ။ လောကနီတိထဲက ကောင်းသမျှ အကုန်ဖြစ်ရမယ်ဆိုပြီး ပညာရှိကြီးများ ဆုံးမကြသမျှ မဖြစ်ဖြစ်အောင် လိုက်နာ ကျင့်သုံးဖို့ ရည်သန်ထားတဲ့လူ။

အေး… အဲသလို ဆီနဲ့ ရေလို ကွာခြားတဲ့ မင်းနဲ့ငါ နှစ်ယောက် ညီရင်း အစ်ကိုလို ခင်ခဲ့ကြတာလည်း တော်တော်ဆန်းသား။ တနည်းအားဖြင့်တော့ ငြိမ်းချမ်းစွာ အတူ နေနိုင်ကြဖို့ ဆိုပါတော့ကွာ။ မင်းကြိုက်တာကို ငါမကန့်ကွက်၊ ငါကြိုက်တာကိုလည်း မင်းက မကန့်ကွက်ဘဲ ကိုယ့်စရိုက်နဲ့ကိုယ် နေနိုင်လာခဲ့ကြလို့ပဲ ကိုး။ ဒါကြောင့်မို့လည်း မင်း စစ်ထဲက ထွက်တာကိုလည်း ငါ ဘာမှ မပြော၊ မထင်ဘဲ ဖြုန်းဒိုင်းနဲ့ စာရေးဆရာ လုပ်တော့လည်း ငါဘာမှ မဝေဖန်ဘဲ နေခဲ့တာပေါ့။

ဒီနောက်တော့ မင်းနဲ့ငါ အဆက်ပြတ်သွားခဲ့ကြတယ်လေ။ ဟော… ကြာကြီးကြာမှ ပြီးခဲ့တဲ့ သီတင်းကျွတ် လပြည့်ညက တစ်ခါ ပြန်ဆုံကြရတယ်။ တစ်ကိုယ်တည်းသမား မင်းကို တစ်ကိုယ်တည်းပဲ ငါတွေ့ ရတယ်။ “လူတွေကို ကျွန်တော် ရှောင်ချင်တယ်။ သူတို့ကို မုန်းလို့လည်း မဟုတ်ဘူး။ လူဟာ လူကို မုန်းစရာ မရှိပါဘူး။ ကျွန်တော်ဟာ စိတ်ကူးသမားတစ်ယောက် မဟုတ်လား။ အားရင်ဝတ္ထုကြောင်း ကလေးဖြစ်ဖြစ်တော့ စိတ်ကူးနေချင်တယ် မဟုတ်လား။ ဒါကြောင့်မို့ လူတွေနဲ့ ဝေးရာကို ထွက်ပြေးနေတတ်တာပါ”လို့ မင်းက ပြောတယ်။

မင်းအသက်ကြီးလာပြီပဲ ဝင်းဦး။ ပြီးတော့ မင်းက ငါ့ကို “နေပါဦး။ ကိုမြတ်နိုင်ကြီး၊ ခင်ဗျားကော ကျွန်တော့်လို ကြိုက်မယ့်သူ မရှိတဲ့ လူပျိုကြီးပဲလား”လို့ မေးတယ်။ တို့တစ်တွေ စစ်ထဲတုန်းက “ချိန်ပါ”အဖွဲ့ ဖွဲ့ထားခဲ့ဖူးတာကို ငါ့မှာ တွေးပြီး ပြုံးခဲ့ရတယ်။ မင်းတို့ ငါတို့ ချိန်လိုက်တဲ့ အမျိုးသမီးတွေ မှန်သမျှ သူများနောက် ပါပါ သွားလွှန်းလို့လေကွာ။

ငါက "ဒါပေါ့ကွာ။ ကံမပေးတုန်းဆိုတော့ အထန်ကျီး၊ အထီးကျန်ပေါ့” လို့ ပြောခဲ့တယ်လေ။ ထူးထူးဆန်းဆန်း၊ မင်းက ဘာမှ ဒီအကြောင်းနဲ့ ပတ်သက်လို့ ရှေ့မဆက်တော့ဘဲ ငြိမ်သွားခဲ့တာ ငါ သတိထားမိလိုက်တယ်။ ငါ့စိတ်ထဲကတောင်

ဒီကောင်ကြီး ချစ်ဝေဒနာ ခံစားနေရပြန်ပါလားလို့ ဇဝေဇဝါ ဖြစ်လိုက်သေးတယ်။ ဒါပေမယ့် မင်းရုပ် ကြည့်ရတော့လည်း လန်းလန်းဆန်းဆန်းပဲမို့ မဟုတ်တဲ့ အတွေးကလေးကို ဖျောက်ပစ်လိုက်ရတယ်။ ပြီးတော့ တစ်ခါမင်းက "ဟိုမှာ ကြည့်စမ်း ကိုမြတ်နိုင်၊ ငနဲကလေးတစ်ယောက်၊ တံတားလက်ရမ်းပေါ်မှာ ထိုင်နေတာ အကြာကြီးပဲ။ ဆံပင်ကလေး စုတ်ဖွားနဲ့ ပုံပန်းကလည်း မှိုင်တိမှိုင်တိုင်ရယ်။

ရေထဲခုန်ချသေမလားလို့ ထင်ရတယ်။ ခင်ဗျားအနေနဲ့ ဘယ်လို ယူဆသလဲ" လို့ ရယ်စရာ ဖြတ်ပြောလိုက်တယ်။ ငါလည်း မင်းညွှန်ပြရာကို ကြည့်လိုက်ပြီး "ကြံကြံဖန်ဖန်ကွာ။ လူပုံပန်းကို ကြည့်ပြီး သူ့မှာ ဘာဖြစ်နေတယ်ဆိုတာကို ဘယ်သိနိုင်ပါ့မလဲ။ သူ့မှာ ဘယ်လို စိတ်မျိုး ရှိတယ်ဆိုတာကို မသိဘဲနဲ့လည်း ငါ သူ ဘာလုပ်တော့မယ် ဆိုတာကို ပြောလို့ ဘယ်ရမလဲ"လို့ ပြောလိုက်မိတယ်။

မင်းက ငါ့စကားကြောင့် ငါ့ကို တော်တော် အံ့သြသွားပုံရတယ်။ အရင်တုန်းကဆိုရင် ငါ ဟိုကောင်လေးပုံ ကြည့်ပြီး "အလကားကလေးပါကွာ။ လမ်းသရဲကလေးနဲ့ တူပါရဲ့" လို့ ပြောလိုက်မိမှာပဲ။ အဲသလို ပြောလေ့ ရှိတာကို မင်းသိတယ်လေ။ လူတစ်ရာမှာ ၇၅ ယောက်လောက်ကတော့ ဒီလိုပဲ တစ်ဖက်သားကို လွယ်လွယ်ကူကူ ဆုံးဖြတ်ချက်ချတတ်တာပဲ မဟုတ်လား။ ခုတော့ ငါ ဒီလို မဟုတ်တော့ဘူး ဝင်းဦး။ ဒီလိုလည်း လူတစ်ဖက်သားကို လျှပ်တစ်ပြက်အတွင်းမှာ မကဲ့ရဲ့ ဝံ့တော့ဘူး။ အထင်မသေးဝံ့တော့ဘူး။ ကိုယ်တွေ့ ကြုံခဲ့ပြီကော ဝင်းဦးရေ၊ ကိုယ်တွေ့ ကြုံခဲ့ပြီကော။

ဒါကြောင့် မင်းကတောင် "ကိုမြတ်နိုင်ကြီး အရင်နဲ့ မတူတော့ဘူး။ အေးလေဗျာ... ဘယ်အရာမျိုးမဆို တသမတ်တည်း တည်တံ့နေတာမှ မရှိဘဲ။ ပြောင်းလဲတာကလည်း ရှိမှာပေါ့"လို့ သံဝေဂသံနဲ့ ပြောသေးတယ်လေ။ ဒါတင်လားဆိုတော့ မဟုတ်သေးပါဘူးလို့ ပွဲထဲက လူပြက် ပြောသလို ဖြစ်နေပါတယ်ကွာ။ ဟိုနေ့က မင်းရဲ့ အမူအရာ အနေအကျင့်ကို အကဲခတ်ရတော့ မင်းလည်း ဘဝဆိုတာ ဒီလိုပါလားလို့ မြင်လာတဲ့ အရိပ်အယောင်တွေ တွေ့ ရတယ်။ ငါပြောတာ မဟုတ်ရင်လည်း ငါ့ကို ခွင့်လွှတ်ပါ။

မင်း အမှတ်မထင် ပြောလိုက်တဲ့ စကားကြောင့် ဒီစာကို ရေးတာ။ ဘာလိုလိုနဲ့ မင်းနဲ့ငါ ဟိမဝန္တာ ချီးမွမ်းခန်း ဖွင့်နေသလို ဖြစ်နေပြီ။ အဲ... မင်းဆီက ငါပြန်ခဲ့ပြီးတော့ ငါနေတဲ့ တပ်ကို အခါပြီးတဲ့ နေ့မှာပဲ ရောက်ခဲ့တယ်။ ရောက်တော့ ငါ့ဘဝဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲပြန်ပြီလို့ တွေ့ ရပြန်တယ်။ မင်းကတော့ အတော် နားရှုပ်မှာပဲ ဝင်းဦး။ ငါကလည်း မင်းလို စာရေးဆရာ မဟုတ်တော့ ကပေါက်တိကပေါက်ချာ ဖြစ်မှာပဲ။ သည်းခံပြီးသာ ကြည့် ရှု ဖတ်ပါတော့

သူငယ်ချင်းရာ။

ဒါနဲ့ အချို့ လူတွေက မင်းစာရေးရင် ကိုယ့်ကိုယ်ကိုယ် တည်ပြီး ဇာတ်လိုက်နေရာ မှာထားပြီး ဇာတ်အိမ်ဖွဲ့ တယ်လို့ ပြောတယ်။ ရှင်းရှင်းပြောရရင် တယ်ပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်တယ်ပေါ့ကွာ။ ထားတော့... မင်းကပဲ ဟုတ်သည်ထားတော့။ ဒီတစ်ပတ်တော့ မင်း ဇာတ်လိုက် မဖြစ်ပါနဲ့ဦး။ ငါ့ကို ဇာတ်လိုက်ထားပြီး မင်း ရေးပေးဦး။ တကယ် ပြောနေတာပါကွ။ တစ်ခုတော့ ရှိတယ်။ မင်းရေးနေကျလို အသည်းကွဲ သံသရာထဲက ဇာတ်လိုက်မင်းသားတော့ မဟုတ်ဘူး သူငယ်ချင်း။ မြတ်နိုင်ဆိုတဲ့ ဇာတ်လိုက်အမျိုးအစားဟာ ဘယ် အဆင့်အတန်းမှာ ပါတယ်ဆိုတာကိုတော့ မင်းပဲ ဆုံးဖြတ်ပေါ့ကွာ။ ဒီလို သူငယ်ချင်း ဒီလို။

မင်းတို့ ငါတို့ နေရတဲ့ တပ်ရင်း (...) မှာ ငါ အခုထက်ထိ မြဲနေခဲ့ တယ်ဆိုတာတော့ မင်းသိမှာပေါ့။ မင်းနဲ့ ကွဲသွားကြတာ ၆ နှစ်လောက် ရှိလိမ့်မယ် ထင်တယ်။ ငါ အခု တပ်မှာ လူပျိုများ နေတဲ့ ရိပ်သာမှာ မနေဘဲ အိမ်ထောင်သည်တန်းလျားက အခန်းမှာ နေတယ်။ ဒီလိုဆိုတော့ မင်းက “အို့ဟို... နို့... မိန်းမ မရသေးဘူးလည်း ပြောသေးရဲ့ ။ ဘယ့်နှာလဲ”လို့ မေးချင်မှာပဲ မဟုတ်လား။ အေး... ဒါကြောင့်လည်း ငါက မင်းမေးချင်အောင်၊ သိချင်လာအောင် အပျိုးကလေးတွေ အချီးကလေးတွေနဲ့ ရေးရတာပဲ ဝင်းဦး။

တပ်မှာ ငါ အသက်ဘေးနဲ့ ကင်းဝေးတဲ့ ဌာနမှာ အမှုထမ်း နေတယ်ဆိုရင် မင်းအံ့သြဦးမှာပဲ။ ငါ့လောက် တိုက်ချင် ခိုက်ချင် စွန့်စားချင်တဲ့သူ မရှိဘူးဆိုတာ မင်းသိလေတော့၊ အငြိမ်းစား နေရတဲ့ နေရာမှာ ငါဘယ်တော့မှ မနေဘူး ဆိုတာကို မင်းသိနေတော့ ငါ ဘယ်လိုဖြစ်နေသလဲလို့ မင်း စိတ်ဝင်စားသထက် ဝင်စားလာတော့မှာပဲဆိုတာ ငါ သိပြီးသားပါ။ မင်းက ငါ့ကို နွားရှေ့ ထွန်ကျူးတဲ့ကောင်၊ စာရေးဆရာကို နိဒါန်းတွေ ဘာတွေနဲ့ အဆာချဲ့ ပြောတတ်တဲ့ ကောင်လို့ ထင်မှာကိုတော့ ငါစိုးသား၊ အမှန်တော့ ငါ့မှာ ပြောချင်စရာတွေ များလွန်းလို့ ဘယ်က စရမှန်း၊ ဘယ်ဟာကို ဦးစားပေးရမှန်း မသိဖြစ်နေလို့ပါကွာ။ သည်းခံဖတ်ပါ။

မင်း ငါတို့တပ်က ပြောင်းသွားပြီးတဲ့နောက် မင်းနေရာကို တပ်ကြပ်အသစ်တစ်ယောက် ရောက်လာတယ်။ လူငယ်လူရွယ် သန်သန်မာမာ ဖြတ်ဖြတ်လတ်လတ်လည်းဖြစ်၊ ကြံ့ကြံ့ ခိုင်ခိုင် ရည်ရည်မွန်မွန်လည်းဖြစ်တော့ ငါ့အဖို့ အားကိုးရာ လက်ရုံးကောင်း ရပြီလို့ ငါထင်ခဲ့တယ်။ ဒါပေမယ့် ငါ့အထင်ဟာ ပါစင်အောင် လွဲတယ် သူငယ်ချင်းရဲ့ ။ ထွေးကိုဟာ... အဲ... သူ့နာမည် ထွေးကိုလို့ ခေါ်တယ်။ ထွေးကိုဟာ ခိုင်းတဲ့ တာဝန်ကို ကျေကျေပွန်ပွန် လုပ်တော့ လုပ်ပါတယ်။ စည်းကမ်းလည်း အရှိသား။ သူ့မှာ လူပျိုလူရွယ်ဖြစ်ပေမယ့် သောက်သောက်စားစား၊

ဟောဟောရမ်းရမ်းလည်း မရှိဘူး။

အကျင့်စာရိတ္တာ ယိုယွင်းတာရယ်လို့ မတွေ့ ရသလောက်ဘဲ။ အပေါင်းအသင်း ရဲဘော်ရဲဘက်များနဲ့လည်း မတည့်မပြု မရှိဘူး။ ဒါပေမယ့် သူငယ်ချင်းရယ် မင်းလည်း ငါ့စိတ်ခေတ်ကို အသိသား မဟုတ်လား။ ငါဟာ တပ်ကြပ်ကြီး ရာထူးကို စစ်တိုက်လို့ ရလာတာ။ တိုက်ပွဲကို ရဲရဲဝံ့ဝံ့ ထွက်ပြီး ရှုပ်ရှုပ်ချုံချုံ လုပ်လို့ ရလာတာ။ စစ်မတိုက်တဲ့ စစ်သားကို ငါ အထင်မကြီးနိုင်ဘူး။ အဲဒီတော့ ထွေးကိုလည်း ငါ အထင်မကြီးနိုင်ဘူး။ ဒီလောက်နဲ့ဆို တော်သေးရဲ့ ။ ငါလေ့လာရသလောက် ထွေးကိုဟာ တိုက်ပွဲခိုက်ပွဲ ထွက်ဖို့ တာဝန်ကျလာတိုင်း အလိမ္မာနဲ့ ရှောင်ပြေးနေတာချည်း တွေ့ ရတယ်။ အဲဒီတင် ငါသူ့ကို အလွန်အမင်း ရွံရှာသွားတော့ တာပဲ။ ငါ့တပ်စုမှာလည်း သူ့ကို မထားချင်တာနဲ့ အထက်အရာရှိကို ပြောပြပြီး တခြား တပ်စုကို ပြောင်းခိုင်းလိုက်တယ်။

ထူးဆန်းတာက ထွေးကိုဟာ ငါ သူ့ကို အထင်သေးမှန်း သိတယ်။ ရွံရှာမှန်းလည်း သိတယ်။ ဒါပေမယ် ငါ့ကိုတော့ သူခင်ရှာတယ်။ ရိုလည်း ရိုသေတယ်။ ငါ့ကို ဘုရားလို ကိုးကွယ်တယ် ဆိုပါတော့ကွာ။ ငါ့မှာ အတော် အံ့သြရတယ်။ ဒါပေမယ့် ငါ သူ့ကို သဘောမကျနိုင်တာကတော့ လျော့မသွားခဲ့ဘူး ဝင်းဦး။ငါ သူ့ကို အထင်မှ မကြီးဘဲကိုးကွ။

ဒီမှာ ဝင်းဦး။ ငါဝတ္ထု ရေးတတ်တဲ့သူ မဟုတ်ဘူးနော်။ ငါ ဖွဲ့ ဖွဲ့ နွဲ့ နွဲ့ လည်း မရေးတတ်ဘူး။ မင်းလက်ထဲ ရောက်မှ ဖွဲ့ နွဲ့ ရေးပေတော့။ ငါကတော့ တကယ်ဖြစ်ခဲ့တဲ့ အကြောင်းတွေကို ဖယ်ဆက်သလို ရေးသွား ပြောသွားမှာ။ ထွေးကိုဟာ ငါ့လက်အောက်မှာ မဟုတ်ဘဲ တခြားတပ်စုမှာမို့ ငါနဲ့ဟာ အလုပ်ချင်း တိုက်ရိုက် မလုပ်ရတော့ ငါလည်း သိပ်ပြီး စိတ်မညစ်ရတော့ဘူးပေါ့။ စိတ်ညစ်ရတယ်ဆိုတာက ဒီလိုပါ။ ငါက တိုက်ပွဲ ထွက်ခိုင်းမယ်။ သူက ဟို ရမယ်ရှာ ဒီ ရမယ်ရှာ လုပ်ပြီး နောက်ချန်နေရစ်မယ်။ ငါ ဒေါပွမိမယ်။ ပြောမိ ဆိုမိမယ်။ ကြာတော့ ငါပဲ စိတ်ညစ်ရမှာမို့ပါ။

ဒါပေမယ့် ဝင်းဦး… မပတ်သက်ချင်မှ စပ်ဆက်လာရတတ်တယ်။ မတွေ့ ချင်မှ တွေ့မြင်နေရတယ် ဆိုသလိုပဲ။ တစ်နေ့တော့ ထွေးကိုနဲ့ ငါ ဆုံစည်းဖို့ ဖြစ်လာတော့တယ်။ အဖြစ်ကတော့ မဆန်းပါဘူးကွာ။ သူ့တပ်စုက တပ်ကြပ်ကြီး ဗိုက်အူအတက်ပေါက်လို့ ဆိုပြီး ဆေးရုံ တက်ရတယ်။ အဲဒီတော့ ငါလည်း သူ့တပ်စုပါ ရောပြီး ကိုင်ရတော့တယ်။ ထွေးကိုဟာလည်း ငါ့လက်အောက် ပြန်ရောက်ပြန်တော့တယ်။ ငါက ထွေးကိုကို ထန်ထန် ဆက်ဆံပေမယ့် ထွေးကိုကတော့ ငါ့ကို မှန်မှန်ပါပဲ။ သူ့ဓလေ့အတိုင်း ရိုရိုသေသေ လေးလေးစားစား ဆက်ဆံတယ်။ တခြား ရဲဘော်တွေကတောင် ငါ ထွေးကိုကို မလိုလား ခါးသီးနေတာကို စိတ်မကောင်းဖြစ်ကြသေးတယ်။ ဒါပေမယ့် ငါကတော့

ငါ့မူနဲ့ငါဆိုတော့ စစ်မတိုက်ရဲတဲ့ ထွေးကိုကို မျက်နှာသာ မပေးချင်ဘူးပေါ့ကွာ။

တိုတိုပဲ ပြောကြပါစို့ရဲ့။

အဲသလို တပ်စုနှစ်စုစလုံးကို ခွကိုင်နေရတဲ့ အခါမှာမှ ရိုးမတောင်က သောင်းကျန်းသူတွေကို ရှင်းဖို့ တာဝန်ဟာ မမျှော်လင့်ဘဲ ကျရောက်လာတော့တယ်။ တို့တစ်တွေလည်း ထုံးစံအတိုင်း ခရီးထွက်ဖို့ ပြင်ဆင်ကြရတော့တာပေါ့ကွာ။ ငါလည်း လူစားမရဘဲ ဖြစ်နေတော့ အလုပ်နှစ်ဆတိုးပြီး ဂျင်ဂျင်ကို လည်နေတော့တာပေါ့”

“ဆရာကြီး ကိုထွေးကို နေမကောင်းလို့ ဆေးရုံတက်ချင်တယ်လို့ ပြောတယ်”

အလုပ်များတုန်း အဲဒီစကားကို ကြား ရတော့ ငါ့စိတ်ဟာ ထောင်းကနဲ ဖြစ်သွားတော့တယ်။ ဒါကြောင့် ချက်ချင်းပဲ ငါ့တပ်စုနှစ်စုက လူအားလုံးကို တန်းစီစေပြီး ဆုံးမစကားကို လေရှည်ကြီး ပြောပစ်လိုက်မိတယ်။ ဆုံးမစကားသာ ဆိုပါတယ်ကွာ။ ဆူပူကြိမ်းမောင်းတာပဲပေါ့။ ဒါကတော့ ငါ့ဝသီပါ။ စစ်သားဟာ စစ်မတိုက်ဝံ့ဘူးဆိုရင် အတော် ရှက်ဖို့ ကောင်းတဲ့အကြောင်း ငါ ပစ်ပစ်နှစ်နှစ်ကြီး ပြောလိုက်မိတယ်။ ငါ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောတယ်ဆိုတာ အားလုံး သိကြပါတယ်။ ကာယကံရှင် “ထွေးကို”က ပိုပြီး သိသပေါ့ကွာ။

ထွေးကိုဟာ ငါ့ပြောစကားကြောင့် အတော်ရှက်သွားတယ် ထင်ပါရဲ့။ မျက်နှာကြီး နီနေတာကို တွေ့ ရတယ်။ တော်တော်လည်း စိတ်ထိခိုက်သွားဟန်တူပါရဲ့ ။ အဲဒီနေ့ ညနေမှာ သူငါ့ဆီလာပြီး သူ ဆေးရုံ မတက်ချင်တော့ကြောင်း၊ သူ့ကို ဆရာဝန်က မတားမြစ်အောင် ဆောင်ရွက်ပေးဖို့ လာပြောတယ်။ ငါကလည်း ဒါ ငါ့ကိစ္စ မဟုတ်ဘူးလို့ ပြောလိုက်တယ်။

တို့လည်း တိုက်ပွဲ ထွက်ခဲ့ကြရော ဆိုပါတော့ကွာ။ ရိုးမတောင်ခြေစခန်း ရောက်လို့ နှစ်ရက်လောက်လည်း ကြာရော။ နောက်ပိုင်းက ထွေးကိုတစ်ယောက် လိုက်လာပြီး ငါ့ဆီ ရောက်ရှိကြောင်း သတင်းပို့တော့တယ်။ "မင်း ငါ့ကြောင့် စစ်မတိုက်ချင်ဘဲနဲ့ တိုက်ရတယ်လို့တော့ မဖြစ်စေနဲ့။ မင်း စိတ်က မပါရင်ပြန်"

ငါက စေတနာနဲ့ အဲသလို ပြောလိုက်ပါသေးတယ်။ ဒါပေမယ့် သူငယ်ချင်း။ အပြောမတတ်တော့ ငါ့စေတနာဟာ ဝေဒနာဖြစ်ရပေတယ်။ ထွေးကိုဟာ ငါ့စကားကြောင့် မျက်နှာအပျက်ပျက်ဖြစ်ရာက“ကျွန်တော် ဆုံးဖြတ်ပြီးသားပါဆရာ”လို့ ဖြေတယ်။

အင်း... သူ့ဆုံးဖြတ်ချက်ဟာ ငါ့ပယောဂနဲ့ သူ့ကို သေရွာ

ပို့လိုက်တာပါပဲကွာ။ ထွေးကိုဟာ စစ်သားတစ်ယောက်အနေနဲ့ စစ်မြေပြင်မှာ သေသွားရှာပါတယ်။ ငါဆိုလိုတဲ့ အဓိပ္ပာယ်ကို မင်း ငုံမိပါလိမ့်မယ် ဝင်းဦး။ စစ်သားတစ်ယောက်အနေနဲ့ သေတယ်ဆိုတာက သတ္တိပြရင်း သေတာကို ပြောတာပါ။

ထွေးကိုဟာ ရန်သူ့စခန်းတစ်ခုကို တက်သိမ်းရင်း ကျည်သင့်လို့ သေရတယ်။ သေခါနီးမှာ ထွေးကိုဟာ ငါ့ကို တွေ့ ခွင့်တောင်းပြီး မှာစရာရှိတာကလေး တွေကို မှာသွားတယ်။ လူတွေ သေတာကို ငါအမျိုးမျိုး ကြုံခဲ့ဖူးပါတယ် သူငယ်ချင်း။ များသောအားဖြင့်တော့ သနားစဖွယ် မျက်ရည်သွယ်သွယ်နဲ့ မှာသွားတတ်တာတွေ များတာပဲ။ ထွေးကိုကျတော့ ဒီလို မဟုတ်ဘူး။ ဘာမှ ထူးထူးထွေထွေ မမှာရှာပါဘူး။ ငါ့ကို တွေ့ပြီး သူ့မှာ ငွေဘယ်လောက် စုဆောင်းပြီး ရှိကြောင်း၊ အဲဒီငွေများနဲ့အတူ သူ့အတွက် တပ်မတော်က ပေးမယ့် သက်စွန့်ဆုကြေးပါ နှစ်ရပ်ပေါင်းပြီး သူ့မိခင်ကြီးကို ငါကိုယ်တိုင် သွားပေးဖို့ ရိုးရိုးပဲ မှာသွားတာပါပဲ။ ငါ့မှာ အတော် ထူးဆန်းမိတယ်။ ငါ့ကိုမှ ဒီတာဝန်ကို ဘာဖြစ်လို့ ပေးသွားရသလဲလို့ အံ့သြမိတယ်။ ဒါပေမယ့် ငါ သူသေခါနီးမှာ မှာသွားချက်အတိုင်း ဆောင်ရွက်လိုက်ပါတယ်။

သူငယ်ချင်း ဝင်းဦး၊ ငါဟာ စာရေးကောင်းတဲ့သူတစ်ယောက် မဟုတ်ပါဘူး။ တခြားသူတွေ မျက်ရည်ကျလောက်အောင်လည်း ကရုဏာ ရသပေါ်အောင် မရေးနိုင်ပါဘူး။ ဒါပေမယ့် သူငယ်ချင်းရယ်၊ ငါလေ... ဒီစာကို ရေးရင်း မျက်ရည်လည်မိပါတယ်ကွာ။

ဆက်သာ ဖတ်တော့ သူငယ်ချင်းရေ။

ငါလေ... ထွေးကို ပေးခဲ့တဲ့ လိပ်စာ အတိုင်း လိပ်စာထဲက ရွာကို လိုက်သွားခဲ့တယ်။ ထူးထူးဆန်းဆန်း ထွေးကိုဟာ သူ့အမေရဲ့ လိပ်စာကို ရွာဦးဘုန်းကြီးကျောင်းက တစ်ဆင့် ပေးထားလို့ ငါလည်း ဘုန်းကြီးကျောင်းကို တိုက်ရိုက်ပဲ သွားရတယ်။

“တပ်ကြပ်ကလေး ထွေးကိုရဲ့ မိခင် ဒေါ်ဖွားရှင် ဒီမှာ ရှိပါသလား"

ငါက အဲဒီလို မေးတော့ ကပ္ပိယကြီးက ငါ့ကို ကြောင်ကြည့်နေတယ်။ ပြီးမှ “တွေ့ ချင်လို့လား” လို့ ပြုံးကြောင်ကြောင်နဲ့မေးတော့ ငါ့မှာ စိတ်များတောင် တိုမိပါသေးတယ်။ ငါက တွေ့ ချင်လို့လာတဲ့အကြောင်း ပြောမှ ကပ္ပိယကြီးဟာ ငါ့ကို သူနေတဲ့ ကျောင်းဘေးက တဲအိုကလေးကို ခေါ်သွားတယ်။ တွေ့ပါပြီ သူငယ်ချင်း၊ ငါ ထွေးကိုရဲ့ အမေကို တွေ့ ပါပြီ။ ထွေးကိုရဲ့ အမေဟာ ငါ့ကို ဝမ်းပန်းတသာနဲ့ ကြိုဆိုရှာတယ်။ “လူကလေးဆီက လွှတ်လိုက်တာ မဟုတ်လား။ လူလေး အမေ့ကို ခေါ်တော့မယ်တဲ့လား"လို့ ပြောရှာတယ်။ ငါလေ.. ဘယ်လို ပြောရမှန်း မသိပါဘူး။

“မောင်ထွေးကိုတို့ဟာ အမေတစ်ခု၊ သားတစ်ခုပါ ရဲဘော်ကြီး။ ဆွေမျိုး မရှိကြဘူး။ မောင်ထွေးကိုဟာ အမေ မျက်မမြင်ကြီးကို လုပ်ကျွေးဖို့ စစ်ထဲဝင်သွားတာပဲ။ အမေကြီးက အားကိုးစရာ ဒီသားတစ်ယောက်သာ ရှိတာမို့ သေဘေးက ဝေးအောင် တိုက်ပွဲခိုက်ပွဲတွေ မထွက်ဖို့ ကတိတောင်းလို့ မောင်ထွေးကို ကတိပေးရှာတယ်။ အမေကြီးလည်း စိတ်ချလက်ချ ဘုန်းကြီးကျောင်းမှာ မောင်ထွေးကို ထောက်ပံ့ပေးတဲ့ ငွေကလေးနဲ့ နေရရှာတာပါကွယ်” တဲ့။

ကပ္ပိယကြီး ရှင်းပြတော့ ငါ့မှာလေ မလည်စဖူး မျက်ရည်များ လည်မိပါတော့တယ်။ ဪ... ထွေးကို အမေ့ကြောင့် ကြိတ်မှိတ် အထင်သေးခံခဲ့ပေသကိုး။

ကိုင်း... သူငယ်ချင်း ငါပြောချင်တာကတော့ ဒါပဲ။ ငါ အဲဒီကတည်းက ကျွတ်သွားတယ် ဆိုပါတော့။ အဲဒီကတည်းက ဘယ်သူ့ကိုမှ အကြောင်းရင်း မသိဘဲနဲ့ ကဲ့ရဲ့ ပြစ်တင်ခြင်း၊ အထင်သေးခြင်းများ မလုပ်တော့ဘူး ဆိုပါတော့။

အခု ငါလေ... လူပျိုဆိုပေမယ့် တပ်ရင်းမှူးဆီက ခွင့်တောင်း၊ အကျိုးအကြောင်း ပြောပြပြီး ထွေးကိုရဲ့ အမေကြီးကို ငါ့အမေရင်းသဖွယ် ခေါ်ပြီး ပြုစု စောင့်ရှောက်နေပါတော့တယ်။ ငါ့အမေ (ထွေးကို အမေ) စိတ်ချမ်းသာမှ ငါမိန်းမ ယူတော့မယ်။ သူတစ်ပါးကို အလကားသက်သက် အကြောင်းမှန် မသိဘဲ စွပ်စွဲကဲ့ရဲ့ မိတဲ့ အပြစ်ကို ငါလေ... ထွေးကို အမေကြီး လုပ်ကျွေးခြင်းဖြင့် တစ်သက်လုံး အဆက်မပြတ် ဆေးကြောသွားတော့မယ် သူငယ်ချင်း။

ထွေးကိုဟာ သူသာ မတော်တဆ တိမ်းပါးသွားရင် သူ့အမေ အားကိုးရာမရှိ ဖြစ်မှာကို စိုးရိမ်ပြီး သေလမ်းကို မသွားဖို့ ငြင်းပေတာကို သူငယ်ချင်း။ ငါ လူမိုက်ပါ သူငယ်ချင်းရယ်... ငါ လူမိုက်ပါ။

ကိုင်း... ငါ ဘာကြောင့် ဒီအကြောင်းကို ပြောပြသလဲ သိပြီလား။

"လူတစ်ဦး တစ်ယောက်ကို သူ့အကြောင်း အတွင်းကျကျ မသိဘဲနဲ့ ကိုယ့်ဘာသာကိုယ် တစ်ဖက်သတ် ဆုံးဖြတ်ချက် ချတတ်တာဟာ လူသတ်သမား စိတ်မျိုးပဲ။ တစ်ပါးသူကို မိမိရဲ့ စွပ်စွဲမှုကြောင့် ရှင်ရက်နဲ့ သေစေတတ်သလို အချိန်တန်လို့ အမြင်မှန် ရလာတဲ့အခါမှာလည်း မိမိမှာ နောင်တကြောင့် ရှင်ရက်နဲ့ သေကြေရတတ်တယ်” ဆိုတဲ့ မင်းရဲ့ အမှတ်မထင် ပြောလိုက်တဲ့ စကားကြောင့်ပေါ့။

ငါ့အဖြစ်အပျက်ကလေးကို မင်းသာ ချဲ့ ထွင် ရေးမယ်ဆိုရင် စိတ်ထိခိုက်ဖွယ်ကောင်းတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်လာမှာပါပဲ။ အချစ်ဝတ္ထုအစား ဒီဝတ္ထုကို ရေးပါလို့ ထပ်လောင်း တိုက်တွန်းလိုက်ပါတယ်။

တော်သေးပြီကွာ……

သူငယ်ချင်း

မြတ်နိုင်

အထက်ပါစာကို အောက်တိုဘာလ ၁၉ ရက်နေ့က ကျွန်တော် ရရှိခဲ့ပါသည်။ ရှုမဝမှ ဝတ္ထုရှည် ရေးပေးမည်ဆို၍ လာရောက်တောင်းရာ ကိုမြတ်နိုင်၏ စာမူရင်းကိုသာလျှင် မပြီးသေးသည့် ဝတ္ထုရှည်အစား ယခုလ ဝတ္ထုတိုအဖြစ် မဖြတ်မတောက် မချဲ့ မထွင်ဘဲ ဖော်ပြရန် ပေးအပ်လိုက်ရပါကြောင်း။

ဝင်းဦး

ထုံတုံတုံ အတတ

ကန့်ကော်လမ်း ကလေးများပေါ် တစ်ယောက်ထီး လျှောက်ရပေဦးမည်။ ယနေ့ နက်ဖြန် ဆိုသလို တက္ကသိုလ်လည်း ပြန်ဖွင့်တော့မည် ဖြစ်သောကြောင့် ညီမောင်၏ ပင့်ကူ အိမ်ချစ်ဝက်ပါကိုလည်း ပြန်၍ ဖွင့်လှစ်ဆန်းသစ်ရပေဦးမည်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ပြီးသည်မှ တဆောင်းသစ်သစ် ငွေလွှာအစ်ကြီးကို ဖွင့်လှစ်၍ ငွေမှုန်တွေ တလွှင့်လွှင့် ထုတ်ကြဲသည့်ကာလတွင် အသည်းကွဲဓာတ်လမ်းတွေကို မြောက်လေနှင့်အတူ တစ်ကိုယ်တော် သမားတွေ အတွက် တီးတိုးသစ္စာထားပြော ကြားချင်ပါသည်။

ဆုံးပြီးသား ဓာတ်လမ်း တစ်ပုဒ်ပုဒ်ကို ပြန်ပြီးစလျှင် "ရှေးသရော အခါက" ဟု ပဏာမ ပျိုးရသည်ချည်း တွေ့ဖူးပါသည်။ သို့သော် ယခု ဓာတ်လမ်းကား ထိုသို့ စ၍မဖြစ်ပေ။ မသင့်လျော်ပေ။ စပ်အပ်ခြင်းလည်း မရှိပေ။ 'ယုန်နှင့် လိပ်ကို ပုံပြဆို ထိုထိုမှတ်ကြရန်"ဟူသောပုံပြင်အစ လင်္ကာသားကို ကြားဖူးသလား အစ်ကိုလေး။

"ထုံတုံတုံအတတ ငွကျတဲ့ ကိုလူပျို ချစ်ရေးစလို့ သူကမဆို"ဟူသော ခေတ်ပေါ် သီချင်းကို ကြားဖူးသလား အစ်ကိုလေး။

ညီမောင်၏ မရိုးမဆန်း ဗရမ်းဗတာ ဓာတ်လမ်း တစ်ပုဒ်ကို ထိုသို့ စချင်ပါ၏။

※※※

"ကျောင်းပိတ်ထားတုန်း တို့တစ်တွေနဲ့ လိုက်ပြီး ဟိုနား ဒီနား သီချင်း ဆိုပါဦးလား"

အစ်ကိုလေးသည် ပြည်လမ်း အသံလွှင့်ရုံသစ်ကြီး၌ တစ်နေ့ ဆုံမိကြရာ၌ ညီမောင့်ကို ဤသို့ ရယ်ကာ မောကာ ပြောခဲ့သည်။ အစ်ကိုလေး၏ ညီတော်မောင် ဂီတ လုလင် မောင်ကိုကိုကလည်း "တစ်နှစ်က ရွှေတိဂုံ ဘုရားပေါ် မှာ မင်းလာ ဆိုသွားတယ် မဟုတ်လား။ မိန်းကလေးတွေက အဲဒီလူကို နောက် ဘယ်တော့မှ မခေါ်ပါနဲ့တဲ့ကွ"ဟု ကြားဝင်တောကာ နောက်ပြောင်လေသည်။ အစ်ကိုလေးတို့က ကုန်ပစ္စည်း ကြော်ငြာခန်း အတွက် လာ၍ အသံသွင်းခြင်း ဖြစ်ပြီး ညီမောင်ကမူ မိတ်ဆွေများ ဖြစ်သော "ဂီတနှမ်းဖတ်ချဉ်" အဖွဲ့သားများနှင့် ယောင်ပေါင် လိုက်လာခြင်းဖြစ်သည်။ သည်းခံပါ အစ်ကိုလေး။ အမှန် စင်စစ်က ညီမောင်ကသာလျှင် ထိုသူများ အဖွဲ့ကို ဝိသုကြုံ လုပ်ကာ လိုက်ပို့ခြင်း ဖြစ်ပါသည်။

ညီမောင် ဝိသုကြုံ လုပ်သည် ဆိုသည်နှင့် အစ်ကိုလေးက သိပြီး ကျွမ်းကျင် အပြုံးမျိုး ပြလိမ့်မည် ဖြစ်ကြောင်းကိုလည်း ညီမောင် သိပါသည်။ ထို့ပြင် ကြင်စရာ၊ မင်စရာ ခင်ကညာ ကလေး တစ်ယောက်ကို အဖွဲ့တွင်ပါ သေးသည်ဟုလည်း ညီမောင် မျက်လွှာချကာ ခပ်မဆိတ်နေခြင်းဖြင့် ဝန်ခံမိသည်ကိုလည်း အစ်ကိုလေး ရိပ်မိပြီးဖြစ် ကြောင်း ညီမောင် နားလည်ပါသေးသည်။ အညာအဝါးအဖြန်း အသန်းတွင် ကမ်းကုန်အောင် တတ်ကျွမ်းပြီး ဖတ်စစ်ကလပ် နံပါတ်ဝမ်း "သမိန်ဗရမ်း" ကလေးပြီပြီ ဖြစ်ပေသော ညီမောင့်ကို အစ်ကိုလေး ခွင့်လွှတ် သည်းခံလိမ့်မည်ဟု ညီမောင် ယုံကြည်ပါသည်။

"ကျောင်းပိတ်ပေမယ့်လို့ အစ်ကိုလေး ညီမောင်က အလုပ်များသားကလား။ ဒါပေမဲ့ ဟဲ ဟဲ အစ်ကိုလေးတို့ ရုပ်ရှင်တွေ ရိုက်နေကြတယ်ဆို ညီမောင် အသံသွင်း ကားတွေမှာ နောက်ခံ ဆိုပေးလို့ မရဘူးလား။ ညီမောင်က ထင်ပေါ် ကျော်ကြားချင်တယ် ခင်ဗျာ အဟဲ"

ညီမောင်က ထိုသို့ ပြက်ချော်ချော် ပြောသောအခါ အစ်ကိုလေးက

"ငါ့ညီနဲ့ ကိုက်မထင်ပါဘူးကွာ။ မင်းကလည်း သီချင်းဆိုမှပဲ ထင်ပေါ် ကျော် ကြားတော့မတဲ့လား တကတဲ" ဟု ကျိန်းစပ်စပ် ကလေး ပြောပါသည်။ ညီမောင့်အကြောင်း နောကေ နောကျေနေသော မောင်ကိုကိုကမူ "အစ်ကိုလေးရာ ဝင်းအောင် အကြောင်းများ မသိတာလိုက်လို့ နေရာတကာ မြှော့သွေးစမ်းချင်နေတဲ့ အကောင်။ မေရယ် အနား လာကွယ်၊ အဝေးကြီးမသွားနဲ့ နော်အော့ ဟော်ဟော်ဆိုတဲ့ သီချင်းမျိုးနဲ့ တစ်မျိုးတစ်ဖုံ စစ်မျက်နှာသစ် ဖွင့်ချင်လို့ ဖြစ်မှာပေါ့"ဟု အဖွင့်ကျမ်း ရှင်းတမ်းထုတ်သည်။ ဟုတ်ရာ မှန်ရာကို ဆို၍ ညီမောင် ကျွဲမြီး တိုရပါသည်။

ထိုအခါတွင်"ဟ ဝင်းအောင်က ဘယ်လိုလဲ။အတွယ် အတာ မရသေးဘူးလား"ဟု အစ်ကိုလေး ကောက်ကာ ငင်ကာ မေးပါသည်။

"နေမြဲပဲပေါ့ အစ်ကိုလေးရဲ့ "

"မင်းက ရွေးလွန်းတယ် ထင်ပါရဲ့။ ဩော် အေး ငါ့နှယ် မေ့လိုက်တာ မင်းမှာက ကျောင်းသားပဲ ရှိသေးတာကိုး" အားလုံး ရယ်ကြပါသည်။ ပြီးနောက် အစ်ကိုလေးတို့လည်း ညီမောင့်ကို နှုတ်ဆက်ကာ အသံလွှင့်ရုံမှ ထွက်ခွာ သွားကြပါသည်။ မသွားမီ "ငါ့ညီက သိပ်စွန်တော့ သေိုင်း များဟင်းဟုန်သလို ဖြစ်နေတယ်နဲ့ တူတယ်။ ခုကတည်းက ဘဝကြင်ဖော် ရည်မှန်း ထားချင်ရင်လည်း ရေပေါ် လျှပ်တိုက် မပြေးနေနဲ့၊ ၊ကျောက် ဆူးချလိုက်တော့"ဟု သတိပေး သွားလေသည်။ ညီမောင့်မှာ ပြုံးရပါ၏။

ညီမောင်ကား တက္ကသိုလ် ကျောင်းသားကြီး ဖြစ်၏။ တက္ကသိုလ် ကျောင်းသားဟု ဆိုပေသော်လည်း အများ တကာနှင့် မတူ ဘီအေဘီအယ်လ် ဘာသာနှင့် အမြီးတွေ တသီတတန်းကြီး ရှိသော တက္ကသိုလ် ကျောင်းသားကြီး ဖြစ်ပါသည်။ လောလောဆယ် ဆယ်ညီမောင် မဟာဝိဇ္ဇာတန်းကို တက်၍နေ၏။ တက္ကသိုလ် သံသရာတွင် ကျင်လည်ခဲ့သည် နှစ်များကား မနည်းပြီ။ ရှေ့ ဆက်၍ ကျင်လည်ရန်လည်း နည်းလမ်းများ ရှာဖွေထားသူ ဖြစ်ပါသည်။ တက္ကသိုလ်ကို ညီမောင်စွန့်ခွာ သွားလိုသည့် ဆန္ဒလည်း မရှိပေ။ ညီမောင်သည် ဘဝ၌ အတော်ကလေး ပြည့်စုံ ကုံလုံ ကြွယ်ဝသူ ဖြစ်ပါ သည်။ ချမ်းသာသော မိဘမှ ဆင်းသက်သူဖြစ်ပြီး အချော အလှထွတ်ခေါင် ဖုန်းမောင်မောင်ဟု မဆိုနိုင်သော်လည်း သူ့အတန်းအစား တွင်တော့ ထိပ်ဆုံးကပဲ ဟူ၍ကား ခပ်ကြွားကြွား ဆိုနိုင်ပါသည်။ ညီမောင် သရဖူ ဆောင်းသည်ကား ခေတ် စကားနှင့် ပြောရလျှင် “ဇာ့ာ” နှင့်“အာ”တွင် ဖြစ်ပါ၏။ညီမောင်သည် မြာကေရာဇ် တစ်ပါးဟုအမည်တွင်သူ ဖြစ်ပါသည်။ လျှာကုဋေ ပိုင်ရှင်ဟုလည်း အပြောကောင်း အဆိုကောင်း ကိုအောင်မောင်း အဖြစ် သတင်းကြီး သူဖြစ်ပါသည်။ သို့ရာတွင် ညီမောင်၏ ဘဝအစစ်အမှန် သနစ်ကေန်ကိုကား ညီမောင့်ကို အထင်ကြီးနေ သူများ မသိကြပါချေ။

ထိုနေ့က အသံလွှင့်ရုံတွင် အစ်ကိုလေးတို့နှင့် တွေ့စဉ်က ညီမောင်၏ လတ်တလော အဖြစ်ကို အစ်ကိုလေး တို့ တစ်စေ့တစမျှ မသိသောကြောင့် သာလျှင် ယင်းကဲ့သို့ နောက်ကြ ပြောင်ကြခြင်းဖြစ်ပါသည်။ ညီမောင့်ကို တစ်ဖြစ် မလဲသေးသည့် ချစ်သဲကလေးပင်ဟု အစ်ကိုလေးတို့ ယူဆ နေပုံရ သည်။ အစ်ကိုလေးတို့ သာမက အခြားရှိရှိသမျှသော ညီမောင်၏ အပေါင်းအသင်းများကလည်း “ဝင်းအောင်တစ်ယောက် ဒီအတိုင်းပဲ သွားမှာပါ”ဟု တထစ်ချ မှတ်ယူထားကြပါသည်။ ရှိပါစေတော့ အစ်ကိုလေးရေ ရှိပါစေတော့။

ညီမောင် ဖွင့်ဆိုချင်သည်ကား ညီမောင်၏ ကြည့်လိုက်လျှင် ဝင်းမှည့်မှည့်၊ စားလိုက်လျှင်တော့ ယွင်းအဲ့အဲ့ ဖြစ်လေသော ကျီးအာသီးဘဝ၏ တစ်ကဏ္ဍကလေးမှ ဇာတ်ကြောင်းပင် ဖြစ်ပါသည်။ ညီမောင် ဇာတ်ကြောင်း လှန်လိုမိသည့် အကြောင်းရင်း ခံကား “ရေပေါ်လျှပ်တိုက် ပြေးမနေနဲ့၊ ကျောက်ဆူးချ လိုက်တော့”ဟူသော အစ်ကိုလေး၏ သတိပေး စကားပင် ဖြစ်ပါချေသည်။ ကျောက်ဆူးချ လိုက်ချင်သမှ အရမ်းပဲပေါ့ အစ်ကိုလေးရေ။ ဒါပေမယ့် ကိုယ့်ဝမ်းနာ ကိုယ်သာသိ ကံသာလျှင် အမိ ကံသာလျှင် အဖဟုသာ ဆိုရပါတော့မည်။ ဇာတ်စကားနှင့် ထပ်မနား ပြောရလျှင်တော့ ဆွေများသခင် ရွှေနားဆင်ပေတော့လို့ . .

※※※

"ကိုယ် ဒီပြဇာတ်မှာ မပါချင်ပါဘူးကွာ။ မဟုတ်တာဘဲ။ လူရယ်စရာ ဖြစ်နေမှဖြင့်'

ညီမောင်၏ အခန်းဖော် တက္ကသိုလ် နည်းပြဆရာကလေး ကြည်လွင်က ညည်းညည်းညူညူဖြင့် ငြင်းဆန်၏။ ညီမောင်မှာ လူတောထဲ တိုးရမည်ဆိုလျှင် မရှိမရဲ ဖြစ်နိုင်လွန်းလှသော သူငယ်ချင်းကို စိတ်တို မိပါသည်။ ကြည်လွင်သည် ညီမောင်နှင့် ရန်ကုန်တက္ကသိုလ်သို့ အတူတူရောက်ပြီး တစ်လျှောက်လုံး တတွဲတွဲ စာသင်ခဲ့ကြသူ ဖြစ်၏။ ကျောင်းသားဘဝက ပြုံးပြနှုတ်ဆက်ရုံမှအပ ရင်းရင်းနှီးနှီး သိပ်မရှိခဲ့သော်လည်း ဒီဂရီ ရပြီး သူက ကျူတာလုပ်ပြီး ညီမောင်က ဂုဏ်ထူးတွေ ဘီအယ်လ်တွေ အမ်အေတွေ ဆက်တက်သော အခါ၌ မကြုံစည်ဘဲနှင့် တစ်ခန်းထဲ အတူနေဘက်များဖြစ်လာကြ၏။ထိုအခါ၌ တစ်ယောက်အကြောင်း တစ်ယောက် သိတန်သလောက် သိလာကြသဖြင့် ပိုမို ခင်မင်ရင်းနှီးခဲ့ ပါသည်။ ရင်းနှီးမယ့်သာ ရင်းနှီးပေသော်လည်း အသွင်ချင်း စရိုက်ချင်း တူညီကြသူ များကား မဟုတ်ပေ။

ကြည်လွင်သည် အထက်အညာ မုံရွာက မိရိုးဖလာ မြန်မာစစ်စစ် မူဟန်ကျင် တွေ အပြည့် ရှိသော မိဘများမှ ဆင်းသက်သူဖြစ်သည် အလျောက် သိမ်မွေ့၏။ ကျစ်လျစ်၏။ အနေအထိုင် ပိပြားသည်။ စကား နည်းသည့် အပြင် ရှက်တတ် ရွံ့တတ်သူလည်း ဖြစ်ပေသေးသည်။ ကျောင်းသားကြီးများ ဘာသာဘာဝ ပွေ့ကြပြုကြ ခြင်း၌လည်း မပါ။ ရည်းစားသနာ ထားခြင်း၌လည်း စိတ်မဝင်စားသူ ဖြစ်ပါသည်။ရုပ် ရေရူပကာယအားဖြင် မူ ကျားယားပီသ၍ ကြည် ကောင်းသူဖြစ်၏။ ကြည့်ကောင်းသည်ဆိုရာ၌ ညှက်ညှက် သေးသေး

ပေါင်ဒါအဖွေးသားနှင့် လူဗလံကလေး မဟုတ်။ရင်အုပ် ကျယ်သည်။ ခါးကျင်သည်။ တင် ကျစ်သည်ဟူသော ကိုယ်ခန္ဓာ သန့်စွမ်းမှုနှင့် နဖူးကျယ် မေးကား ပြတ်သားသော မျက်ခုန်း မျက်သားများ ရှိသူဖြစ်၏။ ခြုံ၍ဆိုရလျှင် နှစ်လိုဖွယ်ရာသော အဆင်းကို ဆောင်သူဖြစ်ပါသည်။ သို့သော်လည်း လူအေးမို့ ထင်ပေါ်ခြင်း မရှိ။

ညီမောင်ကား ကိုယ့်ကိုယ်ကို ဖော်သူတော် ကာလနဂါးကလေး ဖြစ်ပေ၍ မုသား အိပ်မက်တွေ အလယ်၌ နစ်မျော အိပ်မောကျနေခဲ့သူ ဖြစ်ပါသည်။ နှုတ်စအာစ သွက်သည်နှင့် အမျှ အလှအပကို အရေ ခြုံတတ်သူ ဖြစ်ပေရကား အများက လိပ်ပြာကဝေ လူတေလေဟု ကင်ပွန်းတပ်ခြင်း ခံရသူ ဖြစ်ပါသည်။ ကြည်လွင်နှင့် နှိုင်းစာလျှင် ဆန့်ကျင်ဘက်ဆီ ရပ်တည်နေသူဖြစ်ပါ၏။

"အို ကိုယ့်ဆရာကလည်း အနုပညာ အသင်းက ဆရာတွေကိုပဲ ဒီပြဇာတ်ကို တာဝန် ပေးခဲ့တဲ့ ဥစ္စာ။ ပြီးတော့ ဇာတ်နဲ့ လိုက်တာကလည်း ကိုယ့်ဆရာနဲ့ ကိုယ်ပဲရှိတာ လုပ်မှာပေါ့။မင်းသမီးက ဥပစာတန်းက "အိ" လေ"

အိပ်ဟု ဆိုလိုက်သည်နှင့် ကြည်လွင်က ခေါင်းမော်ကြည့်လေသည်။ အဘယ်ကြောင့် ခေါင်းမော်ကြည့် ရသနည်းဆို သည်ကို ညီမောင် သိပါ၏။ တစ်လောက "အိ"အကြောင်းနှင့် ပတ်သက်၍ ကြည်လွင် မဟာတဟ ပြောဖူး၏။ ကြည်လွင်သည် အိအပေါ် စိတ်ဝင် စားဟန်ရမှန်း ထိုကတည်းက ညီမောင် သိမိပါသည်။ လုတာ မြင်လျှင် ကြွင်လိုသည်မှာ ဓမ္မတာဖြစ်လေ၍ ညီမောင် ပြုံးခဲ့ရ၏။ယခု "အိ"အကြောင်း ဆိုပေရာတွင် ကြည်လွင် ပြုံးတစ်မျက်နှာ အဖြစ် ပြောင်းလဲ သွားသည်မှာ ဆန်းသည်ဟု မဆိုသာတော့ချေ။

"အိ"

"ဟုတ်တယ်လေ အိပါတယ်ဗျ"

"ဟာဗျာ ကျွန်တော်က ရက်တတ်တယ်ဗျ။ ပိုဆိုး နေပါဦးမယ်။ သူတို့ကလည်း တစ်ခါမှ စင်ပေါ် မတက်ဖူးတဲ့ လူတွေကိုမှ ရွေးခိုင်းရသလားတဲ့ဗျာ"

ညီမောင်သည် မချိုမချဉ် ဖြစ်၍နေသော ကြည်လွင်ကို နောက်ထပ် မပြောတော့ဘဲ ထိုနေ့က ထိုမျှနှင့် စခန်းသိမ်း လိုက်ပါသည်။ ညီမောင်၏ ဝမ်းထဲ၌ စာကလေး ဗေဒင်ထက် သာသော ပုဏ္ဏားကလေး ရှိလေသည်။ ထိုပုဏ္ဏားကလေးက "ကြည်လွင် သဘောတူမှာပါ" ဟု ညီမောင့်ကိုပြော၍ ခပ်မဆိတ် နေလိုက်ခြင်း ဖြစ်သည်။

မှန်ပေသည်။ အနုပညာ အသင်းက "ဒွေးညီနောင်" ပြဇာတ်တိုက်သော နေ့၌ ကြည် လွင်ကြီး ပြုံးဖြီးဖြီးနှင့် ပါ၍ လာသတည်း။

အနုပညာအသင်းက "ပြဇာတ်ပဒေသာ"ဖြင့် နှစ်ပတ်လည်ပွဲ ကျင်းပလေရာတွင် ညီမောင်တို့ နည်းပြ ဆရာနှင့် ကျောင်းသားကြီးများကို ဤ "ဒွေးညီနောင်" ဇာတ်က ခိုင်းသည်မှာ ရယ်ဖွယ်ရာပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လှောင်ပြောင် သရော်ခြင်းလည်း မည်ပါပေသည်။ ဇာတ်လမ်းမှာ ကျောင်းသူ သစ်ကလေး တစ်ယောက်ကို ကျူတာ ဆရာနှစ်ယောက်က ပြိုင်ပိုးပန်းသည့် ဇာတ်လမ်း ဖြစ်သည်။ ဇာတ်လမ်း၌ မည်သူမှ မရ။ ဇာတ်လိုက်မင်းသမီး ကလေးသည် ဘီအေအောင်သည်အထိ ဖြေပြီး ကျောင်းသားသစ်ကလေးနှင့် စွန်သွားသည့် ဇာတ်လမ်းဖြင့် လှည့်ထား၏။

ကြည်လွင်သည် "အိ" ကို ထိရ ကိုင်ရသည့် အခန်း၌ မထိရဲ မကိုင်ရဲဖြင့် ဒါရိုက်တာ၏ အအော်ခံရသည်။ သို့ဒါရိုက်တာ အော်လေ ကြည်လွင်က တုန်ချိချိဖြစ်လေနှင့် မှားသထက် မှား၍ လာလေရာ ညီမောင်က ကြည်လွင်ကို လက်တို့ကာ တစ်ဒေါင့်သို့ ခေါ်သွားပြီး ညီမောင့်ကို အတုယူရန် တိုးတိုးတိတ်တိတ် ကျိတ်သင်ရ၏။ သို့တိုင် "သတိထားပါ ညီလေးရာ မစိုးရိမ်ပါနဲ့"ဟူသော အခန်း၌

ညီမောင်၏ လက်ကို ကိုင်၍ ထားသော ကြည်လွင်၏ လက်မှာ တဆတ်ဆတ် တုန်၍ နေပေသေးသည်။

"အိ" ကမူ ခေတ်ရေစီးကို မာရသွန် နှုန်းထားနှင့် ပြေးနေသူ မိန်းကလေးဖြစ်လေရာ မီးရောင်အောက် ကိုဝင်၍ လူပြက်တွေနှင့် တွဲရသည် အလုပ်ကို ကြိုးကျနေသည့် မင်းသမီး အလား တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေမပျက် လုပ်ကိုင်သွား နိုင်ပေသည်။ ညီမောင်ကိုမူ အိက "ကိုဝင်းအောင်ဟာ ဘာပဲလုပ်လုပ် ရဲရဲတင်းတင်း ရှိတယ်နော်။ အိက ဖျတ်ဖျတ်လတ်လတ်လူမှ ကြိုက်တာ" ဟု အနှောင့်မလွတ် အသွားမလွတ် ဗလွတ်ရွတ်တ ပြောတတ်ပါသည်။ ညီမောင်မှာ စိန်လက်စွပ် ဝတ်ချင်သကဲ့သို့ ဖြစ်သွားရပါ၏။

ပြဇာတ် တိုက်သည်မှာ သီတင်း နှစ်ပတ်ခန့် ကြာမြင့်လေသည်။

ညီမောင်နှင့် အိကား တစ်နေ့ထက် တစ်နေ့ ရင်းနှီးသထက် ရင်းနှီးခဲ့ပါသည်။ "ကလိုက်ကြပါဦးစို့ နှမလေးရေ" "ကြိုးစားလိုက်ပါ ညီမလေးရေ" ဟုပင် အချီအချ စကြ နောက်ကြတတ်ပါသည်။ အိကို ညီမောင်က လက်ကလေး ကိုင်နမ်းရသည့် အခန်းကျရင် "အမယ်လေးဗျာ ကြောင်ချီးနံ့ နံလိုက်တာ" ဟု ညီမောင်က အော်တတ်ပါသည်။ ထိုအခါ အိက ညီမောင်၏ ကျောပြင်ကို သူ့လက်ကလေး နုနုဖြင့် ဖျောတင်ထုလေသည်။ အတွင်းစိတ်က လှုံ့ဆော်လေသလား မသိ၊ ဖျတ်ခနဲ ကြည်လွင့်ဘက် လှည့်ကြည့် လိုက်သော အခါ မျက်စိပျက်၊ မျက်နှာပျက် ဖြစ်နေသည်ကို တွေ့ရသည်ကများ၏။

အထက်က ဆိုခဲ့သည့်အတိုင်း ညီမောင်ကား ပြင်ပပုံ ပန်းသဏ္ဍာန်နှင့် ဟန်ပန်မှာ စံတင်လောက်သူ ဖြစ်ပေရာ ဘေးကြည့် ပရိသတ်က ညီမောင်နှင့်အိ ငြိကြပြီဟု ယိုးစွပ် ကြလေသည်။ သို့ဆိုလေ ကြည်လွင်မှာ မျက်နှာမည်းကြီးနှင့် ဖြစ်နေသည်ကို တွေ့ရလေသည်။ သို့သော်ချစ်ကြသည် ဆိုသည့် အကြောင်း၏ သောင်းပြောင်းထွေလာ မရေမရာကို တစ်ချိန်သောအခါက အစ်ကိုလေးနှင့် နီးနှော တိုင်ပင်ခဲ့ဖူးသည် ထင်ပါသည် အစ်ကိုလေး။ ထိုစဉ်က အစ်ကိုလေးက ညီမောင့်ကို အချစ်ဆိုတာ ဒါပဲလို့ ဘယ်သူမှ တိတိကျကျ မပြောနိုင်တဲ့နောက် အစ်ကိုလေးလည်း ဘယ်လိုလုပ် ကောက်နှုတ် ချက်ချနိုင်ပါမလဲကွာ။ အချစ်စိတ် ဘယ်က စပေါ်တယ်။ ဘယ်အချိန်မှာ ပေါ်တယ်။ဘယ်တော့ ကုန်ဆုံးသွားတယ်ဆို တာလည်း ပြောဖို့ ခက်သကွာ။ မိုးကြိုး ဘယ်အချိန်မှာ ထစ်လိမ့်မလဲ လျှပ်စီး ဘယ်အချိန်မှာ ပြက်လိမ့်မလဲလို့ အကဲခတ်ရ ခက်သလိုပေါ့" ဟု ဝေ့လည်ကြောင်ပတ် ဖြေခဲ့သည်ဟု ညီမောင် စွပ်စွဲခဲ့မိပါသည်။ ယခုမှ ညီမောင်မှာ သည်းအုံညှာ တစ်ဝိုက်တွင် အချစ်မိုးကလေးများ တစ်ပြိုက် နှစ်ပြိုက် ရွာသွန်းစ ပြုပြီဖြစ်သဖြင့် အစ်ကိုလေး၏ စကားမှန်ကြောင်း သိပါရသည် အစ်ကိုလေး။

ပြောပါရစေတော့ အစ်ကိုလေးရေ

ထို့နေ့မှာ အစမ်း ကပြသည့် နေ့တစ်နေ့ဖြစ်ပါသည်။ ပရိသတ် မပါသော်လည်း ကိုယ့်လူစုနှင့်ကိုယ် ကြည့်ရှု ဝေဖန်သည့်ပွဲမို့ အလန့်တထိတ်ဖြင့် ကျွန်တော်တို့ ကပြကြရပါသည်။ ညီမောင်ပင်လျှင် တုန်တုန်ရီရီဖြစ် လေသော် ကြည်လွင် အဖို့ကား ပြောစရာမရှိတော့ပေ။ “အိ” လက်ကိုကိုင်သော သူ့လက်မှာ နတ်ပူး သကဲ့သို့ပင် ဖြစ်နေကြောင်းကို ညီမောင် တွေ့ရပါသည်။

မကြာချေ ညီမောင် အလှည့်သို့ ရောက်၍ လာ၏။

ညီမောင်နှင့် အိတို့ လှေခါးထိပ်မှ နေပြီး စုံတွဲဆင်း လာကာ အောက်ထပ်၌ စောင့်နေသော ကြည်လွင်ကို လာတွေ့ရန် အခန်း၌ ဖြစ်၏။ ကားလိပ် မဖွင့်မီ ညီမောင်နှင့် အိတို့သည် လှေခါးထိပ်တွင် တက်၍ နေကြရ၏။ ညီမောင်နှင့် အိတို့သည် ထိုအချိန်ကျမှပင် နှစ်ယောက်တည်း ဆုံတွေ့ ကြရ ၏။ ယခင် ဇာတ်တိုက်စဉ်က လူသူအများ ရှေ့တွင် ဖြစ်ပါသည်။ ယခုမူ မရှောင်သာတဲ့ လမ်းမြှောင်ကြား အသည်းတယား ဖြစ်ရမည့် ကိန်းနှင့် ကြုံတွေ့နေရသည်၌ ညီမောင်မှာ စောစောက ကြည်လွင် တုန်သကဲ့သို့ တဆတ်ဆတ် တုန်၍ နေပါသည်။

လှေခါးကျဉ်းကျဉ်း ကလေးထိပ်တွင် နှစ်ဦးသားယှဉ်၍ ရပ်နေရာ၌ အိထံမှ ထွက်ပေါ်လာသော ရေမွှေးနံ့ ကလေးများသည် ညီမောင်၏ စိတ်အာရုံကို ထွေပြားစေပါသည်။ အိ၌ ရေမွှေး အပြင်ပင် ကိုယ်က ချိုမြသော ကိုယ်ရနံ့ ကလေးတစ်မျိုး ရှိသည်ကိုလည်း ညီမောင် သတိထားမိပါ၏။ ညီမောင်သည် တဒိန်းဒိန်းခုန် နေသော ကိုယ်နှလုံးသားရှိရာ ရင်ညွန့်ကို လက်တစ်ဖက်ဖြင့် အသာ ဖိထားရ၏။ မိန်းမတွေနှင့် နှစ်ကိုယ်ချင်း တွေ့သည့် အခါတိုင်း ညီမောင် ဤသို့ ဖြစ်သည်ချည်း ဖြစ်ပါသည်။ လူရှေ့တွင် သတ္တိရှိ၍ လူ့နောက်ကွယ် ကျမှ သတ္တိဗလာ ဖြစ်တတ်သော ညီမောင်၏ စိတ်မျိုးကား ဆိုးသလား ကောင်းသလား မခွဲခြားတတ်ပါ။

ညီမောင်သည် အိ၏ ဆွဲအားကို မခံနိုင်တော့ သဖြ အိ၏ လက်မောင်း အိအိ ကလေးများကို လက်နှစ်ဖက် နှင့် ဆုပ်ကိုင်လိုက်ပါသည်။ အိသည် ငြိမ်၍ နေပါ၏။

"အိ"

အိသည် မထူးဘဲ နေမိပါ၏။

ညီမောင့်မှာမူ အူကြောင်ကြောင် ကြီးဖြစ်နေရပါသည်။ ရှေ့လည်း မဆက်တတ်ချေ။ ဖိုးစွံကြီးဝင်းအောင် ပွဲလယ်တင့်သောဝင်းအောင် ပါတီပွဲတွေမှာ ဇက်ရဲလက်ရဲရှိသည် ဟု နာမည်ကြီးသော ဝင်းအောင် . . .

ဝင်းအောင်ဆိုသည့် ညီမောင်မှာ ပိတ်ကားနောက်ကွယ်ကျလေသော် မဟန်သည့်အလုပ် နန်းဇာတိရုပ် ပေါ်ပါလေတော့သည်။ ညီမောင်သည် အိ၏ လက်မောင်း နှစ်ဖက်ကို ကိုင်ထားသည်မှပို၍ ရှေ့တဆင့် မတက်ရဲချေ။ နှုတ်ကလည်း "ချစ်ပါသည် နှမသယ်" ဟူသော သစ္စာထားမျိုးကို မပြောရဲပါ အစ်ကိုလေး...

သို့နှင့် ကားလိပ်ဖွင့်၏။ ညီမောင်တို့လည်း ဆင်း၍လာ ကြ၏။

ကြည်လွင်က ညီမောင် ၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ကာ အကဲခတ်ပါသည်။ သူ့သဘော ဘယ်လို ရှိသည်ကို ညီမောင် ချက်ကနဲသိလိုက်ပါသည်။ညီမောင်တော့ ကွဲပြီ ကွဲပြီဟု သူတစ်ထစ်ချ တွက်နေပြီဖြစ်၏။ ဇာတ်လမ်းသဘောအရ ကြည်လွင်သည် ညီမောင်တို့ကို လှေခါးခြေရင်းတွင် လာရောက်၍ နှုတ်ဆက်ကာ ပြုံးမဲ့မဲ့နှင့် စကားနာထိုးရမည်ဖြစ်၏။ သို့သော် လှေခါးမှ ဆင်းအလာတွင် ညီမောင်က တစ်ဖက်သား မခံချင်အောင် ပြုမူတတ်သူ ဖြစ်သည့်အတိုင်း မျက်စိတစ်ဖက် မှိတ်ပြမိရာ မူလက ညီမောင့် အပေါ် ရှိရင်းစွဲ အထင်ကြီးမှုသည် ကြည်လွင်၏ ရင်ထဲတွင် မဆန့်မပြဲ ဖြစ်လာပုံရသည်ထင့်။ ကြည်လွင်သည် စကားတွေ မှားပြီး ငိုမလို ရယ်မလိုကြီးဖြစ်၍ နေပါလေသည်။ အပျက်အပျက်နှင့် ကြည်လွင် အိအပေါ် တကယ် သစ္စာမိုးတွေ ရွာနေပုံရပါသည်။ မတတ်နိုင်ပေ။

ဇာတ်လမ်းအတိုင်းပင် ကြည်လွင်လည်း စိတ်ဆိုးမာန်ဆိုးနှင့် လှေခါးမှ ပြေးတက် သွားရ၏။ အိကလည်း အထင်လွဲသွားသော ကြည်လွင်ကို ရှင်းပြရန် လိုက်တက်ပြေးရ၏။ ညီမောင်မှာ ရင်မော နေမိပါသည်။ ထိုနေ့က ဝေဖန်သူ ပရိသတ်က ဩဘာပေးသည် ထင်သည်။

※※※

သင်းရနံ့ ထုံထုံမွှေး ကန့်ကော်လမ်းကလေးတွင် လမ်းလျှောက်ကြစဉ်က ဖြစ်ပါသည်။လှဲ့လှဲ့ဝင်းဝင်းကြီး သာ၍ နေသော လပြည့်ဝန်းကြီး၏ အလင်းရောင်ကြောင့် ကံ့ကော်ဝတ်မှုန်တို့ လေထဲတွင် ပျံ့ဝဲနေ ကြသည်ကိုပင် မြင်ရယောင်ရှိသည်။ ဝန်းကျင်ဆိတ်ငြိမ် ရာသီချိန် ဖြစ်ပေရကား "ကြည်နူးဖွယ်"သီချင်းကို တိုးတိုး ညည်းရင်း ညီမောင်တို့ အင်းဝလမ်းတွင် လမ်းလျှောက်ကြပါသည်။

ကြည်လွင်ကား ပင်ကိုယ်က စကားနည်းရသည့်အထဲ စိတ်လှုပ်ရှားမှု မုန်တိုင်းတို့၏ ရိုက်ခတ်ခြင်း ခံရသည်ကြောင့် သံပတ်ပေးထားသည့် စက်ရုပ်ကဲ့ သို့ လှုပ်မယှ်သာ လှုပ်နေရသည်။ အသက်မပါ သကဲ့သို့ ရှိသည်ကို တွေ့ရသည်။ ညီမောင်ကား ထုံးစံအတိုင်း စကားတွေ ဖောင်ဖွဲ့အောင် ပြော၍နေပါ၏။

ကြည်လွင်က စည်းလိုက်သကဲ့သို့ “အင်း” ချည်းလိုက်၍ နေလေသည်။

ညီမောင်တို့သည် အဓိပတိလမ်းဆုံရှိ အုတ်ခုံပေါ်တွင် ထိုင်လိုက်ကြပါသည်။ သို့ထိုင်လိုက်ခါမှပင် အောင့်အည်း ထားသမျှတွေကို“ဟင်း” ကနဲ သက်ပြင်းတစ်ချက်ဖြင့် ကြည်လွင် ဖြေဖျောက်လိုက်သံအား ညီမောင် ကြားရပါသည်။ ထို့ကြောင့်

“ဘာဖြစ်နေသလဲ ကိုယ့်ဆရာ ရဲ့”

သိလျက်နှင့် တမင်မေး ရ၏။

“မဖြစ်ပါဘူး”

လူအလူနကြီးကို ညီမောင် နောက်ပြောင်လိုသည့် ဆန္ဒ ပေါ်လာပါသည်။

“ကိုယ့်ဆရာ အိကို ချစ် နေသလား”

ကြည်လွင်သည် ညီမောင့်ကို ဆတ်ကနဲ လှည့်ကြည့်ပြီး “အလိုဗျာ ကျားသားမိုးကြိုး” ဟု ဆို၏။

“ကိုယ့်ဆရာ အိကို တကယ်ပဲ ချစ်နေသလား၊ မချစ်ဘူးလားဆိုတာ ကျွန်တော် မျိုးကြီး သိချင်တယ်”

ဘိန်းစကားတစ်လုံး ပစ်ဖမ်း လိုက်သောအခါ ကြည်လွင်သည် “ဘာဖြစ်လို့လဲဗျ” ဟု ညောင်စာစာ အသံဖြင့် မေးလေသည်။

"အင်"

ကြည်လွင်က “တအင်အင်” ဖြစ်နေသောကြောင့် ညီမောင်လည်း “ဟိုနေ့ည အစမ်းကပြတုန်းက အိနဲ့ ကျွန်တော်မျိုးကြီးနဲ့ ထိမလို ငြိမလို ဖြစ်မိကြတယ်ဗျ။ ကိုယ့်ဆရာက“တကယ်” ဖြစ်နေရင်တော့”ဟု မထိတထိစကြည့်လိုက်ပါသည်။

“အမယ်လေးဗျာ သနားသဖြင့် ရှောင်ပေးမယ် ဆိုပါတော့ မလိုပါဘူး”

ညီမောင်လည်း အောင့်ထားရသမျှ မနေနိုင်တော့ဘဲ “တဟားဟား” အော်ရယ် လိုက်မိတော့ကာ “အလကား နောက်တာပါဗျာ”ဟု ဆို လိုက်ရပါသည်။

ထိုညက ကျောင်းဆောင် ပြန်ရောက်ပြီး အိပ်ရာဝင်ကြရာတွင် ညီမောင်က ကြည်လွင်ထက် အစောကြီး အိပ်ပျော်ခဲ့၏။ တရေးနိုး၍ ကြည်လွင်၏ ကုတင်ခေါင်းရင်း မီးတိုင် မီးလင်းနေသည်ကို တွေ့ရသဖြင့် အသာကဲ ကြည့်မိရာ ပီမိုးနင်း၏ “အချစ်လမ်းညွှန်” ကို သဲသဲမဲမဲကြီး ဖတ်နေသော ကြည်လွင်ကို

တွေ့ရပါသည်။

သို့နှင့် ညီမောင်တို့၏ တစ်ပိုင်းပြဇာတ် ပါဝင်သော အနုပညာအသင်း၏ ပဒေသာကပွဲကြီးလည်း ချောမောစွာ ပြီးမြောက်သွားပါ၏။ ညီမောင်တို့၏ "ဒွေးညီနောင်" ပြဇာတ်လည်း တက္ကသိုလ်လောက၌ အတော်ကလေး ရေပန်းစား၍ သွားပေသည်။ "အိ" ကို အလှဒေကရီကလေးဟု ဘွဲ့ပေး၍ ညီမောင့်ကို "ကြောင်သိုး" ဟုဆိုပေကာ ကြည်လွင်ကိုမူ "လူအ" ဟု သမုတ်ကြပါ သည်။

ကပွဲပြီးသွားသော်လည်း ညီမောင်နှင့် အိတို့၏ ဆက်ဆံ ရေးကား တန်ရပ်မသွားဘဲ ယခင်ကကဲ့သို့ ရှိမြဲတိုင်း ရှိပါသည်။ "အိ"သည် မော်လမြိုင်သူကလေး တစ်ယောက် ဖြစ်သောကြောင့် ထွေးထွေးအိအိ တစ်တစ် ရစ်ရစ်ကလေး လှသူ ဖြစ်ပါသည်။"ရွှေမြိုင်ကအစား" ဟု နာမည်ကြီးပေသော်လည်း စကားအရာ၌ အိသည် လိမ္မာလွန်းလှပါသည်။ ညီမောင်၏ အထူးထူးအသွယ်သွယ် စကားပရိယာယ်တို့ကို ကောင်းစွာ ခုခံကာကွယ် တတ်သူဖြစ်ပါသည်။ သို့သော်လည်း ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူ ဖြစ်ပေရကား ညီမောင်၏ လူရှေ့ သူရှေ့ ချစ်ပြီးကြိုက်ပြီးလေဟန် ပိုင်စိုးပိုင်နင်းလေသံ တို့ကိုမူ တစ်ရံတဆစ်မျှ ကန့်ကွက်ခြင်းမရှိဘဲ ရယ်ကျဲကျဲ နေမြဲ တိုင်းနေတတ်သည်ကို တွေ့ရပါ၏။ တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်၍ နေသော "အိ"နှင့်ကျမှ ညီမောင်မှာလည်း နေမထိ ထိုင်မထိ မချိတယိများပင် ဖြစ်ရပါသည်။

သို့ရာတွင် ခက်သည်ကား နှစ်ကိုယ်ချင်းတွေ့မှ လူရှေ့သူရှေ့တွင် အထင်ကြီးအောင် ဒေါင်တင်ထားသော ဟန်ကြိုးတို့ လျော့တိ လျော့ခွေဖြစ်ပြီး မလုပ်တတ် မကိုင်တတ်၊ မပြောတတ် မဆိုတတ် ဖြစ်သောကြောင့် "အိ"က အခွင့်အရေးများ ပေးပေသော်လည်း ညီမောင့်မှာ မိမိအပြစ်နှင့်မိမိ မဟာလာဘ်ကြီးများနှင့် လွဲခဲ့ ရပါသည်။ ယင်းသည့်အတွက် လူပျင်း၊လူဖျင်းတို့၏ ဆင်ခြေအတိုင်း "ပဗ္ဗတတောင်ခြေသိန္ဓေ တဖြေးဖြေး ပဲပေါ့" ဟူသော စကားနှင့် ကျေနပ်နှစ်သိမ့်ကာ နေလိုက်ရပါသည်။

"ဝင်းအောင်တို့ကတော့"အချစ်" ဆိုတဲ့ အကြောင်းမှာ နောကေ နောကျေနေပါပြီဗျ။ မိန်းမတစ်ယောက်ကို အချစ်စစ် အချစ်မှန်နဲ့ ချစ်လို့လည်း မရတော့ပါဘူး။ ရှင်းရှင်းပြောရရင် သာယာမှု ရှာတာပဲရှိတယ်။ မိန်းမများ ဘယ်တော့မှ ယူဖို့လည်း စိတ်မကူးတော့ဘူး။ အဲ ပွေဖို့တော့ ဝန်မလေးဘူး ပေါ့ဗျာ။ ရှေ့ပတ္တမြား ရှေ့နဂါး ဆိုရင်တော့ အဲဗားရဲဒီပဲပေါ့"

ကြည်လွင်နှင့် စကား စပ်မိလျှင်သော်လည်းကောင်း၊ အခြား မိတ်ဆွေ သူငယ်ချင်း များနှင့် စကားဖောင်ဖွဲ့ မိကြလျှင်သော် လည်းကောင်း၊ ယင်းသို့ မလျှော့ရေးချ မလျှော့ထဲက စကားမျိုးကိုကား ပြောဆဲ ပြောမြဲပင် ရှိပါသည်။ ထို

အပြောမျိုး ထိုသဘောမျိုး ကြောင့်လည်း “ဝင်းအောင်” ဟူ၍ နာမည်ကြီးခဲ့သည် ဖြစ်ရ ကား ညီမောင် လက်သုံး စကားအဖြစ်မှ မစွန့် ပယ်နိုင်ခဲ့ပါပေ။

ညီမောင်ကဲ့သို့သော လူစားမျိုးမှာ အကယ်သတ္တု စေ့စေ့ငုငု သတ္တုချကြည့်လိုက်လျှင် နတ်ဝင်သည်များနှင့် တူပါပေ၏။ အကယ် မရှိသော နတ်နှင့် အခြားတစ်ပါး သူကို လှဲ့ခြောက်ရန် ကြံစည်ရင်းက တစ်စထက်တစ်စ ကိုယ်ဖန်တီးသော နတ်ကိုပင် ကိုယ် အစစ်ထင်မှတ်ပြီး အဟုတ် တတယ် ကိုးကွယ်လာ သူကဲ့ သို့ညီမောင်တို့ တစ်ထပ်တည်းတူ၍ နေပါသည်။ ညီမောင်သည် ဟန်ဆောင် တတ်၏။ ကြာသော် ထိုဟန်ဆောင်မှုကိုပင် ကိုယ့်ပင် ကိုယ်ဟန်ကြီးထင်ပြီး စိတ်ကြီးဝင်၍နေသူ ဖြစ်ပါသည်။ ဟန်ဟူသော အရေခွံကို ခွာလေသော် အဆံချည်း ကျန်ပေသည်တကား။

※※※

"အင်ပေါင် မင်းဇာတ် လမ်းကလည်း အရူးအိပ်မက် လို ကဘောက်တိ ကဘောက် ချာကြီးပါလား” ဟူ၍ အစ်ကိုလေး မှတ်ချက် ချချင်နေပါလိမ့်မည်။

မှန်ပါသည် အစ်ကိုလေး။

ညီမောင်၏ အဖြစ်မှာလည်း ကဘောက်ထိ ကဘောက်ချာ ဖြစ်ကတတ် ဆန်းနိုင်လွန်းလှပါသည်။

တစ်နေ့သော အခါတွင် ညီမောင်သည် ဘဝဇာတ် ဆရာက ကျိန်ဒဏ်ခတ်ခြင်းကို ခပ်မြက်မြက်ကလေး ခံစား လိုက်ရပါသည်။ ရုတ်တရက် ကျလာသော ကျိန်ဒဏ်မျိုးမို့ ညီမောင်မှာ အံ့အားကြီးများ သင့်ရပါသည်။ ရယ်လည်း ရယ်မောမိပါသည်။ ပြီးမှ မျက်ရည်စက်လက် ထွက်ရသည်ပေါ့ အစ်ကိုလေး။

စာမေးပွဲများ စတင်တော့မည် ဖြစ်၍ ညီမောင်တို့လည်း အသီးသီးအသက အသက ခြေငြိမ်စပြုလာကြ ပါသည်။ ညီမောင်က ခြေငြိမ်ခါမှပင် ကြည်လွင်က တစ် စခန်း ထပါ၏။ အဝေရာနဲ့ သင်းသင်းကလေးကို အာခံတွင်းတွင် မျိုဆို့ကာ ပြန်လာတတ်သော ကြည်လွင် ဖြစ်၍ နေပါ၏။ ညီမောင်က အံ့ဩတကြီး နှင့် အကြောင်းကို မေးသောအခါ ကြည်လွင်သည် ခေါင်းကိုသာ ခါရမ်းပြပါသည်။ ဖိုးလူအကြီး အသည်းဝေဒနာ ခံစားပြီဖြစ်၏။ အဘယ်သူသည် တရားခံနည်း။

“အိကြောင့်လားဗျ”

သောက်၍ ပြန်လာဖန် များသောအခါ ညီမောင်က ကြည်လွင်ကို မေးရ၏။ ကြည်လွင်သည် ဦးမင်းကျော် မျက်လုံးများနှင့် ညီမောင့်ကို ပြန်ကြည့်ပြီး မဖြေဘဲနေလေသည်။ ကျူတာပေါက်စဖြစ်၍ အနေအထိုင် ဆင်ခြင်ရန် ညီမောင်က

သတိပေးသော အခါ၌ မျက်ရည်လည်ရွဲနှင့် ခေါင်းညိတ်ပြလေသည်။ သို့သော် အကြောင်းရင်း ကိုကား ဖွင့်ဟ မတိုင်ပင်ချေ။ ဤတွင် ညီမောင်၏ ဝမ်းထဲမှ ပုဏ္ဏားကလေးက "အိကြောင့်ပါဗျာ အိကြောင့်ပါ" ဟု ညီမောင်ကို ပြောပြပြန်ပါသည်။ ကြည်လွင်သည် အိ၏ အချစ်ကိုများ သွား၍ တောင်းခံလေသလား။ အိက ငြင်းဆန်၍ နင်းကန် အရက်သောက်ခြင်း ဖြစ်လေသလား။ ဖိုးလူကို အိက လှည့်ပတ်မပြောဘဲ တုံးတိကြီး မဖြစ်နိုင်ကြောင်း ပြောလွှတ်လိုက်၍ ခမျာတွင် အသည်းမှာ နာကျင်သော ဝေဒနာကို ခံစားရသည် ဖြစ်ပေမည်။ ကြည်လွင့် အတွက် ညီမောင် မသက်မသာ ဖြစ်ရပါသည်။ ညီမောင်တို့ ကျတော့လည်း မလယ်ရှုပ်မို့ တစ်မျိုး ကြည်လွင် ကျတော့လည်း ထုံလွန်း အလွန်း၍မို့ တစ်မျိုး လောကတွင် အဆင်မပြေတာတွေ ချည်းတွေ့ကြ ကြုံကြရပါသည်။ မည်သို့ပင်ဖြစ်စေ ညီမောင်တို့ ကဲ့သို့သော ရှုစ်စပ်က လယ်သူများအဖို့ အသည်း ဝေဒနာကို သာမန်ကာလျှံကာ အဖြစ် ထားရှိနိုင်သော်လည်း ရိုးရိုး အအကြီး ကြည်လွင်တို့ အဖို့ လူမမာ မခံချိ ဖြစ်စရာပင်ဖြစ်၏။ တတ်တဲ့ပညာ မနေသာဆို သလို ဆေးကုပေးရန် တာဝန်မှာ ညီမောင့်တွင် ရှိ၍ လာ၏။

ညီမောင်သည် နောက်တစ်နေ့တွင်ပင် "အိ" ရှိသော အဆောင်ကို မြန်းခဲ့၏။ အိက "စာမေးပွဲပြီးမှ လာလည်မယ် ဆိုပြီး အခုဘာဖြစ်လို့ လာရတာလဲ ကိုဝင်းအောင်ရဲ့" ဟု ပြုံးစစ မေး၏။

"အရေးတကြီး ကိစ္စ ရှိလို့ပါ အိရာ"

အိသည် ညီမောင့်ကို အကဲခတ်သလို တစ်ချက် ကြည့်လိုက်ပြီးမှ "ဆိုစမ်းပါဦး" ဟု သံမှန်နှင့် ထောက်လိုက်၏။

"ကြည်လွင့် ကိစ္စပေါ့ အိရာ"

အိသည် မျက်လွှာကို ချထားလိုက်ကာ သက်ပြင်းရှည်ကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်လေသည်။ ညီမောင်ကလည်း အခွင့်သာပြီဖြစ်၍ လည်ချောင်းတစ်ချက် ရှင်း လိုက်ရ၏။ ပြီးမှ "ကြည်လွင် အသည်း ဝေဒနာကို အရက်နဲ့ ကုနေတယ်။

သူက ဖွင့်မပြောပေမယ့် ကိုယ်ကတော့ အိကြောင့်လို့ ထင်တယ်။ အိက မဖြစ်နိုင်ဘူးလို့ ပြောလိုက်မှာပဲ မဟုတ်လား အိ။ သူ့ကို မချစ် နိုင်တာကတော့ မဆန်းပါဘူး။ ဒါပေမယ့် ခမျာက အသည်း သားနုသေးတော့ နားဝမှာ အခံရခက်ပြီး အသည်း အက်တယ်နဲ့ တူတယ် အဲဒါကြောင့်"

"နေပါဦး ကိုဝင်းအောင်"

ညီမောင်၏ စကားထက် ပိုင်းကို လမ်းခုလပ်တွင် "အိ" ကဝင်၍ ထိုးဖြတ်လိုက်သဖြင့် ညီမောင်လည်း "အိ"ကို နားမလည်သဖြင့် ကြောင်ငေးငေးကြီး ကြည့်လိုက်ပါသည်။

"ကိုဝင်းအောင်ကို ကိုကြည်လွင်က ဘာပြောသလဲ"

အိသည် ယခင်ကကဲ့သို့ ကြောင်စီစီ ဖြစပ်စပ်ကလေး မဟုတ်တော့ဘဲ တည်ငြိမ်စွာ မေးသဖြင့် "ဘာမှတော့ မပြော ပါဘူး အိ" ဟု အမှန်အတိုင်း ဖြေကြားလိုက်ရ၏။ ထိုအခါ အိသည် ညီမောင်မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်၍နေ လေသည်။ ညီမောင့်မှာ အိ၏ အမူအရာကို ပို၍ပို၍ နားမလည်နိုင်အောင် ဖြစ်ရသဖြင့် အောင့်သိအောင့်သက်ဖြစ်၍ နေပါသည်။ အိသည် အတန် ကြာ မျက်လွှာမချဘဲ ညီမောင့်ကို ကြည့်၏။ ညီမောင်လည်း စိတ်တိုတိုနှင့် ပြန်၍ ဘုကြည့် ကြည့်မိပါသည်။

အိ၏မျက်နှာသည် တည်ငြိမ်ရာမှ တဖြေးဖြေး ရယ်ရှိန်ပြေး၍လာကာ သန္တာသွေးပွင် လွှာချပ်ကလေးများကို ဖွင့်ဟကာ ခပ်ဆဆကလေး ရယ်ပစ်လိုက်၏။ ပြီးမှ ညီမောင် မမျှော်လင့်သော စကားများကို ဆိုလိုက်ပါသည် အစ်ကိုလေး ရေ။

"ကိုကြည်လွင်ဟာ အတော်ခက်တယ် ကိုဝင်းအောင်ရဲ့၊ ဟို ဒွေးညီနောင် ပြဇာတ်ကရတဲ့ ညကပဲ လှေခါး ထိပ်ပေါ်မှာ သူကချစ်ရေးဆိုလို့ အိကပဲ အင်းလို့ပြောခဲ့ပြီးပြီ။ ကိုယ်တော်ချောက "အင်း" တစ်လုံးနဲ့ မကျေနပ်သေးခင် စေ့စပ်ကြောင်းလမ်းဖို့ချည်း ပြောနေတယ်။ အိကလည်း ဥပစာအောင်ပြီးမှ လုပ်မယ်လို တင်းခံခဲ့တာ။ အဲဒါကြောင့် သူ စိတ်ညစ်ပြီး အရက်သောက်တာပါ ကိုဝင်းအောင်ရာ။ ဒီလိုတော့ ဆန္ဒမပြနဲ့ မရဘူးလို့၊ အိက အရက်သမားကိုဆို မကြိုက်ဘူးလို့ အဲဒီလူကြီးကို ပြောလိုက်စမ်းပါ ကိုဝင်းအောင်ရယ်။ အိအချစ်ကို ယုံစမ်းပါလို့" တဲ့ဗျ။

※※※

ယခုတော့ သူတို့ စေ့စပ်ကြောင်းလမ်းခြင်းများလည်း သတင်းစာထဲမှာပါပြီးတာ အတော်ကြာမြင့်ခဲ့ပြီ ဖြစ်ပါ သည် အစ်ကိုလေး။

လှေသူကြီးမင်း ညီမောင် မှာလည်း မကွဲဘူး မကွဲဘူးနှင့် အသည်းတွေ ကျိတ်ကွဲကာ အတော်ကလေး အလူးအလိမ့် ခံလိုက်ရပါသည်။ ဒါကိုပင် အချို့က "ဝင်းအောင်က ကြည်လွင့်ဘက် လှည့်ထိုး ပေးလိုက်တာပါ" ဟု တစ်လွဲတချော် တွေးကာ ပြောကြပါသေးသည်။ ရယ်ဖွယ်ရာပင် ကောင်းလှပါသည်။

အဘယ်ကြောင့် ညီမောင် ကျန်ရစ်ဖြစ်ရသည် ကို ဆန်း စစ်ကြည် ပါရလျှင်

ညီမောင်ကဲ့ သို (Public Display)လူရှေ့တွင် မြာစွံ သည်ဟု ထင်မှတ်ခံရအောင် အပြုအမူမျိုး များများလုပ် သူသည် တကယ်တော့ မိမိမစွမ်းခြင်းကို အများမသိအောင် ဟန်ဆောင်မှုများနှင့် ဖုံးဖိထားကြသူ များဖြစ်ပါသည်။ တကယ်တမ်း ကောက်ရိုးပုံဘေး အေးသာတို့နှင့် တွေ့ကြလျှင် ညီမောင်တို့သည် ဘယ် ခြေလှမ်းရမည်မှန်း မသိသူတွေသာ ဖြစ်ကြပါသည်။ ထို့ပြင် စိတ်တစ်ဝက်ကလည်း တစ်ပါးသူကို အထင်သေး တတ်ကြပါ သေးသည်။

ကြည်လွင်တို့ကား ထုံပါ၏။ အပါ၏။ နပါ၏။ မိမိ ကိုယ်ကို မိမိထုံမှန်း၊ အမှန်း၊ နမှန်းသိ၍လည်း ခမျာများသည် ချစ်သူက ပြန်ချစ်လာအောင် အချိန်ရှိသရွေ့ ကျိတ်ကာ ကြံဆရသည်။ ရဲဆေး တင်ကြရသည်။ လိုလျှင် ကြံဆ နည်းလမ်းရဆိုသည့် အတိုင်း ကြောက်သည့် ရွံ့သည့်ကြားက သူတို့တွေ နည်းလမ်းရကြ၏။ မထင်ဘဲနှင့် ဆင်ကဲဖြစ်ကြ၏။

ယခုမှ ညီမောင် အတွေး ပေါက်လိုက်ပါသည်။ သို့သော် ကိစ္စကား လွန်လေပြီ။

အစ်ကိုလေးတို့နှင့် အသံလွှင့်ရုံတွင် တွေ့တုန်းကမူ “အိ” နှင့် ဇာတ်လမ်းသည် ညီမောင့် အတွက် စခန်းသိမ်း သွားပြီ ဖြစ်ပါသည်။ သို့ရာတွင် ညီမောင်သည် ဟိုပင်သည်ပင် ကူးတတ်သော မျောက်လွဲကျော် ဖြစ် ပေရကား ညီမောင်ဝိသုကြုံ အဖြစ် လိုက်ပို့သော “ဂီတနှမ်းပတ်ချဉ်” အဖွဲ့မှ အဆိုတော် ညိုပြာညက် ကလေးနှင့် ဘာကလိုလိုဖြစ်၍ နေပြီဖြစ် ပါသည်။

သို့သော်လည်း ထိုအဖွဲ့ တွင်ပင် ထုံသလို အသလိုနှင့် အရယူမည့် ကြည်လွင်တို့ ကဲ့သို့သော စန္ဒရား ဆရာကလေး တစ်ယောက်ပါ၍ နေပါ၏။ ညီမောင့်မှာ မချင့်မရဲ လိပ်ခဲ တင်းတင်း ဘဝက မကျွတ်နိုင်သေးပါ။ ကံ့ကော်လမ်းကလေး များပေါ် တစ်ယောက်တည်း လျှောက်ရ ပေဦးမည် အစ်ကိုလေးရေ။ ယနေ့ နက်ဖြန် ဆိုသလို တက္ကသိုလ်လည်း ပြန်ဖွင့်တော့မည် ဖြစ်သောကြောင့် ညီမောင်၏ ပင့်ကူအိမ် ချစ်ဝက်ံပါကိုလည်း ပြန်၍ ဖွင့်လှစ် ဆန်းစစ်ရပေဦးမည်။

ရေပေါ်လျှပ်တိုက် မပြေးဘဲ ကျောက်ဆူး ချချင်ပြီလား အစ်ကိုလေးရေ . . .

ဟော ရေးရင်ကပင် လမ်းတစ်ဖက် လက်ဖက်ရည် ဆိုင်ရေဒီယိုမှ သီချင်းတစ်ပုဒ် လာ၍နေသည်။

“ထုံတုံတုံ အတတ ဝွကျတဲ့ ကိုလူပျို၊ ချစ်ရေးစလို့ ချစ်ရေးစလို့ သူက မဆို” တဲ့။

သည်တွင် ညီမောင့်မှာ ငယ်စဉ်က သင်ကြားခဲ့ရသည့် ပုံပြင်မှ လက်ာအစ ကလေးကို သွားသတိရ မိပါသည်။ "ယုန်နှင့် လိပ်ကို ပုံပြဆို ထိုထို မှတ်ကြရန်" တဲ့။

ဝင်းဦး

Whisper Of Words